Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

The Lightning Newsletter

အမှတ် (၅၇) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက် | နှစ်သစ်ကူးအထူးထုတ် | ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

**ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ**

# စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှုကို စွဲမြဲစွာ ဆုပ်ကိုင်မည်
# (၁၃) ကြိမ်မြောက် ကရင်အမျိုးသားအစည်းအရုံးညီလာခံ အောင်မြင်စွာ ပြီးဆုံး



(၁၃)ကြိမ်မြောက် ကရင်အမျိုးသားအစည်းအရုံးညီလာခံကြီးအပြီး ကရင်အမျိုးသားခေါင်းဆောင်များအား တွေ့မြင်ရစဉ်။

ကရင်အမျိုးသားအစည်းအရုံးကြီး၏ (၁၃)ကြိမ်မြောက်ညီလာခံကို ကော်သူလေး ပြည်နယ်အတွင်းရှိ အခြေခံဒေသတနေရာ၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာ (၁၈)ရက်နေ့မှ ဒီဇင်ဘာ (၈)ရက်နေ့အထိကျင်းပခဲ့ရာ ကိုယ်စားလှယ် ပေါင်း(၁၄၀)နှင့် လေ့လာသူ(၄၃)ဦး တက်ရောက်ကြပြီး၊ ကရင်အမျိုးသားများ၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး၊ စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟူသော အခြေခံ နိုင်ငံရေးဦးတည်ချက်များကိုချမှတ်ခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် အဖိနှိပ်ခံ တိုင်းရင်းသားလူမျိုးများ၊ ဒီမိုကရေစီအင်အားစုများနှင့် စွဲမြဲစွာလက်တွဲ၍ တိုက်ပွဲဝင်သွားရန်လည်း ဆုံးဖြတ်ခဲ့သည်ဟု ဆိုသည်။

ယင်းညီလာခံကြီးတွင် ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာ၊ လုပ်ငန်းအစီရင်ခံစာများကို အတည်ပြုနိုင်ခဲ့ပြီး ကေအဲန်ယူ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြေခံနိုင်ငံရေး စည်းရုံးရေးလမ်းစဉ်နှင့် ရှေ့လုပ်ငန်းစဉ်များကို တညီတညွတ်တည်း ချမှတ်သိနိုင်ခဲ့သည်ဟု သိရသည်။ ယင်းညီလာခံကြီးမှ ဗဟိုကော်မတီဝင်(၃၀)ဦး၊ အရံဗဟိုကော်မတီဝင် (၁၅) ဦးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(၁၁)ဦးကိုလည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့သည်။ ကေအဲန်ယူ ဥက္ကဋ္ဌ စောဘသင်စိန်၊ ဒုဥက္ကဋ္ဌ စောတာမလာဘော၊ အထွေထွေအတွင်းရေးမှူး မန်းရှာလားဖန်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) စောတူးတူးလေးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) စောဒေးဗစ်တာကပေါ်တို့အား အသီးသီးရွေးချယ်တင်မြှောက်ခဲ့သည်။ ထူးခြားချက်မှာ CEC အဖွဲ့ဝင် အရေအတွက် ပိုမိုတိုးမြှင့်လာပြီး၊ စောမူကျူးစေးဖိုး ဖူးကစယ်ဒို၊ ဒေးဗစ်ထော၊ စောရောဂျာခင်၊ နော်စီဖိုးရာစိန်၊ စောလှဟင်နရီတို့မှာ CEC အဖြစ်တာဝန်ယူရသဖြင့် ကေအဲန်ယူ၏လုပ်ငန်းများ ပိုမိုသွက်လက်လျင်မြန်လာမည်ဟုယူဆရသည့်အပြင်၊ အမျိုးသမီးနှင့် လူငယ်ကိုယ်စားပြုခေါင်းဆောင်များ ထိပ်ပိုင်းမူဝါဒရေးရာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် အဖွဲ့တွင် ပါဝင်လာသဖြင့် ကေအဲန်ယူနှင့် ညီညွတ်ရေး ပိုမိုအားကောင်းလာဖွယ်ရှိကြောင်း အကဲခတ်တဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောဆိုသည်။

ကေအဲန်ယူ၏ လုပ်ငန်းဌာနအသီးသီးကို ရွေးချယ်တင်မြှောက်ကြရာ ကာကွယ်ရေးဌာနအား ဗိုလ်ချုပ်ကြီး စောဘိုမြနှင့် ဖဒိုစောဘသင်စိန်တို့မှ ပူးတွဲတာဝန်ယူကြသည်။ စည်းရုံးရေးနှင့် ပြန်ကြားရေးဌာနအား ဒေးဗစ်တာကပေါ်၊ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန၌ စောရောဂျာခင်၊ ပညာရေးဌာန၌ ဆရာလှစော၊ လယ်ယာနှင့် စိုက်ပျိုးရေးဌာန၌ စောသူသေခေါ်၊ သစ်တောဌာန၌ ဖူးကစယ်ဒို၊ မိုင်းဌာန၌ ဖူးကစယ်ဒို၊ ဘဏ္ဍာရေးဌာန၌ စောဆေးဆာ၊ လမ်းပမ်းဆက်သွယ်ရေးဌာန၌ စောဆေးဟာ၊ နိုင်ငံခြားရေးဌာန၌ ဖဒိုဘသင်စိန် မဟာမိတ်ဆက်ဆံရေးဌာန စောတူးတူးလေး၊ ငါးဖမ်းလုပ်ငန်းဌာန၌ မန်းရှာလဖန်း၊ ဥပဒေဌာန၌ စောလှဟင်နရီနှင့် တရားသူကြီးချုပ်အဖြစ် ဖဒိုမန်းတို့က အသီးသီးတာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။



(၁၃)ကြိမ်မြောက် ကရင်အမျိုးသားအစည်းအရုံးညီလာခံကြီးမှ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဥက္ကဋ္ဌ စောဘသင်စိန်



(၁၃)ကြိမ်မြောက် ကရင်အမျိုးသားအစည်းအရုံးညီလာခံကြီးမှ ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယ ဥက္ကဋ္ဌ စောတာမလာဘော

ကရင်အမျိုးသားအစည်းအရုံးကြီးသည် ၁၉၄၇ ခုမှ စတင်၍ လက်နက်ကိုင်တော်လှန်ရေးကို ယခုတိုင်ဆင်နွှဲနေသည့် အင်အားအကြီးမားဆုံးသော လူမျိုးစုအဖွဲ့အစည်းကြီးတခုဖြစ်သည်။ ရှစ်လေးလုံးနောက်ပိုင်းတွင် ကရင်အမျိုးသားရေးသာမက၊ တနိုင်ငံလုံး အတိုင်းအတာနှင့် အဖိနှိပ်ခံပြည်သူတရပ်လုံး၏အကျိုးစီးပွားကို ရပ်ခံလုပ်ဆောင်ခဲ့သောကြောင့် မြန်မာပြည်သူများအကြားတွင်သာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ အာရုံစိုက်လေးစားခံရသော အဖွဲ့အစည်းကြီးဖြစ်သည်။ ကြံ့ခိုင်သန်စွမ်း၍ အတွေ့အကြုံ ကြီးမားသော ခေါင်းဆောင်များ၏ ဦးဆောင်မှုကြောင့် မြန်မာ့အနာဂတ်ရေးကိုဆုံးဖြတ်ရာတွင် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ယခုအချိန်တွင် နအဖနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ဆက်လက် ဆွေးနွေးနေဆဲဖြစ်သည်။ ကေအဲန်ယူ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တွင် (ကေအဲန်ဒီအို၊ ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ မပါ) အင်အားတသောင်းကျော်ဖြင့် လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိသည်။

ရှစ်လေးလုံး နောက်ပိုင်းတွင် လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာပြီး ယခုတိုင် ကေအဲန်အယ်လ်အေနှင့် တွဲဖက်တိုက်ပွဲဝင်နေသည့် ကျောင်းသားတပ်မတော်ရဲဘော်တဦးက "ကရင်အမျိုးသားအစည်းအရုံးဟာ ဥယျာဉ်မှူးနဲ့တူပါတယ်၊ ကျနော်တို့အပါအဝင် ဒီမိုကရေစီအဖွဲ့ အစည်းတွေရဲ့ ရပ်တည်ရေး ရှင်သန်ရေးကို ကြီးကြီးမားမား အထောက်အကူပြုခဲ့ပါတယ်"ဟု မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

❖

## ၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့ မတိုင်မီ တွေ့ဆုံဆွေးနွေးရန် အဲန်အယ်လ်ဒီ ဥက္ကဋ္ဌမှ နအဖ ဥက္ကဋ္ဌထံ စာရေးပေးပို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အဓိကထားပြောကြားခဲ့ခြင်းနှင့် နိုင်ငံရေးပါတီများက ခံယူထားသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးဟူသောရည်ရွယ်ချက်များမှာ အနှစ်သာရအရ တူညီမှုရှိနေကြောင်း၊ တွေ့ဆုံဆွေးနွေးရေးမှာ သူမနာ ကိုယ်မနာလမ်းစဉ်ဖြစ်သဖြင့် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့မတိုင်မီ တွေ့ဆုံဆွေးနွေး အဖြေရှာရန်ဟူ၍ ဒီဇင်ဘာလ (၂) ရက်နေ့ နေ့စွဲနှင့် အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးအောင်ရွှေ လက်မှတ်ရေးထိုးလျက် နအဖဥက္ကဋ္ဌ ဗိုလ်သန်းရွှေထံ ပေးပို့သည့် စာပါအကြောင်းအရာများကို ဒီဇင်ဘာလ(၇)ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အဲန်အယ်လ်ဒီ ဗဟိုလုပ်မှုဆောင်အဖွဲ့က ဒီဇင်ဘာလ(၉)ရက်နေ့ နေ့စွဲဖြင့် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းထုတ်ပြန်ကြေညာချက်ပါ ပေးစာတွင် အဖွဲ့ချုပ်မှ လုပ်ငန်းစဉ်မူ (၇) ချက်ကို ထပ်မံ အတည်ပြုဖော်ပြခဲ့သည်ကိုတွေ့ရှိရသည်။ ဗိုလ်သန်းရွှေ၏ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ(၁၇)ရက်နေ့ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် အစည်းအဝေး၌ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်အချို့ကို ကိုးကားဖော်ပြထားသည်။ ဤပေးစာအားလည်း "ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ"ကလည်း သဘောတူသည်ဟု ပါရှိသည်။

အဲန်အယ်လ်ဒီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို အစဉ်တစိုက် တောင်းဆိုခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဖွဲ့ချုပ်က ပွင့်လင်းရိုးသားမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေး၊ တမျိုးသားလုံးပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းချောမွေ့သောနည်းကို

စာမျက်နှာ (၅) ကော်လံ (၁) သို့ ...

## မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# လူထုပါတီ အဲန်အယ်လ်ဒီ ဘာဆက်လုပ်မလဲ

"၂၀၀၅ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွက်ကျရောက်မည့် လွတ်လပ်ရေးနေ့အခါ သမယမတိုင်မီ တွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်သင့်ကြောင်း" ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့တွင် အဲန်အယ်လ်ဒီ ဥက္ကဋ္ဌဦးအောင်ရွှေမှ၊ နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စာရေးသားပေးပို့ခဲ့ကြောင်းကို ဒီဇင်ဘာ(၉)ရက်နေ့စွဲဖြင့်ထုတ်ပြန်သော NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကြေညာချက်အရ လေ့လာသိရှိရပေသည်။

ယင်းထုတ်ပြန်ကြေညာချက်တွင် ပါရှိသည့်အကြောင်းအရာများကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPP)ကလည်း သဘောတူကြောင်း အတိအလင်းကြေညာထားသည်ကို တွေ့ရသည့်ပြင် နိုဝင်ဘာ(၁၅)ရက်နေ့ကကျင်းပခဲ့သည့် (CRPP)အစည်းအဝေးက ယင်းသို့ နအဖဥက္ကဋ္ဌထံရေးသားပေးပို့ရန်ဆုံးဖြတ်ခဲ့သည်ဟု NLD အတွင်းရေးမှူး ဦးလွင်ကပြောဆိုခဲ့သည်။ မှန်ပေသည်။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးသည် NLD သာမက လူမျိုးစုံပြည်သူများ အပါအဝင် အဖိနှိပ်ခံပြည်သူတရပ်လုံး၏ အာသာငန်းငန်းလိုလားတောင့်တချင်ခြင်းတက်နေသည့် ဩဇာခေတ်ဖြစ်သည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှလည်း ထပ်ခါတလဲလဲတောင်းဆိုနေသော တောင်းဆိုချက်လည်းဖြစ်သည်။

ဤနေရာ၌ ဒီဇင်ဘာ(၂)နေ့ပါ NLD ၏တောင်းဆိုချက်သည် နအဖ/နဝတ အား ပထမဦးစွာတောင်းဆိုသည့် တောင်းဆိုမှုမဟုတ်သည်ကို ပြည်သူလူထုက သတိမူမိကြပြီးဖြစ်သည်။ တောင်းပြီး ပြီးတာပဲ ဘာမှဖြစ်လာမှာမဟုတ်ဟု ပြည်သူလူထုအမြင်တွင် ထင်မြင်ယူဆမှုများ အားကောင်းလာပါက ဒီမိုကရေစီလှုပ်ရှားမှုအတွက် မမှန်းဆနိုင်လောက်သော အန္တရာယ်ဖြစ်သည်။ လူထုထောက်ခံမှုနှင့် ယုံကြည်မှုကျဆင်းသောအဖွဲ့အစည်းတိုင်းသည် သမိုင်းအမှိုက်ခြင်းသို့ ပစ်ချခံရဖွယ်ရှိသည်ဆိုသည်ကိုမူ ထိုတာဝန်ခံတောင်းဆိုသည့် ခေါင်းဆောင်ကြီးများက သတိမူပြီးဖြစ်လိမ့်မည်ဟု ယုံကြည်ရပေမည်။

မဝေးကွာလှသည့်သမိုင်းပုံရိပ်များကို ပြန်လည်သုံးသပ်ကြည့်သော် NLD မှ ယခုကဲ့သို့ ရက်အတိအကျပြောဆို ရာဇသံပေးတောင်းဆိုခဲ့သည့်အကြိမ်ပေါင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၃)ကြိမ်ရှိပြီဖြစ်သည်။ ပထမအကြိမ်မှာ ၁၉၉၀ပြည့် ဇူလိုင်လ (၂၈)ရက်နှင့် (၂၉)ရက်နေ့တို့တွင် ဂန္ဓီခန်းမ၌ကျင်းပသော NLD ဗဟိုဦးစီးအဖွဲ့နှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ်အစည်းအဝေးမှ "၁၉၉၀ပြည့်နှစ် စက်တင်ဘာလအတွင်း ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရန်"တောင်းဆိုခဲ့မှုက စသည်။ နအဖက လျစ်လျူရှုရုံမက နည်းပေါင်းစုံဖြင့်ဖိနှိပ်ခဲ့၍ တောင်းဆိုချက်များ အရာမထင်ပျက်ပြယ်ခဲ့ရသည်။ ဒုတိယအကြိမ်မှာ ၁၉၉၈ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့ နေ့စွဲဖြင့်ထုတ်ပြန်သောစာအမှတ် ၀၄၇/စည်း (ချမ်း)/၉၈ဖြင့်"ယနေ့မှစ၍ ရက်ခြောက်ဆယ်ပြည့်မြောက်မည့် ၁၉၉၈ ခုနှစ် ဩဂုတ်လ (၂၀)ရက်နေ့မတိုင်မီ လွှတ်တော်ကိုခေါ်ယူဖွဲ့စည်းပေးရန်" NLD ဥက္ကဋ္ဌ ဦးအောင်ရွှေမှ နအဖဥက္ကဋ္ဌဗိုလ်သန်းရွှေထံ စာရေးတောင်းဆိုခဲ့သည်။ လက်တွေ့တွင်မူ လွှတ်တော်တရပ်ခေါ်ယူရေးဖြစ်မြောက်ခဲ့သည်အထိ လွှတ်တော်ကိုယ်စားဆောင်ရွက်မည့် "ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ"ကိုသာ စက်တင်ဘာလ (၁၆) ရက်နေ့၌ ဖွဲ့စည်းနိုင်ခဲ့သည်။

တိုင်းရင်းသားခေါင်းဆောင်ကြီးများ အပါအဝင် NLD ထိပ်ပိုင်းခေါင်းဆောင်ကြီးများ၏ ကိုယ်ကျိုးစွန့်လွှတ်မှု၊ အနှစ်နာခံမှုနှင့် တိုင်းပြည်အကျိုးငဲ့ကွက်၍ ချင့်ချိန်လုပ်ကိုင်နေမှုများမှာ သမိုင်းတင်စံထားလောက်စရာများဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပါ၊ ဤနေရာတွင် (၃)ဦး(၃)ဖလှယ်တွေ့ဆုံဖို့ NLD နှင့်တိုင်းရင်းသားများ အကြိမ်ကြိမ်တောင်းဆိုပါလျက်၊ တပ်မတော်အစိုးအရက အကြောင်းအမျိုးမျိုးပြပြီး တဖက်သတ်တဦးတည်းရဲ့ဆုံးဖြတ်ချက်နဲ့ရပ်တဲ့ နအဖ၏လုပ်ဆောင်မှုများမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး (NLD အသုံး)နှင့် အမျိုးသားစည်းလုံးညီညွတ်ရေး (နအဖ အသုံး)တို့ကိုဖော်ဆောင်နိုင်မည်မဟုတ်ပါဟု CRPP အတွင်းရေးမှူးဦးအေးသာအောင်၏ သုံးသပ်ပြောဆိုမှုမှာ လွန်စွာမှန်ကန်လှပါပေသည်။ ဤသုံးသပ်ချက်သည် CRPP နှင့် NLD ခေါင်းဆောင်များ ကြားကွဲလွဲဖွယ်မရှိသော လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ အကဲဖြတ်ချက်ဖြစ်သည်ဟုလည်း ယူဆရမည်ဖြစ်ပါသည်။

CRPP နှင့် NLD သည် တော်လှန်ရေးလှုပ်ရှားမှုကြီး၏ အလံကိုင်အဖွဲ့အစည်းအဖြစ် အားလုံးက လက်ခံထားကြသည်။ အထူးသဖြင့် ပြည်သူလူထုအကျိုးကို ဦးတည်သည့် နိုင်ငံရေးအပြောင်းအလဲဖြစ်လာစေရန် လမ်းညွှန်ပဲ့ကိုင်ရန် တာဝန်ရှိပေသည်။ ဤအချိန်ဤကာလတွင် CRPP နှင့် NLD သည် ပြည်သူလူထုကြီးတရပ်လုံးအား ဒီမိုကရေစီလှုပ်ရှားမှုကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာစေရေးအခြေအနေကို ဖန်တီးရန်ရေးမှတပါး လုပ်ငန်းစဉ်မှ တပါးအခြားရွေးချယ်စရာမရှိတော့ပြီဟု ယူဆသည်။ သို့ပါ၍ NLD မှ ဇန်နဝါရီလ(၄)ရက်မတိုင်မီ တွေ့ဆုံဆွေးနွေးရေးကို အကောင်အထည်ဖော်ရန် တောင်းဆိုထားသည်ကို နအဖမှခါတိုင်းကဲ့သို့ပင်ငြင်းပယ်ပါက၊ NLD အဖို့ လူထုတိုက်ပွဲဖြင့် ဒီမိုကရေစီဝန်ကျင်သစ် (နိုင်ငံရေးအပြောင်းအလဲ)ကိုဖန်တီးရန်မှတပါး အခြားမရှိပြီဖြစ်ပါသဖြင့် လူထုပါဝင်ရေးအတွက် ပိုမိုသစ်လွင်လျက် အရေးပါသည့် ခြေလှမ်းများကို အစီအစဉ်ရှိရှိလှမ်းရန် လိုအပ်နေပြီဖြစ်ပါကြောင်း တင်ပြရပေသည်။ ❖

# မြန်မာ့နိုင်ငံရေး ပိုမိုဆိုးသွားသည့်ဘက်သို့ ဦးတည်နေဟု ယူအဲန်အယ်လ်ဒီပြော

လက်ရှိနိုင်ငံရေးအခြေအနေသည် တိုးတက်ပြောင်းလဲလာခြင်းမရှိဘဲ ပိုမိုဆိုးဝါးသည့်ဘက်သို့ ဦးတည်နေကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ယူအဲန်အယ်လ်ဒီမှ ဦးထောင်ကိုထန်းက ပြောကြားလိုက်သည်။

နအဖအနေဖြင့် နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုဖြစ်အောင်မလုပ်ဘဲ လွတ်ရက်စေ့ခါနီး နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရုံဖြင့် အပြုသဘောဆောင်သည့်ဘက်သို့ ရောက်ရှိနေပြီဟု မယူဆနိုင်ကြောင်း သတိပေး ပြောဆိုသွားသည်။ နအဖက မလျော်မကန်ဖမ်းဆီးခြင်းခံထားရသူ နိုင်ငံရေးအကျဉ်းသားများအားပြန်လွှတ်မည်ဟု ဆိုသော်လည်း လွတ်ရက်စေ့နေသည့် နိုင်ငံရေးအကျဉ်းသားအနည်းငယ်ကိုသာ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်၍ မလျော်မကန်လုပ်ဆောင်မှုသာဖြစ်သည်ဟုဆိုလိုက်ပြီး နအဖအနေဖြင့် နိုင်ငံရေးရာသီဥတု ကောင်းမွန်လာအောင်လုပ်ဆောင်ရန် လိုအပ်နေကြောင်းပြောကြားခဲ့သည်။

မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် တနှစ်သက်တမ်း ထပ်မံတိုးမြှင့်လိုက်ခြင်းနှင့်ပတ်သက်၍ ဆက်လက်ပြောဆိုရာတွင် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေးအင်အားစုများ၊ အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များ၏ တောင်းဆိုနေမှုများအားလုံးကို လျစ်လျူရှု၍ စစ်အုပ်စုသည် ၎င်းတို့ရေးဆွဲထားသည့် နိုင်ငံရေးလမ်းပြမြေပုံအတိုင်း အမျိုးသားညီလာခံ မဖြစ်ဖြစ်အောင်လုပ်ဆောင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မဖြစ်မနေဆွဲနိုင်ရန်တို့အတွက် အကြီးမားဆုံးအဟန့်အတားဖြစ်နေသည့် ဒေါ်အောင်ဆန်းစုကြည်ကို ထိမ်းသိမ်းထားခြင်းဖြစ်သည်ဟု ပြောဆိုသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ဆုံးဖြတ်ချက်အရ အဖွဲ့ချုပ်က စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့သည့် လွတ်လပ်ရေးနေ့မတိုင်မီ နှစ်ဘက် တွေ့ဆုံဆွေးနွေးရေးတောင်းဆိုမှုကို သင့်မြတ်လျော်ကန်သည့် မှန်ကန်သောလုပ်ဆောင်ချက်ဖြစ်ကြောင်း မှတ်ချက်ချပြောဆိုခဲ့ပြီး မြန်မာ့နိုင်ငံရေးအကြပ်အတည်းအတွက် တခုတည်းသောဖြေရှင်းနည်းမှာ လူထုဆန္ဒနှင့်အညီ ရွေးကောက်ခံထားရသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ခေါ်ယူ၍ ဖြေရှင်းခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ပြောကြားသွားသည်။❖

# အစာငတ်ခံတိုက်ပွဲဝင်မည့် ဒေါက်တာသန်းငြိမ်းကို ထောင်ပြောင်းရွှေ့

လွတ်ရက်ကျော်နေပြီဖြစ်သည့် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ် အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းငြိမ်းကို ပုဒ်မ ၁၀(ခ)ဖြင့် ထောင်သက်တမ်း (၂)လတိုးကာ အင်းစိန်ထောင်မှ ပေါင်းတည်ထောင်သို့ပြောင်းရွှေ့လိုက်သည့်အပြင် ပုံမှန်ပြသနေရသည့် အသည်းဆရာဝန်ကြီးနှင့်လည်းတွေ့ခွင့်မပေးတော့ကြောင်း ၎င်း၏ဇနီးဖြစ်သူအဆိုအရ သိရသည်။

ပုံမှန်အားဖြင့် ဒီဇင်ဘာ(၇)ရက်နေ့တွင် ဒေါက်တာသန်းငြိမ်းသည် ရန်ကုန် ဆေးရုံကြီးမှအသည်းကုဆရာဝန်ဖြင့် ဆေးစစ်ဆေးပြသခွင့်ရရမည်ဖြစ်သော်လည်း အာဏာပိုင်တို့က ခွင့်မပြုခဲ့သည့်အပြင် ဆေးမှူးပင်မရှိသည့် ပေါင်းတည်ထောင်သို့ ပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်။

အသည်းရောဂါ၊ အစာအိမ်ရောင်ရောဂါ၊ ဆီးကျိတ်ရောဂါစသည့် ရောဂါအမျိုးမျိုးခံစားနေရသူတဦးကို ဆေးမှူးပင်မရှိသည့် အကျဉ်းထောင်သို့ ယခုလိုပြောင်းရွှေ့လိုက်သည့်အပေါ် အာဏာပိုင်တို့အနေဖြင့် လူသားချင်းစာနာစိတ်ဖြင့် ပြန်လည်စဉ်းစားသင့်ကြောင်းကိုလည်း ဒေါက်တာ သန်းငြိမ်း၏ ဇနီးဖြစ်သူ ဒေါ်ခင်အေးက ပန်ကြားပြောဆိုလိုက်သည်။

ယခုလို ထောင်ပြောင်းရွှေ့လိုက်ခြင်းမှာ သူ၏ဆုံးဖြတ်ချက်အတိုင်း အစာငတ်ခံဆန္ဒပြတိုက်ပွဲဝင်နေခြင်းကြောင့်သာဖြစ်ရမည်ဟု မိသားစုဝင်တို့က သုံးသပ်နေကြသည်။ အမှန်ဆိုလျှင် နိုဝင်ဘာ(၁၉)ရက်နေ့တွင် ဒေါက်တာသန်းငြိမ်းသည် ပြစ်ဒဏ်ရက်စေ့နေပြီဖြစ်၍ နအဖက အကျဉ်းသားများထောင်ချိပြီး ပြန်လွှတ်နေချိန်တွင် ပြန်လွတ်လာလိမ့်မည်ဟု မိသားစုများက မျှော်လင့်နေသော်လည်း လွှတ်မပေးသည့်အပြင် နောက်ထပ်ထောင်သက်တမ်း(၂)လသတ်မှတ်ကာ နိုဝင်ဘာ(၂၆)ရက်နေ့တွင် ပေါင်းတည်ထောင်သို့ ပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်။

ဒေါ်ခင်အေးက အာဏာပိုင်များ၏ တရားမဲ့လုပ်ဆောင်မှုကို ဒေါက်တာသန်းငြိမ်းက မခံမရပ်နိုင်ဖြစ်ပြီး နိုဝင်ဘာ(၂၆)ရက်နေ့တွင်ပြန်လွှတ်မပေးပါက သေသည်အထိ အစာငတ်ခံဆန္ဒပြကန့်ကွက်သွားရန် စိတ်ပိုင်းဖြတ်ထားကြောင်း မိမိကိုပြောပြခဲ့သည်ဟု ပြန်လည်ပြောပြခဲ့သည်။ ဒေါက်တာသန်းငြိမ်းသည် ရာထူးမှထုတ်ပယ်ခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ယောက်ဖတော်စပ်သူဖြစ်ပြီး ၁၉၉၇–ခုနှစ်ကတည်းက အဖမ်းခံခဲ့ရသည်။ ယခုလိုရက် (၆၀) သက်တမ်း တိုးခံရသည်မှာ တတိယအကြိမ်ဖြစ်သည်။

နအဖက ယခင်အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ မလျော်မကန် ဖမ်းဆီးခံထားရသည့် အကျဉ်းသားများအား ပြန်လွှတ်ပေးမည်ဟု ကြေညာခဲ့သော်လည်း လွတ်ရက်စေ့နေသည့် နိုင်ငံရေးအကျဉ်းသား (၆၁) ဦးကိုသာ ဟန်ပြအဖြစ်ပြန်လွှတ်ပေးခဲ့ပြီး အကျဉ်းထောင်များအတွင်း ၁,၃၀၀ ကျော်ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများကို ပြည်၊ ဟင်္သာတ၊ သာယာဝတီနှင့် ပေါင်းတည်ထောင်များသို့ နိုဝင်ဘာ (၉)ရက်နေ့ကတည်းစတင် ပြောင်းရွှေ့ထားခဲ့ကြောင်း သိရသည်။

ယနေ့အချိန်အထိ အကျဉ်းသားပေါင်းတသောင်းကျော်ပြန်လွှတ်ခဲ့ပြီးဖြစ်သည်ဟု အာဏာပိုင်ကကြေညာထားသော်လည်း အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသူများဖြစ်သည့် အဖွဲ့ချုပ်အတွင်းရေးမှူးတာဝန်ယူခဲ့သူ ဟံသာဝတီသတင်းစာအယ်ဒီတာချုပ်ဟောင်း ဦးဝင်းတင်နှင့် ဒေါက်တာသန်းငြိမ်းတို့ကို ပြန်လွှတ်ပေးခြင်းမရှိသေးချေ။ ❖



# အနာဂတ်သမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ခံရန် အမြန်ဆုံး တွေ့ဆုံ ဆွေးနွေး ဝါရင့်နိုင်ငံရေးသမားကြီးများ ထပ်မံ တောင်းဆို

တိုင်းပြည်နှင့်လူမျိုးအကျိုးကိုမျှော်ကိုး၍ စစ်ခေါင်းဆောင်များအနေဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမြန်ဆုံး တွေ့ဆုံ ညှိနှိုင်းပါရန် သခင်သိန်းဖေ ဦးဆောင်သည့် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က ဒီဇင်ဘာ(၂၀)ရက်နေ့တွင် နအဖဥက္ကဋ္ဌ ထပ်မံ တောင်းဆိုလိုက်သည်။

ထိုတောင်းဆိုစာတွင် ဒီဇင်ဘာ(၉) ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေပေးပို့သည့်သဝဏ်လွှာပါအချက်များကို ပြန်လည်ထောက်ပြ၍ ထိုအချက်များအတိုင်း ဗုဒ္ဓ၏ဒေသနာတော်နှင့် အဆုံးအမများကို လက်တွေ့လိုက်နာကျင့်သုံးရန် အကြံပြုထားသည်။

အဆိုပါ တောင်းဆိုစာပါ နိဂုံးပိုင်းကို ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ဝင် သခင်ချန်ထွန်းက ဒီဗွီဘီအသံလွှင့်ဌာနသို့ ဖတ်ကြားပြခဲ့ရာတွင် ''ကျွန်ုပ်တို့ တိုင်းသူပြည်သားအချင်းချင်း အပြန်အလှန် နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်လာစေရန် ခန္တီ၊ မေတ္တာ၊ ကရုဏာတရားများဖြင့် အကောင်အထည်ဖော်ကြရမည်ဖြစ်ပါသည်''ဟုပါရှိပြီး ''ဤကဲ့သို့ ဆောင်ရွက်နိုင်ကြမည်ဆိုပါက အနာဂတ်မြန်မာ့သမိုင်းတွင် ဂုဏ်ပြုထိုက်သူများအဖြစ်မှတ်တမ်းတင်ခံကြရမည် ဖြစ်ပါသည်။ တတိုင်းပြည်လုံးရှိ ပြည်သူလူထုတရပ်လုံး၏ဝမ်းမြောက်ဝမ်းသာ ချီးကျူးဂုဏ်ပြုခြင်းခံရမည်မှာ မလွဲကေန်ဖြစ်ပါသည်။ သို့ပါ၍ အမြန်ဆုံးတွေ့ဆုံဆွေးနွေးအဖြေရှာညှိနှိုင်းပါရန် အနူးအညွတ် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်'' ဟု ပါရှိသည်။

အဆိုပါစာကို ဒီဇင်ဘာ(၁၇)ရက်နေ့က သခင်သိန်းဖေ၏နေအိမ်တွင်ပြုလုပ်သည့် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ နအဖ ဥက္ကဋ္ဌထံ ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အလားတူ ဒီဇင်ဘာ(၂)ရက်နေ့ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွတ်လပ်ရေးနေ့မတိုင်မီ တွေ့ဆုံဆွေးနွေးရန်တောင်းဆိုထားသည့်စာတစောင်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ထားသည်။ သို့ရာတွင် ယနေ့အချိန်အထိ နအဖဘက်မှ တစုံတရာ အကြောင်းပြန်ခြင်းမရှိသေးချေ။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ ဖမ်းဆီးထောင်ချခံနေရဆဲ

(၅၇) ကြိမ်မြောက် အမျိုးသားနေ့တွင် အဖမ်းခံရသော ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်(၁၄)ဦးသည် ဖျာပုံထောင်တွင် ဆက်လက်ထိန်းသိမ်းခံနေရပြီး နိုင်ငံတော်ဆူပူရန်လှုံ့ဆော်မှုဖြင့် နအဖက ရုံးတင်တရားစွဲတော့မည်ဟု သိရသည်။

ဘိုကလေးမြို့နယ်တွင် (၈၄)ကြိမ်မြောက်အမျိုးသားနေ့ကျင်းပခွင့်ရရန် ဒေသရဲတပ်ဖွဲ့အားအကြောင်းကြားရာ ခွင့်မပြုသဖြင့်၊ အဖွဲ့ချုပ်ဝင်များက အခမ်းအနားကျင်းပမည့် အစီအစဉ်များကို ဖျက်သိမ်းလိုက်ပြီး နောက်ပိုင်းတွင်မှ၊ အာဏာပိုင်များက ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံသူ ကလေးငယ်တဦး

နိုဝင်ဘာ (၅)ရက်နေ့ကလည်း ဓနုဖြူမြို့နယ်အဖွဲ့ချုပ်ဝင် (၃)ဦးကို အာဏာပိုင်များက ဖမ်းဆီးခဲ့ပြီး ဆူပူအောင်လှုံ့ဆော်မှုဖြင့် ရုံးတင်ကာ ဒဏ်ငွေ ၅,၀၀၀ (သို့) ထောင် (၁)လစီ စီရင်ချက်ချခဲ့သည်။

အလားတူ ဇွန်လအတွင်းက ဖမ်းဆီးခံရသူ သဃ်န်းကျွန်းမြို့နယ် အတွင်းရေးမှူး ဦးတင်မြင့်၊ မကွေးတိုင်း အမျိုးသမီးအဖွဲ့ ဒေါ်သန်းသန်းငွေ၊ မွန်ပြည်နယ် သိမ်ဇရပ်မှ ဦးစံနှင့် မရီရီဝင်းတို့အား စာရှက်စာတမ်းဖြန့်ဝေရန်ကြိုးစားမှုဖြင့် ထောင်ဒဏ် (၇)နှစ်စီ ချမှတ်ခဲ့သည်။ ထိုအမှုနှင့် ပတ်သက်၍ အဖွဲ့ချုပ်ဥပဒေအထောက်အကူပြုအဖွဲ့မှ အယူခံလွှာတင်သော်လည်း နအဖတရားရုံးက ဒီဇင်ဘာ (၁)ရက်နေ့က အကြောင်းမဲ့ပယ်ချခဲ့သည်။

ဒီဇင်ဘာ(၄)ရက်နေ့ကလည်း ရန်ကုန်တိုင်း သုံးခွမြို့နယ်တွင် အဖွဲ့ချုပ် လူငယ်တာဝန်ခံအားဖမ်းဆီးစစ်ဆေးခဲ့ပြီး၊ မကွေးတိုင်း ပွင့်ဖြူမြို့နယ် အဖွဲ့ချုပ်ဝင်များအားတွေ့ဆုံခွင့်မရအောင် ဖိအားပေးလျက်ရှိသည်ဟု သိရသည်။

ဤအတောအတွင်းလည်း လန်ဒန်မြို့အခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မတရားဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသား (၁,၃၀၀)ကျော်ကို လွှတ်ပေးရန်နှင့် မြန်မာနိုင်ငံတရားစီရင်ရေးစနစ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် နအဖကို တောင်းဆိုထားသည်။ ❖

# မန္တလေးတိုင်းအဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ် လူထုထောက်ခံမှုအပြည့်အဝရနေ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်းစည်းအဖွဲ့ဝင်များသည် အောက်ခြေရပ်ကျေးအဖွဲ့ချုပ်ဝင်များနှင့် ထိတွေ့နိုင်ရန် ပြင်ဦးလွင်ခရိုင်သို့ ဒီဇင်ဘာဒုတိယပတ်အတွင်း(၆)ရက်ကြာ စည်းရုံးရေးခရီး ထွက်ခဲ့ကြောင်း သိရသည်။

ယမန်နှစ်ကဖြစ်ပွားခဲ့သည့် မေ(၃၀)ဒီပဲယင်း လုပ်ကြံမှုကြီးနောက်ပိုင်း မြို့နယ်နှင့် ရပ်ကျေးအဖွဲ့ဝင်များအဆက်အသွယ်ပြတ်တောက်နေခဲ့သည့်အတွက် ယခုလို စည်းရုံးရေးလုပ်ငန်းများ ပြန်လည်ပြုလုပ်နေခြင်းဖြစ်ကြောင်း တိုင်းစည်းအဖွဲ့ဝင်တဦးဖြစ်သည့် ဒေါ်ဝင်းမြမြက ဆိုသည်။

စည်းရုံးရေးခရီးစဉ်အတွင်း တိုင်းစည်းအဖွဲ့ဝင်များနှင့်မြို့နယ်ကျေးရွာများမှ အောက်ခြေလူထုနှင့် ထိတွေ့မှုရရှိခဲ့ကြောင်း၊ ခရီးစဉ်တလျှောက် အာဏာပိုင်များက ဟန့်တားနှောင့်ယှက်မှုမရှိကြောင်း၊ အောက်ခြေနှင့်ထိတွေ့ရာတွင် အဖွဲ့ချုပ်၏ဗဟို၏ စည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များအတိုင်း အဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ အဖွဲ့ဝင်သစ်တိုးချဲ့ရေးနှင့် ရပ်ကျေးဖွဲ့စည်းရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေကြောင်း ဒေါ်ဝင်းဝင်းမြက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း မြို့နယ်နှင့်ရပ်ကျေးစည်းအဖွဲ့ဝင်များအား စိတ်ဓာတ်ခိုင်မာလျက် စည်းလုံးညီညွတ်မှု အပြည့်အဝရှိသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ခရီးစဉ်အတွင်း ကျေးရွာများကလည်း အဖွဲ့ချုပ်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုခဲ့ကြကြောင်း အသံလွှင့်ဌာနတခုနှင့်ဆက်သွယ်မေးမြန်းခန်းတွင် ဒေါ်ဝင်းမြမြက ပြောကြားသွားသည်။

အဆိုပါခရီးစဉ်တွင် မန္တလေးတိုင်းစည်းအဖွဲ့ဝင် မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်လည်း ပါဝင်ကြောင်းသိရသည်။

❖

# အဖွဲ့ချုပ်ဗဟိုကော်မတီနှင့် ပြည်နယ်တိုင်းအဖွဲ့ချုပ်ခေါင်းဆောင်များ တွေ့ဆုံ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်

နိုဝင်ဘာ(၁၆)ရက်နေ့က ရန်ကုန်မြို့ ဗဟိုအဖွဲ့ချုပ်ရုံးတွင် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ပြည်နယ်တိုင်းအသီးသီးမှ အဖွဲ့ချုပ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး၍ လက်ရှိနိုင်ငံရေးအခြေအနေများနှင့် အဖွဲ့ချုပ်၏လုပ်ငန်းအရပ်ရပ်အပေါ် အပြန်အလှန်ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးတရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏သဘောတူညီချက်ယူပြီးမှ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင်က ပြောကြားခဲ့ပြီး အစည်းအဝေးတွင် ပြည်နယ်တိုင်းများမှခေါင်းဆောင်များက သက်ဆိုင်ရာဒေသအတွင်း အဖွဲ့ချုပ်၏အခြေအနေအရပ်ရပ်ကို တင်ပြဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ထို့အပြင် နအဖ စစ်အုပ်စုအတွင်း ခေါင်းဆောင်ပိုင်းအပြောင်းအလဲများဖြစ်ပေါ်ခဲ့သည့်နောက်ပိုင်း လက်ရှိ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို သုံးသပ်ခဲ့ကြသည်ဟုလည်း ဦးလွင်က ပြောကြားခဲ့သည်။

ဩဂုတ်လကပြုလုပ်ခဲ့သည့် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ပြည်နယ်တိုင်းခေါင်းဆောင်များအစည်းအဝေးတွင် တက်ရောက်လာသည့်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကိုတိုးချဲ့ဖွဲ့စည်းရန်၊ ပြည်နယ် တိုင်းခေါင်းဆောင်များ၏ဆန္ဒဖြင့် ဗဟိုဦးစီးအဖွဲ့ကို ဒီမိုကရေစီနည်းလမ်းတကျဖွဲ့စည်းရန်နှင့် အဖွဲ့ချုပ်ဗဟိုလုပ်ငန်းအဖွဲ့ထားရှိရန်တို့ကို အကြံပြုတင်ပြထားရာ အဖွဲ့ချုပ်ဗဟိုကော်မတီဝင်က အဆိုပါအကြံပြုချက်များအနက်လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်နေကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသွားသည်။

ယခုအစည်းအဝေးနှင့်ပတ်သက်၍ ဦးလွင်က အလေးထားပြောဆိုမှုတခုတွင် အဖွဲ့ချုပ်ဝင်များအားလုံးက ယခုလိုအချိန်အခါမျိုးတွင် စည်းလုံးညီညွတ်ရေးသာ အရေးကြီးဆုံးဟု သဘောပေါက်ထားကြကြောင်းကိုလည်း ပြောကြားခဲ့သည်။

နိုဝင်ဘာ(၁၂)ရက်နေ့ကလည်း အဖွဲ့ချုပ်ဗဟိုရုံးတွင် ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီကို (၂၁)ဦးပါ အမှုဆောင်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး အလားတူ ပြည်နယ်တိုင်းအသီးသီးတွင်လည်း ဖွဲ့စည်းမှုများ ပြန်လည် ပြုလုပ်သွားဖွယ်ရှိကြောင်း အဖွဲ့ချုပ်နှင့်နီးစပ်သည့်သတင်းများအရ သိရသည်။❖

# ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်သက်တမ်းထပ်တိုး၍ မန္တလေးတိုင်းအဖွဲ့ချုပ်က ကန့်ကွက်

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်း ထပ်တိုးလိုက်သည့်အပေါ် မန္တလေးတိုင်းအဖွဲ့ချုပ်ဝင်များက ကန့်ကွက်ရှုတ်ချလိုက်ကြောင်း သိရသည်။

မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ် အဖွဲ့ချုပ်ဝင်များသည် နိုဝင်ဘာ (၃၀)ရက်နေ့က ပြုလုပ်သည့် မြို့နယ်စည်းအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်းပွဲတွင် ယခုရက်ပိုင်းများအတွင်း အာဏာပိုင်များက အကျဉ်းသား(၉,၀၀၀)ကျော် ပြန်လွှတ်ပေးခဲ့သော်လည်း ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသား(၄၀)သာပါရှိပြီး အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၀(ခ)ဖြင့် အကျယ်ချုပ်သက်တမ်း(၁)နှစ် ထပ်တိုးလိုက်သည့်အတွက် နအဖပြောသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တဖြည်းဖြည်းပြောင်းလဲသွားမည်ဆိုသည့်မှုနှင့်ကိုက်ညီမှုမရှိကြောင်း၊ ထို့ပြင် အမျိုးသားပြန်လည်သွေးစည်းညီညွတ်ရေးနှင့်လည်း ကိုက်ညီမှုမရှိသည့်အတွက် ထိုလုပ်ရပ်အပေါ် ကန့်ကွက်ကြောင်း ညောင်ဦးမြို့နယ်စည်းအဖွဲ့ ဝင် ဦးဇော်ဇော်က ပြောကြားခဲ့သည်။

အဆိုပါ ကန့်ကွက်ကြောင်းဆုံးဖြတ်ချက်ကို ညောင်ဦးမြို့နယ်အဖွဲ့ချုပ်က ဗဟိုအဆင့်အထိ စာပေးပို့သွားမည်ဟုသိရသည်။

အလားတူ မန္တလေးတိုင်း မိတ္ထီလာခရိုင် (၆)မြို့နယ်အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်းထပ်တိုးလိုက်ခြင်းကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။ ထို့အပြင် နအဖက လာမည့်ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံမတိုင်မီ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရေးအတွက် နအဖကိုတိုက်တွန်းရန်၊ နအဖက ပြန်လွှတ်ပေးသည့် အကျဉ်းသားများအနက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် နိုင်ငံရေးအကျဉ်းသား အနည်းငယ်ပါဝင်သည့်အတွက် နအဖကို ကျေးဇူးတင်ကြောင်းနှင့် ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရေးကို နအဖအား တောင်းဆိုတိုက်တွန်းရန်အပါအဝင် ပညာသင်စရိတ်မြင့်မားနေမှုနှင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရေးတို့အတွက် နအဖကို တောင်းဆိုရန်တို့ကို အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှဆောင်ရွက်သွားရန် အကြံပြုချက်များပေးပို့သွားမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့် မိုးကြိုးသတင်းစဉ် ဆက်သွယ်မေးမြန်းချက်

**မေး။ ။ ဝန်ကြီးချုပ်ခင်ဗျား ယခုနှစ် ဒီဇင်ဘာလ (၁၈) ရက်ဆိုရင် NCGUB ထူထောင်ခဲ့တာ (၁၄)နှစ်ရှိပြီ ဖြစ်ပါတယ်။ NCGUB ရဲ့ အကောင်းဆုံးလုပ်နိုင်တဲ့ အောင်မြင်မှုတွေကို ပြောပြပေးပါခင်ဗျား။**

ဖြေ ။ ။ တကယ်တန်း မိဘပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီအစိုးရတခု ဒီကနေ့အထိ မပေါ်ပေါက်လာသေးတော့အောင်မြင်မှုတွေလို့ ကျနော် မပြောချင်ပါဘူး။ ဒီ(၁၄)နှစ်အတွင်းမှာ တတ်နိုင်သမျှကြိုးစားပြီးလုပ်ခဲ့တာတွေထဲက NCGUB ရဲ့ ထူးခြားတဲ့ဆောင်ရွက်နိုင်ခဲ့မှုတွေအနေနဲ့ ပြောပါဆိုရင်တော့ ပထမဦးဆုံးပြောရမှာဟာ ဒီမိုကရက်တစ်မြန်မာ့အသံ (ဒီဗွီဘီ)ကို စတင်ထူထောင်နိုင်ခဲ့တာဖြစ်ပါတယ်။ လွတ်မြောက်ရေးလှုပ်ရှားမှုတိုင်းအတွက် အင်မတန်အရေးပါတဲ့အသံလွှင့်ဌာနတခု မားမားမတ်မတ်ရှိလာအောင် ကျနော်တို့လုပ်နိုင်ခဲ့တာကို ဝမ်းသာဂုဏ်ယူတယ်။ ဒီဗွီဘီ ပေါ်ပေါက်လာပြီး ခုလိုလည်ပတ်နေနိုင်အောင် ကျနော်တို့နဲ့အတူ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသူတွေအားလုံးကိုရော အထူးသဖြင့် ထူထောင်ဖို့ အဖက်ဖက်က ထောက်ခံအားပေးကူညီခဲ့တဲ့ နော်ဝေအစိုးရနဲ့ နော်ဝေပြည်သူတွေအားလုံး၊ နိုင်ငံတကာမိသားစုအားလုံးကို ဒီကနေ့ ဒီနေရာကနေပြီးတော့ ကျေးဇူးတင်စကားဆိုချင်ပါတယ်။

ဒုတိယအနေနဲ့ ဒီကနေ့ မြန်မာနိုင်ငံနယ်စပ်ဒေသတလျှောက်နဲ့ လှုပ်ရှားမှုအတွင်းမှာ တစုံတရာအတိုင်းအတာအထိ ထိထိရောက်ရောက်နဲ့ လွတ်လွတ်လပ်လပ်လှုပ်ရှားဆောင်ရွက်နေကြဆဲဖြစ်ကြတဲ့ အမျိုးသားကျန်းမာရေးနဲ့ ပညာရေးကော်မတီ (National Health and Education Committee)တို့၊ အမျိုးသားချင်းပြန်လည်သင့်မြတ်ရေးအစီအစဉ်(National Reconciliation Program)တို့ပေါ်ထွန်းလာအောင် နိုင်ငံရေးအရ ဦးဆောင်မှုပေးခဲ့တာတွေ၊ NCGUB နဲ့ လှုပ်ရှားမှုတခုလုံးအတွက် မူဝါဒဆိုင်ရာ သုတေသနတွေလုပ်ပြီး အထောက်အကူပြုပေးနိုင်ဖို့နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ အပါအဝင် အနာဂတ်အတွက်လိုအပ်တဲ့ ပြင်ဆင်မှုတွေလုပ်ထားနိုင်ဖို့၊ မြန်မာ့ရံပုံငွေ(The Burma Fund)ကို ဖွဲ့စည်းထူထောင်ခဲ့ပြီး နိုင်ငံတကာအစိုးရတွေ၊ အလှူရှင်တွေက ဒီအဖွဲ့အစည်းတွေ၊ အစီအစဉ်တွေအတွက် ဘဏ္ဍာရေးအရကူညီလာအောင် အစဉ်တစိုက် ထောက်ခံတိုက်တွန်းပေးခဲ့တာတွေဟာလည်း NCGUB ရဲ့ထူးခြားတဲ့ဆောင်ရွက်ချက်တွေလို့ ပြောရင်ရပါတယ်။

တတိယအချက်အနေနဲ့ကတော့ ၁၉၉၂ ခုနှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ချမှတ်ထုတ်ပြန်ခဲ့တဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွေချမှတ်လာနိုင်အောင် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေ၊ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး အထူးစုံစမ်းစစ်ဆေးသူ (Human Rights Special Rapportuer)တို့၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် (UN Special Envoy)တို့ပေါ်ပေါက်လာအောင်သော်လည်းကောင်း၊ ကနေ့ ကုလသမဂ္ဂမှာ မြန်မာနိုင်ငံဆိုင်ရာအလွတ်သဘောညှိနှိုင်းဆွေးနွေးရေးအုပ်စု(Informal Consultative Group on Myanmar) တခု တည်ရှိနေပြီး မြန်မာနိုင်ငံအခြေအနေတွေနဲ့ ပတ်သက်လို့ ဆွေးနွေးစဉ်းစားမှုတွေရှိနေအောင် ဆောင်ရွက်နိုင်ခဲ့တာတွေကလည်း NCGUB ရဲ့ ထူးခြားတဲ့ဆောင်ရွက်နိုင်မှုတွေအဖြစ် ပြောလို့ရပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင် အဖက်ဖက်က ဝိုင်းဝန်းကူညီကြ အားပေးကြတဲ့သူတွေ လုပ်ဖော်ကိုင်ဖက်တွေ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။

လူအင်အား၊ ဘဏ္ဍာရေးအင်အား အကန့်အသတ်တွေရှိနေပေမယ့် အိမ်နီးချင်းနိုင်ငံတွေမှာသာမက အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်တို့၊ နယူးယောက်တို့မှာ NCGUB ရဲ့အချိန်ပြည့်ရုံးခွဲတွေဖွင့်လှစ်ပြီး အမေရိကန်ပြည်ထောင်စုအစိုးရနဲ့ ကွန်ဂရက်ခေါင်းဆောင်တွေ၊ ကုလသမဂ္ဂခေါင်းဆောင်တွေကို မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အမြဲသိရှိနေအောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေတာတွေ၊ ဥရောပနိုင်ငံများသမဂ္ဂ(Eurpoean Union)ခေါင်းဆောင်ပိုင်းနဲ့သာမက၊ သမဂ္ဂဝင်နိုင်ငံအစိုးရတွေ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာစီယံ)အဖွဲ့ဝင်နိုင်ငံတွေ အပါအဝင် နိုင်ငံတကာအစိုးရတွေ၊ နိုင်ငံရေးပါတီတွေ၊ ပါလီမန်တွေနဲ့လည်း နိုင်ငံရေး၊ သံတမန်ရေးအရ တတ်နိုင်သမျှ တိုက်ရိုက်ဆက်သွယ်ပြီး မြန်မာပြည်ဒီမိုကရေစီရေးအတွက် ထောက်ခံအားပေးကူညီမှုတွေ ပိုမိုတိုးတက်လာအောင် တိုက်တွန်းကြိုးပမ်းမှုတွေ၊ မြန်မာပြည်အမျိုးသားချင်းပြန်လည်သင့်မြတ်ရေးနဲ့ ချောမွေ့တဲ့ ဒီမိုကရေစီ အသွင်းကူးပြောင်းရေးဖြစ်ပေါ်လာဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ ရှိသင့်တဲ့လုပ်ငန်းစဉ်တွေနဲ့ပတ်သက်တဲ့ မဟာဗျူဟာနဲ့ နည်းဗျူဟာဆိုင်ရာအကြံပြုချက်တွေ အချိန်နဲ့အမျှ ပံ့ပိုးပေးနေတာတွေဟာ စတင်ဖွဲ့စည်းခဲ့တဲ့အချိန်ကစပြီး ဒီကနေ့အထိ ကျနော်တို့ NCGUB အနေနဲ့ အချိန်ပြည့်ဆောင်ရွက်ခဲ့ ဆောင်ရွက်နေဆဲလုပ်ငန်းတွေထဲကပြောပြသင့်တဲ့လုပ်ငန်းအချို့ဖြစ်ပါတယ်။



**မေး။ ။ (၁၄) နှစ်သက်တမ်းအတွင်းNCGUB ရဲ့အားနည်းချက်များရှိတယ်လို့ တချို့ပုဂ္ဂိုလ်များက ဝေဖန်ကြပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ဝန်ကြီးချုပ်အနေနဲ့ဘယ်လိုသဘောထားရှိပါသလဲ။**

ဖြေ။ ။ အပြုသဘောဆောင်တဲ့ ဝေဖန်ထောက်ပြမှု၊ အကြံပြုမှုမှန်သမျှကို တခါးဖွင့်ကြိုဆိုရေးဟာ NCGUB ရဲ့ အခြေခံမူတခုဖြစ်တာနဲ့အညီ NCGUB မှာ အားနည်းချက်တွေရှိတယ်လို့ ဝေဖန်လိုက်တာကို မှန်ကန်တဲ့ဝေဖန်မှုတခုအဖြစ် ကျနော်တို့အနေနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကနေတဆင့် ပြည်သူတွေက ယုံကြည်စွာနဲ့အပ်နှင်းလိုက်သလို ဖွဲ့စည်းပြီးချိန်မှာ လှုပ်ရှားမှုကပါ ထပ်မံအပ်နှင်းလိုက်တဲ့ အမျိုးသားရေးနဲ့ ဒီမိုကရေစီရေးတာဝန်တွေကိုကျေပွန်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းထမ်းဆောင်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ သံနိဋ္ဌာန်နဲ့ ခံယူချက်တွေရှိကြတာကလွဲပြီး သေသေချာချာ လေ့ကျင့်သင်ကြားထားတဲ့ နိုင်ငံရေးသမားတွေမဟုတ်ဘဲ လှုပ်ရှားမှုထဲကနေပေါက်ဖွားလာကြတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဆိုတော့ နိုင်ငံရေးအတွေးအခေါ်ပိုင်းမှာရော ပညာနဲ့အတွေ့အကြုံပိုင်းမှာပါ နုနယ်အားနည်းမှုတွေ၊ နိုင်ငံတကာအတွေ့အကြုံအားနည်းမှု စတာတွေအများကြီးရှိခဲ့ပါတယ်။ အထူးသဖြင့် အဝေးရောက်အစိုးရတရပ်ရဲ့ အခန်းကဏ္ဍနဲ့ တာဝန်တွေ၊ ဆောင်ရန်ရှောင်ရန်တွေကို ကျွမ်းကျွမ်းကျင်ကျင်သိလို့ ဖွဲ့စည်းဆောင်ရွက်ခဲ့တာမျိုးမဟုတ်ဘဲ နိုင်ငံရေးတောင်းဆိုမှုနဲ့ လိုအပ်မှုတွေအပေါ်မှာ အခြေခံပြီး အလျင်စလို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြရတဲ့ အစိုးရမျိုးဖြစ်သလို၊ လှုပ်ရှားမှုတခုလုံးရဲ့ အဓိကခေါင်းဆောင်မှုက ပြည်တွင်းမှာရှိနေတာဆိုတော့ လုပ်ငန်းတွေကို တကယ်ဆောင်ရွက်အကောင်အထည်ဖော်ရတဲ့အခါမှာအခက်အခဲတွေ၊ အားနည်းချက်တွေလည်း အများကြီး ရှိခဲ့ပါတယ်။ အစိုးရတရပ်ဆိုတော့ လှုပ်ရှားမှုနဲ့ ပြည်သူတွေဘက်က အဘက်ဘက်မှာ စွမ်းဆောင်နိုင်မှာဘဲဆိုတဲ့ ကြီးမားတဲ့ မျှော်လင့်ချက်တွေနဲ့ လက်တွေ့ဖြစ်နေတာတွေ ကွာဟလာတဲ့အခါမှာ၊ မျှော်လင့်ထားတာတွေ ဖြစ်စေချင်တာတွေ ဖြစ်မလာတဲ့အခါမှာ အားမလိုအားမရဖြစ်ကြတာ၊ စိတ်ပျက်မှုတွေ ဝေဖန်တိုက်ခိုက်မှုတွေရှိလာကြတာဟာလည်း သဘာဝကျတယ်လို့လက်ခံပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အပြုသဘောဆောင်တဲ့ ဝေဖန်အကြံပြုမှုတွေကို လေးလေးနက်နက် လက်ခံစဉ်းစားပြီး ရလာဒ်ကောင်းတွေ ပိုပြီးရရှိလာအောင် ဆက်လက်ကြိုးစားသွား မယ်ဆိုတာပဲ ပြောချင်ပါတယ်။

**မေး။ ။ ယနေ့ကာလ မြန်မာနိုင်ငံရေးအခြေအနေအပေါ် ဝန်ကြီးချုပ်ရဲ့ အကဲဖြတ်ချက်ကို ပြောပြနိုင်မလား။**

ဖြေ။ ။ ကနေ့ မြန်မာပြည်နိုင်ငံရေးအခြေအနေတစုံလုံးကို ခြုံကြည့်မယ်ဆိုရင် ဘယ်သူမှအနိုင်မရှိဘဲ အားလုံးဟာအရှုံးနဲ့သာရင်ဆိုင်နေကြရတဲ့ အခြေအနေမှာရောက်နေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ အုပ်ချုပ်စီမံခန့်ခွဲရေးစံနစ်တွေ မမှန်ကန်တော့ နအဖ စစ်ဗိုလ်ချုပ်တွေကိုယ်တိုင်တောင် လုံလုံခြုံခြုံအေးအေးချမ်းချမ်း မနေရ၊ မနေနိုင်တာ၊ သူတို့လိုလားတဲ့ ပြည်သူလူထုနဲ့ နိုင်ငံတကာရဲ့ လက်ခံပူးပေါင်းဆောင်ရွက်မှုတွေ၊ ထောက်ခံအားပေးမှုတွေလည်းမရရှိဘဲ တပ်မတော်အတွင်းမှာအချင်းချင်းစားခွက်လု၊ အာဏာလုတဲ့ ပဋိပက္ခတွေနဲ့ပဲ လုံးချာလိုက်နေကြတော့ ထိပ်ပိုင်းက စစ်ဗိုလ်ချုပ်ကြီးတွေ တဦးချင်း အရမ်းချမ်းသာလာပေမယ့် အောက်ခြေက တပ်မတော်သားတွေအပါအဝင် လူမျိုးစုံပြည်သူလူထုလည်း ဆင်းရဲတွင်းက မလွတ်မြောက်၊ တပ်မတော်နဲ့ တိုင်းပြည်ဂုဏ်ရောင်လည်း မပြောင်၊ ဒီမိုကရေစီကိုဦးတည်တဲ့ ပြုပြင်ပြောင်းလဲရေးကိုလိုလားပြီး ငြိမ်းငြိမ်းချမ်းချမ်း တပ်မတော်နဲ့ လက်တွဲလုပ်ချင်ကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဒီမိုကရေစီ ခေါင်းဆောင်တွေလည်း လက်တွေ့ဘာမှ မလုပ်ကြရခင်မှာဘဲ သေတဲ့သူတွေသေသွားကြ၊ အကျဉ်းချုပ်၊ အကျယ်ချုပ်သံသရာမှာပဲလည်ပြီးနေကြရသူတွေကလည်နေကြရနဲ့ နှစ်တွေအများကြီး အရှုံးသံသရာမှာပဲ အားလုံးလည်နေကြရတာဟာ တိုင်းပြည်နဲ့ ပြည်သူတွေအားလုံးအတွက် လုံးဝလုံးဝမဖြစ်သင့်တဲ့ အခြေအနေပဲလို့ လေးလေးနက်နက် ပြောချင်တယ်။

ဒီအခြေအနေမျိုးမှာ နအဖခေါင်းဆောင်တွေ၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေအားလုံး မာန်မာနတွေ၊ အတ္တအစွဲတွေ ဘေးဖယ်ထားပြီး တဦးနဲ့တဦး အပြန်အလှန်လေးစားမှု၊ အသိအမှတ်ပြုမှု၊ နားလည်မှုတွေနဲ့အတူ ရိုးရိုးသားသား မှန်မှန်ကန်ကန်နဲ့ တွေ့ဆုံညှိနှိုင်းကြပြီး စစ်မှန်တဲ့အမျိုးသားချင်းပြန်လည်သင့်မြတ်ရေးပြန်လည်ရရှိအောင် ကြိုးပမ်းကြတဲ့နည်းနဲ့သာ တိုင်းပြည်နဲ့ ပြည်သူတွေအားလုံးလည်း ဒီအကျပ်အတည်း အခက်အခဲပေါင်းစုံက လွတ်မြောက်မယ်။ တပ်မတော်ရဲ့ဂုဏ်သိက္ခာလည်း ပြန်လည်ရရှိလာမယ်လို့ ကျနော်တို့အနေနဲ့ ယုံကြည်တယ်။ ဒီလိုလုပ်သင့်လုပ်ထိုက်တာတွေကို လက်တွေ့ကျကျ သတ္တိရှိရှိမလုပ်ဘဲ မှားယွင်းနေတဲ့ စစ်အာဏာရှင်စံနစ်ဆိုးကိုသာ ပုံသဏ္ဍာန် အမျိုးမျိုးပြောင်းပြီး ဆက်လက်ကျင့်သုံးဖို့ ကြိုးစားနေသမျှကာလပတ်လုံး ဒီအခြေအနေဆိုးတွေကနေ ဘယ်တော့မှ လွတ်မြောက်မှာမဟုတ်ဖူးလို့လည်း တိတိလင်းလင်းပြောချင်တယ်။

ဒီလို ယုံကြည်ချက်နဲ့အညီ နအဖခေါင်းဆောင်တွေအနေနဲ့ အခြေအနေအရပ်ရပ်ကို လေးလေးနက်နက် ပြန်လည်သုံးသပ်ပြီး တကယ်တမ်းဒီမိုကရေစီကိုဦးတည်တဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာမှုတွေကို ၂၀၀၅ ခုနှစ် နှစ်သစ်မှာ ရဲရဲဝံ့ဝံ့၊ မှန်မှန်ကန်ကန်နဲ့ စတင်ခြင်းအားဖြင့် နအဖအနေနဲ့ တကယ်လိုလားတဲ့ တပ်မတော်တွင်း၊ တိုင်းပြည်တွင်းမှာသာမက ဒေသတွင်းနဲ့ နိုင်ငံတကာနယ်ပယ်မှာပါ နွေးထွေးတဲ့ အသိအမှတ်ပြုကြိုဆိုအားပေးမှုတွေ ပြန်လည်ရရှိအောင်ကြိုးပမ်းသွားဖို့နဲ့ ဒီလိုလုပ်ခြင်းအား

စာမျက်နှာ (၁၅) ကော်လံ (၁) သို့ ...

# အလွမ်းကဗျာ... အလွမ်းစာ [၆]

ညိုဇံ



မောင်သော်က (ရွှေဘို)

စစ်အစိုးရက ဖမ်းဆီးအကျဉ်းချထားတာခံနေရတဲ့ နိုင်ငံရေးပုဒ်မ၊ ထောင်ကျတွေဟာ ၁၉၉၁ ခုနှစ်ထဲမှာ အတော်များများ ကွယ်လွန်ခဲ့ကြတယ်။ ၁၉၉၁ နှစ်ဦးဖြစ်တဲ့ ဇန်နဝါရီလဆန်းမှာ ဦးစိန်ဝင်း၊ လလယ်ပိုင်းမှာ ဦးတင်မောင်ဝင်း၊ မတ်လမှာ ဦးညိုဝင်း၊ မေလမှာ ဦးစိုးဝင်းတို့ ဆက်တိုက်ဆိုသလို ကွယ်လွန်သွားကြတယ်။ အဖမ်းဆီးခံနေရသူတွေရဲ့ ကျန်ရစ်သူ နောက်ပိုင်းမိသားစုတွေဟာ စိုးရိမ်သောကဖြစ်နေကြရတယ်။ သတင်းဆိုးတွေ ထပ်မံမကြားရပါစေကြောင်း ဆုတောင်းနေကြရတယ်။ ဒါပေမယ့် ဆုတောင်းတိုင်း ပြည့်တတ်တာမဟုတ်ပါ။

၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၀ရက်နေ့မှာ အဖမ်းခံနေရတဲ့ စာရေးဆရာမောင်သော်က (ရေတပ်ဗိုလ်မှူးဟောင်း) ရန်ကုန်ဆေးရုံကြီးကို ထုတ်လာတဲ့သတင်းကြားရတယ်။ နှလုံးကုသဆောင်မှာထားတယ် .... ရောဂါအခြေအနေဆိုးတယ်....။ စစ်အစိုးရ ထုံးစံအတိုင်း နိုင်ငံရေးအကျဉ်းသားလူနာတွေကို ရောဂါကျွမ်းမှ နောက်ဆုံးအချိန်ရောက်မှ ဆေးရုံကို ပို့လေ့ရှိတယ်။ မကြာခင်မှာပဲ ဆရာမောင်သော်က နှလုံးရောဂါနဲ့ ဆုံးရှာပြီဆိုတာကို ကြားရပါတယ်။ ဒီမိုကရေစီဘက်တော်သား၊ အမှန်တရားဘက်က ရပ်တည်သူတယောက် ဆုံးရှုံးပြန်ပြီကော။ သတင်းကြားရသူအားလုံး စိတ်ထိခိုက်ကြေကွဲကြရတယ်။ နှမြောတသ ဝမ်းနည်းကြရပါတယ်။

ဆရာဦးသော်ကနဲ့ လူချင်းမသိပေမယ့် အဝေးကနေပြီး ဆရာ့ကိုသိနေတယ်။ လေးစားမိတယ်။ ရွှေမန်းတင်မောင်ကို ပွဲကြည့်ပရိတ်သတ်က သိသလိုမျိုးပါ။ ဆရာ့ရဲ့ စာတွေကို ဖတ်ရှုသူ၊ စာဖတ်ပရိသတ်တဦးအနေနဲ့သိတာ ဖြစ်ပါတယ်။ ဆရာနဲ့ မသိကျွမ်းပေမယ့် ဆရာ့ဇနီး ဒေါ်အီဗာနဲ့တော့ ကာလအတော်ကြာကတည်းက သိနေ၊ ခင်မင်နေတယ်။ ဆရာ့သမီးနဲ့လည်း သိတယ်။ အထူးသဖြင့် စစ်အစိုးရက ဒီမိုကရေစီတိုက်ပွဲဝင်သူတွေကိုဖမ်းဆီးတဲ့ လူဖမ်းပွဲကြီးလုပ်နေတဲ့အချိန်က ဆရာ့ဇနီးသမီးတို့နဲ့ အတွေ့အဆုံ များခဲ့ပါတယ်။

၁၉၇၉ ခုနှစ်ဟာ အဖမ်းအဆီးကြမ်းတဲ့နှစ်ပါ။ ဖမ်းဆီးထားသူတွေကို စီရင်ချက်မချသေးဘဲ အင်းစိန်အကျဉ်းထောင်မှာ ချုပ်နှောင်ထားတယ်။ မိသားစုနဲ့ လုံးဝတွေ့ဆုံခွင့်မပေး။ တချို့ ပါဆယ်ပို့ခွင့်ရတယ်။ လူတိုင်းတော့မရ။ ပါဆယ်ပို့ခွင့်ရဖို့ အတော်ကြိုးစားကြရတယ်။ သက်ဆိုင်ရာတာဝန်ရှိဆိုသူများထံ အခေါက်ခေါက်အခါခါသွားပြီး မေမြန်းစုံစမ်း နာယူကြရတယ်။ ခွင့်ပြုချက်ရမှ အင်းစိန် ထောင်ဘူးဝကို ၂ ပတ် တကြိမ်ပစ္စည်းတွေ သွားပို့ကြရတယ်။ အဲဒီအချိန်က အင်းစိန်ထောင်ဘူးဝဟာ အင်မတန် လူစည်ကားတယ်။ ထောင်ဘူးဝရှေ့ရောက်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်။

မနက် ဝေလီဝေလင်း ၄ နာရီလောက်ကစပြီး အင်းစိန်အကျဉ်းထောင်ဝင်းရှေ့ကို အရောက်သွား တန်းစီရတယ်။ အင်းစိန်နဲ့ အနေဝေးသူတွေ အခက်အခဲဒုက္ခရောက်ကြတယ်။ အခုလို လိုင်းကားမပေါသေးလို့ ကြားကားတွေအဆင့်ဆင့်စီးပြီး အင်းစိန်ထောင်ရောက်အောင်သွားရတယ်။ ထောင်ရှေ့အဝင်ဂိတ်မှာ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတွေပြ၊ လူတွေစစ်ဆေး၊ ပစ္စည်းတွေ ရှာဖွေစစ်ဆေးခံပြီးမှ အင်းစိန်အကျဉ်းထောင်ဝင်းထဲကို ဝင်ခွင့်ရတယ်။ မိသားစု ၂ ဦးသာ ဝင်ခွင့်ပြုတယ်။ နောက်ထပ်လည်း ထောင်ဘူးဝရှေ့မှာ တန်းစီစောင့်ကြရပြန်တယ်။ မနက် ၉ နာရီ၊ ၁၀ နာရီလောက်မှာ တာဝန်ရှိသူဆိုသူများ ရောက်လာပြီး တဦးချင်းနာမည်ခေါ်၊ ပေးမယ့်ပစ္စည်းတွေ တခုချင်းထပ်ပြီး စစ်ဆေး။ တချို့ပစ္စည်းတွေပေးခွင့်မရှိ အပယ်ခံရတယ်။

အဲဒီ အင်းစိန်အကျဉ်းထောင်ဘူးဝရှေ့မှာ ပါဆယ်ပို့သူ အချင်းချင်း မိတ်ဆက်သိရှိခင်မင်သွားကြတော့တယ်။ အဲဒီလိုပဲ ထောင်ထဲရောက်နေသူတွေကလည်း အတူတူနေရင်း သိကျွမ်းခင်မင်သွားခဲ့ကြတယ်။ ဒီနည်းနဲ့ ထောင်တွင်းရော၊ ထောင်ပြင်ပါ အသိမိတ်ဆွေတွေ တိုးပွားခဲ့ကြတယ်။

ဆရာမောင်သော်ကဟာ ရွှေဘိုသား ဖြစ်တယ်။ အစ္စလာမ်ဘာသာဝင်ဖြစ်ပြီး ၁၉၂၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှာ အဖ ဦးမှန်ကြီး၊ အမိ ဒေါ်မြိုင်တို့ကနေ ရွှေဘိုမြို့မှာ မွေးပါတယ်။ ငယ်စဉ်က မန္တလေးမြို့ အမျိုးသားအထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့တယ်။ ၁၉၄၇ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့တယ်။ တက္ကသိုလ်ဝင်တန်းအောင်ပြီးနောက် ဗမာ့တပ်မတော်ရေတပ်ကို ဝင်ခဲ့တယ်။ ရေတပ်သားအဆင့်ကစလို့ တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့တယ်။ ရေတပ်မတော်မှာ ဗိုလ်မှူးအဆင့်ထိရောက်ရှိ တာဝန်ထမ်းဆောင်ဖူးတယ်။ ဗမာ့ရေတပ်မတော်မှာ အစဉ်အလာကြီးသူ ဗိုလ်မှူးတဦး ဖြစ်ပါတယ်။ ဗိုလ်မှူးအဆင့်နဲ့ တာဝန်ထမ်းဆောင်နေစဉ် ၁၉၆၅ ခုနှစ်မှာ မဆလစစ်အစိုးရရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရတယ်။ ဇနီးဖြစ်သူပါ ထိန်းသိမ်းခံရတယ်။

၁၉၆၉ ခုနှစ်မှာ အထိန်းသိမ်းခံဘဝက ပြန်လည်လွတ်မြောက်ခဲ့တယ်။ ၁၉၆၉ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ ဆရာမောင်သော်ကဟာ မဆလအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနကထုတ်ဝေတဲ့ 'ရှေ့သို့–Forward' စာစောင်မှာ အယ်ဒီတာချုပ်တာဝန် ထမ်းဆောင်ရတယ်။ ၁၉၇၇ ခုနှစ်မှာ 'ရှေ့သို့' စာစောင် စာတည်းချုပ်တာဝန်ကနေ နုတ်ထွက်ခဲ့တယ်။ ပုဂ္ဂလိကအနေနဲ့ ရေကြောင်းဆိုင်ရာ ရေတပ်ပညာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းတွေ ဖွင့်လှစ်ပို့ချတယ်။ အောင်မြင်မှုရခဲ့တယ်။ ဆရာမောင်သော်ကဟာ စာပေအနုပညာ ဝါသနာပါ မြတ်နိုးသူတယောက်ဖြစ်တယ်။ ဗမာ့ ရေတပ်မတော်မှာ တာဝန်ထမ်းဆောင်ချိန်ကာလကတည်းက စာတွေရေးခဲ့တယ်။ မြဝတီ၊ ရှုမဝ၊ ပေဖူးလွှာစတဲ့မဂ္ဂဇင်းတွေမှာ ဝတ္ထုတို၊ ဝတ္ထုရှည်တွေ ရေးသားခဲ့တယ်။ စာပေလောကမှာလည်း အောင်မြင်တဲ့ ကြယ်တပွင့် ဖြစ်ခဲ့ပါတယ်။

ဆရာမောင်သောကဟာ လုံးချင်းဝတ္ထုတွေလည်း ရေးသားထုတ်ဝေခဲ့ပါတယ်။ 'အဏ္ဏဝါသိုက်မြော၊ ဂျယ်နီဝှာတို့၏ကမ္ဘာ၊ မောင်သော်ကရဲ့ ကိုကြီးကျော်၊ ပို့သခဲ့သော မေတ္တာများ၊ သံနှိုဌာန်ကျွန်းပေါ်မှ ရဲဘော်မောင်ညို၊ တိုက်ရေယာဉ် ၁၀၃' စာအုပ်တွေဖြစ်ပါတယ်။ အဲဒီအထဲမှာ သံနှိုဌာန်ကျွန်းပေါ်မှ ရဲဘော်မောင်ညိုနဲ့ တိုက်ရေယာဉ် ၁၀၃ တို့ဟာ ထင်ရှားကျော်ကြား လူကြိုက်များပါတယ်။ တိုက်ရေယာဉ် ၁၀၃ဟာ ဆရာ ဗမာ့ရေတပ်မတော်မှာ အမှုထမ်းခဲ့စဉ်က တကယ်တွေ့ကြုံခဲ့တဲ့အကြောင်းအရာကို ရေးဖွဲ့ထားတာဖြစ်တယ်။ ကံကောင်းလွန်းလို့ ကယ်တင်မယ့်သင်္ဘောနဲ့တွေ့ပြီး အသက်ဘေးကလွတ်ကင်းခဲ့ရတဲ့ ဖြစ်ရပ်မှန်ဖြစ်တယ်။ ဆရာဟာ ဝတ္ထုရေးတာအပြင် ဘာသာပြန်ကဗျာတွေကိုလည်း ရေးပါသေးတယ်။ ကဗျာကိုပါ ချစ်ခင်မြတ်နိုးသူတယောက်ဖြစ်တယ်။ စွန်းနစ်ကဗျာများနဲ့ ကဗျာဘူကေးစာအုပ်တွေဟာ ဆရာမောင်သော်ကရဲ့ ဘာသာပြန်တွေဖြစ်ပါတယ်။

ဆရာမောင်သော်ကဟာ အနုပညာစာပေသမား ပီသတယ်။ စစ်မှန်တဲ့စာပေစိတ်နဲ့ စာပေသစ္စာရှိသူ၊ စာပေကလောင်စွမ်း ထက်မြက်သူဖြစ်တယ်။ ထောင်တွင်းအကျဉ်းကျခံနေရစဉ် ဆရာနေခဲ့တဲ့ တိုက်ခန်းနံရံတွေမှာ ဘာသာပြန် ကဗျာတပိုင်း၊ တပုဒ်ကို ရေးထားတတ်တယ်။

– သံတိုင်သံတန်း၊ ကာရံဝိုင်းလည်း၊ အချုပ် မ,မည်။

– ကျောက်ဆောင်ကျောက်တံတိုင်း၊ ကာရံဝိုင်းလည်း၊ ထောင်တံတိုင်း မ,မည်။

– စိတ်တွင်တည်ငြိမ်၊ ကျောင်းသိမ်ထင်ရ၊ တရားဓမ္မပင်ရသေးသည်။

ဒီကဗျာလေးကို ဆရာနေထိုင်ခဲ့တဲ့ ထောင်တွင်း အခန်းနံရံတခုကနေ တွေ့ရှိရတာပါ။ ဒီကဗျာလေးကိုကြည့်ရင် ဆရာ့ရဲ့ အတွေးအမြင် ခံယူချက်နဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုကို မှန်းဆသိရှိနိုင်ပါတယ်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးပေါ်ပေါက်လာတဲ့ကာလက ဆရာဟာ စာပေအသိ၊ နိုင်ငံရေးအသိယဉ်ကျေးမှု ရေချိန်မြင့်မားသူ၊ နိုင်ငံသားကောင်းပီသသူပီပီ အမှန်တရားကို ဖော်ထုတ်ဖို့အတွက် ပြည်သူဘက်ကနေ မားမားမတ်မတ် ရပ်တည်ပြခဲ့တယ်။ 'စာပေနှင့်အနုပညာရှင်များအဖွဲ့' ကို ဦးဆောင်ဦးရွက်ပြုသူတွေထဲမှာ ဆရာဟာ ခေါင်းဆောင်တဦးအဖြစ် ပါဝင်ခဲ့တယ်။ သမဂ္ဂများဖွဲ့စည်းချိန်မှာလည်း ဆရာဟာ နောက်ချန်မနေဘဲ 'စာနယ်ဇင်းသမဂ္ဂ'ဥက္ကဋ္ဌအဖြစ် တာဝန်ယူတယ်။ ပါတီတွေဖွဲ့စည်းချိန်ရောက်ပြန်တော့လည်း 'တတ်သိပညာရှင်' တဦးအနေနဲ့ အဲန်အယ်လ်ဒီအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှာ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့တယ်။ အဲန်အယ်လ်ဒီပါတီရဲ့ 'အများပြည်သူ သဘောမတူသည့် အမိန့်ဟူသမျှ ဖီဆန်ကြ' ဆိုတဲ့ ဆောင်ပုဒ်ကို ညှိနှိုင်းရွေးချယ်ရာမှာ ဦးဝင်းတင်နဲ့အတူ ဆရာမောင်သော်က ပါဝင်ခဲ့ပါတယ်။

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၂၁ရက်နေ့မှာ စစ်အစိုးရရဲ့ ဖမ်းဆီးခြင်းကို ဆရာမောင်သော်က ခံရတယ်။ နဝတ စစ်အစိုးရက ဆရာမောင်သော်ကကို '၈၈ ခုနှစ်အရေးတော်ပုံကာလအတွင်း ဗမာ့တပ်မတော်ရေတပ်သားများကို အရေးတော်ပုံအတွင်း ပါဝင်လာအောင် လှုံ့ဆော်စည်းရုံးအားပေးအားမြှောက်ပြုသည်'လို့ စွဲချက်တင်ခဲ့တယ်။ အထူးစစ်ခုံရုံးက နိုင်ငံတော်သစ္စာဖောက်ဖျက်မှုပုဒ်မနဲ့ ထောင်တသက်တကျွန်း၊ အနှစ် ၂၀ ပြစ်ဒဏ် ချမှတ်လိုက်တယ်။ အဲဒီအချိန်က စစ်အစိုးရရဲ့အထူးစစ်ခုံရုံးတွေမှာ အကျိုးဆောင် ငှားခွင့်၊ တရားမျှတစွာ ထုချေလျှောက်လဲခွင့်၊ မိသားစုတွေကို အသိပေးတက်ရောက်ခွင့် လုံးဝ မပေးခဲ့ဘူး။ လူမသိ သူမသိ၊ တိတ်တဆိတ် တဖက်သတ်စီရင်ချက်ချခဲ့တာဖြစ်တယ်။ ဥပဒေကြောင်းအရ ဘာခံစားခွင့်မှ မရခဲ့။ နိုင်ငံရေးသမားအားလုံးကို ဒီနည်းအတိုင်း ပြစ်ဒဏ်တွေ ချမှတ်စီရင်ခဲ့တယ်။ မြန်မာနိုင်ငံ အကျဉ်းထောင်တွေမှာ နိုင်ငံရေးအကျဉ်းသားမရှိဆိုပြီးတော့တောင် အရှက်မရှိ ဖြောင်ကျကျ ကမ္ဘာကိုလိမ်ညာခဲ့တယ်။

ဆရာမောင်သော်ကဟာ ထောင်သွင်းအကျဉ်းခံထားရချိန်မှာ ကျန်းမာရေးတဖြည်းဖြည်းဆိုးဝါးလာတယ်။ အနေအထိုင် ကျဉ်းကြပ်မှု၊ အစားအသောက်ညံ့ဖျင်းမှု၊ သန့်ရှင်းရေး အနေအထိုင်မကောင်းမှု၊ ဆေးဝါးကုသခွင့် မလုံလောက်မှုတွေကြောင့် ပင်ကိုယ်ကျန်းမာရေးကောင်းသူတွေတောင် ကျန်းမာရေးထိခိုက်ပြီး ရောဂါဝင်လာကြတယ်။ ဆရာ့သမီးဖြစ်သူ မန္တလေးကနေ ထောင်ဝင်စာလာတွေ့ချိန်မှာ ကျန်းမာရေးမကောင်းလို့ သူကြားကြားခံတော့မှာမဟုတ်ကြောင်း၊ ပြန်လွတ်ရင်လည်း ဘာမှလုပ်နိုင်တော့မှာမဟုတ်ကြောင်း အသိပေးပြောကြားခဲ့တယ်။ ဝမ်းနည်းအားငယ် စကားဆိုခဲ့တယ်။ ကျနော်လည်း စာရေးဆရာကြီး သခင်မြသန်း ဘာသာပြန်တဲ့ **'သံမဏိသူရဲကောင်း'**ဝတ္ထုထဲက ဇာတ်ကောင်ပေဗယ်လ်ကို စံနမူနာယူပြီး ဆရာ့ရဲ့ အစွမ်းထက်တဲ့ ကလောင်လက်နက်နဲ့ တိုင်းပြည်အတွက် ဆက်လက်တိုက်ပွဲဝင်နိုင်တဲ့အကြောင်း ဆရာ့သမီးကတဆင့် စကားလက်ဆောင်ပါးလိုက်တော့ ဆရာက ဝမ်းသာအားရလက်ခံကြောင်း၊ ကျေးဇူးတင်ကြောင်း တုံ့ပြန်ပြောခဲ့ပါတယ်။

ဆရာဟာ အကျဉ်းထောင်အတွင်းမှာ နိုင်ငံရေးပုဒ်မ အကျဉ်းသမားတယောက်ရဲ့ ဂုဏ်သိက္ခာနဲ့အညီ ရပ်တည်နေထိုင် ကျင့်သုံးသွားသူဖြစ်တယ်။ ဆရာထောင်ထဲမှာ ရှိနေချိန်အတွင်းမှာပဲ ဆရာ့ဇနီးနဲ့ သားကြီးဖြစ်သူတို့ ကွယ်လွန်သွားကြတယ်။ ဒီမိုကရေစီရရှိရေးအတွက်၊ လူ့အခွင့်အရေးရရှိရေးအတွက်တိုက်ပွဲနေသူ ဆရာမောင်သော်ကဟာ ဒီမိုကရေစီအခွင့်အရေးနဲ့ လူ့အခွင့်အရေးတွေကို အဆုံးရှုံးခံနေရပါတယ်။ ဆရာ့ရဲ့ ချစ်လှစွာသောဇနီးနဲ့ သားကြီးဖြစ်သူတို့

စာမျက်နှာ (၁၅) ကော်လံ (၁) သို့ ...

# မြန်မာနိုင်ငံကို စီးပွားရေးအရဒဏ်ခတ်အရေးယူရေး ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် အောင်မြင်စွာဆောင်ရွက်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းသည် ဒီဇင်ဘာ(၁၁) ရက်နေ့တွင် ကနေဒါနိုင်ငံ ပါတီစုံပါလီမန် ကော်မတီ၌ မြန်မာနိုင်ငံအား စီးပွားရေးအရ ဒဏ်ခတ်အရေးယူဆောင်ရွက်ရေးအတွက် တင်ပြခဲ့ရာ ပါတီစုံလွှတ်တော်အမတ်များက တခဲနက် ထောက်ခံအတည်ပြုခဲ့ကြကြောင်း သိရသည်။

ကနေဒါအစိုးရအား ပါတီစုံမှအမတ် အများစုက မြန်မာစစ်အာဏာရှင်တို့အား ဆက်လက်၍ စီးပွားရေးပိတ်ဆို့ရန်နှင့် ရင်း နှီးမြှုပ်နှံမှုများပိတ်ပင်ရန် တောင်းဆိုခဲ့သည့် အမျိုးသားညီလာခံကိုလည်း တဖက်သတ် ဆက်လက်ကျင်းပနေကြောင်း၊ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဝေး ကွာသွားပြီဖြစ်ကြောင်း၊ နိုင်ငံတကာဖိအား အမှန်လိုအပ်ကြောင်း ရှင်းလင်းတင်ပြခဲ့ သည်။ အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီမှ ပြောရေးဆိုခွင့်ရှိသူ စဘောဂဲဒေးက "ကမ္ဘာ ပေါ်မှာ ဒီမိုကရေစီရေးကို တားဆီးဆန့် ကျင်နေတဲ့နိုင်ငံတွေကို ကုလသမဂ္ဂမှာ တင်ပြ အရေးယူဖို့ ကနေဒါလို ဒီမိုကရေစီနိုင်ငံကြီး များတွင် တာဝန်ရှိကြောင်း ထုတ်ဖော်ပြော ကြားခဲ့သည်။

ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းနှင့်အဖွဲ့သည်



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကို ကနေဒါခရီးစဉ်တွင်တွေ့မြင်ရစဉ်

အတွက် ညွန့်ပေါင်းအစိုးရ၏ နိုင်ငံရေးရာ အောင်ပွဲတရပ်ဖြစ်ကြောင်း ဝါရှင်တန်မြို့နေ မြန်မာတဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်က "နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဟာ ပြည်သူ တွေကိုအကျိုးမဖြစ်ဘဲ ဖိနှိပ်တဲ့စစ်အာဏာ ရှင်တွေရဲ့ အကျိုးဖြစ်နေတယ်၊ ဒါကိုကန့် ကွက်ရမယ်၊ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုနဲ့ ဆက် စပ်တဲ့ လူအခွင့်အရေးချိုးဖောက်မှုတွေရှိ နေတယ်။ ဒါတွေကိုဆက်ပြီး ကန့်ကွက်ရ မယ်" ဟု တွေ့ဆုံမေးမြန်းခန်းတခုတွင် ပြော ကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား အကျယ် ချုပ်သက်တမ်း(၁)နှစ် တိုးမြှင့်လိုက်ပြီးသည့် နောက်ပိုင်းတွင် ညွန့်ပေါင်းအစိုးရ ဝန်ကြီး ချုပ်က ကနေဒါနိုင်ငံသို့ ယခုလိုသွားရောက် ၍ ပါလီမန်၌ မိန့်ခွန်းပြောကြားခြင်းဖြစ်ပြီး လွှတ်ပေးသည့်အကျဉ်းသား (၉,၀၀၀)အနက် ၄၀မျှသာ နိုင်ငံရေးအကျဉ်းသားဖြစ်ကြောင်း၊ ကနေဒါနိုင်ငံမှ ဥရောပသို့ဆက်လက်ထွက်ခွာ ပြီး မြန်မာနိုင်ငံဒီမိုကရေစီရေးတွင် နိုင်ငံတ ကာ့ဖိအားမှု ပိုမိုတိုးပွားလာရန် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဒေါက်တာစိန်ဝင်းသည် အဲန်အယ်လ်ဒီ ၏ကိုယ်ပွားပါတီဖြစ်သော အမျိုးသားဒီမိုက ရေစီပါတီ( PND )၏ဥက္ကဋ္ဌဖြစ်ပြီး ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်တဦး ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ဖခင် ဗိုလ်ချုပ် အောင်ဆန်း၏အကို (အာဇာနည်ခေါင်း ဆောင်ကြီး ဦးဘဝင်း၏သားကြီးဖြစ်လျက် ဂျာမနီမှသချင်္ချာပါရဂူဘွဲ့ရ ပညာတတ်တဦး ဖြစ်သည်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲအပြီး ဒီဇင်ဘာ(၁၈)ရက်နေ့တွင် အမျိုးသားညွန့် ပေါင်းအစိုးရကို မာနယ်ပလောတွင် ဖွဲ့စည်းစဉ်ကတည်းက ဦးဆောင်ခဲ့သည်။

❖

" ပြင်းထန်တဲ့အရေးယူမှုတွေသာ ဒီမိုကရေစီရေးအတွက် မျှော်လင့်ချက်ရှိတယ် "

ဒေါက်တာစိန်ဝင်း
ဝန်ကြီးချုပ်
ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ



ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရကို ၁၉၉၀ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့က တော်လှန်ရေးနယ်မြေဖြစ်သည့် မာနယ်ပလောတွင် စတင်ဖွဲ့စည်းစဉ်က။

# နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် စစ်အုပ်စုကို ညွန့်ပေါင်းအစိုးရတိုက်တွန်း

အတိတ်ကမှားယွင်းမှုများကို သင်ခန်း စာယူ၍ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်း လွှတ်ကာ နိုင်ငံရေးအရ စစ်မှန်သည့်တွေ့ဆုံ ဆွေးနွေးပွဲများအမြန်ဆုံးစတင်ရန် ပြည် ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်း အစိုးရ အဲန်စီဂျီယူဘီက နအဖ စစ်အုပ်စုကို တိုက်တွန်းတောင်းဆိုလိုက်သည်။

အဆိုပါတောင်းဆိုချက်ကို ဒီဇင်ဘာ (၁၈)နေ့တွင်ကျရောက်သည့် အမျိုးသား ညွန့်ပေါင်းအစိုးရ တည်ထောင်သည့် (၁၄) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ကြေညာ ချက်ထုတ်ပြန်၍ တောင်းဆိုလိုက်ခြင်းဖြစ် သည်။

အဲန်စီဂျီယူဘီကို ၁၉၉၀ခုနှစ်၊ ဒီဇင်ဘာ လ(၁၈)ရက်နေ့က တော်လှန်ရေးနယ်မြေ ဖြစ်သည့် မာနယ်ပလောတွင် စတင်ဖွဲ့စည်းခဲ့ ခြင်းဖြစ်ပြီး (၁၄)နှစ်တာကာလအတွင်း မြန်မာ့ဒီမိုကရေစီရေးကို နိုင်ငံတကာက အာရုံစိုက်လာစေရေး အပါအဝင် စစ်အုပ်စု အပေါ် ဖိအားများတိုး မြှင့်လာရန်၊ မြန်မာ့ အရေးအတွက် ကုလသမဂ္ဂက အထွေထွေ အတွင်းရေးမှူးချုပ် ကိုယ်တိုင်ကြားဝင် ဆောင်ရွက်မှုရရှိလာရန်၊ ထို့အပြင် လိပ်ခဲ တည်းလည်းဖြစ်နေသည့် မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေး ညှိနှိုင်းသည့်အဆင့်သို့ရောက်လာရန်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

❖

# ပါရီမြို့တော်သူဆု ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့် ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းမှ ကိုယ်စားဆုလက်ခံရယူ

ဒီဇင်ဘာလ(၁၀)ရက်နေ့၊ နံနက်(၁၀) နာရီတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပြင်သစ်နိုင်ငံ၏ ဂုဏ်ထူးဆောင် ပါရီမြို့တော်သူဆုချီးမြှင့်ပွဲ အခမ်းအနားတရပ်ကို ပါရီမြို့တော်တွင် ကျင်း ပရာ သူမ၏ကိုယ်စား မောင်ဝမ်းကွဲတော် စပ်သူ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီး ချုပ်ဒေါက်တာစိန်ဝင်းမှ ဆုလက်ခံရယူခဲ့သည် ဟု သိရှိရသည်။

ဆုပေးပွဲတွင် ဝန်ကြီးချုပ်မှ ကျေးဇူး တင်စကားပြောကြားရာ၌ ယခု ပါရီမြို့တော် သူဆုချီးမြှင့်ခံရခြင်းသည် မြန်မာ့ဒီမိုကရေစီ ရေးလှုပ်ရှားမှုအတွက် စိတ်ဓာတ်ရေးရာ အရ များစွာအားရှိကြောင်း၊ လက်တွေ့အား ဖြင့်လည်း လုပ်နိုင်မည့်အခြေအနေ များစွာရှိ ကြောင်းပြောကြားသွားသည်။ ဒုတိယ ပါရီ မြို့တော်ဝန်ကြီး ရှာပီလာက ဒေါ်အောင်ဆန်း စုကြည်အား ဆုချီးမြှင့်ရခြင်း၏အကြောင်း အရင်းကိုရှင်းပြရာ၌ ဒေါ်အောင်ဆန်းစု ကြည်၏ ပြည်သူတွေနှင့်အတူ ဒီမိုကရေစီရရှိ ရေးအတွက် အကြမ်းမဖက်တိုက်ပွဲဝင်နေမှု အပေါ်အားပေးလို၍ ဆုရွေးချယ်ခြင်းဖြစ် ကြောင်း၊ ဤဆုပေးခြင်းအားဖြင့် မြန်မာ့ ဒီမိုကရေစီလှုပ်ရှားမှုကို ပြင်သစ်နိုင်ငံမှလည်း ပို၍ အာရုံစိုက်လာမည်ဖြစ်ကြောင်း တကမ္ဘာ



ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းအား ဆုလက်ခံအပြီး တွေ့မြင်ရစဉ်

လုံးက မြန်မာနိုင်ငံရေးအခြေအနေ အမှန်ကိုသိ စေချင်ကြောင်း ပြောကြားသွားသည်။

ထိုဆုရရှိရေးအတွက် အရှိန်အဝါကြီး မားသော Green ပါတီမှ အဆိုတင်သွင်းခဲ့ ခြင်းဖြစ်ပြီး ဆုချီးမြှင့်ခဲ့သည့် မြို့တော်ကောင်စီ သည် အစိုးရနှင့်မပတ်သက် သီခြားလွတ်လပ် ခွင့်ရှိသည့် အဖွဲ့အစည်းတရပ်ဖြစ်ကြောင်း သိရှိရသည်။ ယင်းဆုချီးမြှင့်သည့်အတွက် ပြင်သစ်အစိုးရကိုယ်တိုင် ၎င်းတို့ကျင့်သုံးနေ သည့် လက်ရှိမြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပေါ်လစီကို ပြန်လည်သုံးသပ်ပြီး စီးပွားရေး ပိတ်ဆို့မှုများကိုလုပ်ရန် EU ၏ ပေါ်လစီ အတိုင်းလိုက်နာရန် အခြေအနေများဖြစ် ထွန်းလာနိုင်သည်ဟု ဆိုသည်။

ရွှေသားနှင့်ထွင်းထုထားသော ပါရီမြို့ တော်သူဆုသည် အချင်း(၃)လက္မခန့်ရှိပြီး၊ ပါရီမှ ဒေါ်အောင်ဆန်းစုကြည်သို့ဟု ပြင်သစ် လိုရေးသားထားသည့် စာတမ်းပါရှိသည်။ ပါရီမြို့တော်ခန်းမ၏ တံဆိပ်ရိုက်နှိပ်ထား သည်ဟု သိရှိရသည်။ ❖

# ပါကမ်တောင်ကြား ဖြစ်သွားပြီလား

ငှန်းမိုင်း

(၁)

'ပါကမ် ကုန်းမြင့်ပေါ်က သစ်ပင်၊ မြက်ပင် ရန်သူ့တပ်သား ထင်'

**ဆွန်ဇူး**

စစ်မြင်းတွေက ပြန်ဆုတ်၊ စစ်ရထားဘီးတွေက ပြုတ်ထွက်၊ ကိုယ့်တပ်က စပြို၊

တပ်ရဲ့အိန္ဒြေက ထိမ်းလို့သိမ်းလို့မရအောင် ဖရိုဖရဲဖြစ်လာပြီဆိုရင် ....

တဖက်တပ်ရဲ့ အလှုပ်အရှားကို ပိုပြီးကြောက်လာ၊

တဖက်တပ်ရဲ့ စစ်မောင်းသံက ပိုပြီး ကျယ်လောင်မြည်ဟီးတယ်လို့ စိတ်ကထင်၊

တဖက်တပ်ဦးအလံက ကိုယ့်တပ်ဦးက အလံထက် ပိုပြီးလွင့်၊ ပိုပြီးမြင့်တယ်လို့ အထင်ရောက်၊

မြင်မြင်တကာ အကုန်လုံး ထင်ရောင်ထင်မှားတွေဖြစ်၊ အကြောက်ကြောက်အလန့်လန့်တွေနှင့် တဖက်တောင်ကုန်းပေါ်က အရိပ်အရောင်မှန်သမျှ လန့်ဖြန့်။ နောက်ဆုံး 'ပါကမ်ကုန်းမြင့်ပေါ်က သစ်ပင်မြက်ပင် ရန်သူတပ်သား ထင်'ဆိုတဲ့ အဆင့်ကိုရောက်သွားတတ်ပါသတဲ့။

ကမ္ဘာကျော် တရုတ်စစ်ကျမ်းကို ပြုစုသူ ဆွန်ဇူးက ပြောပြခဲ့တာပါ။

ဒေါ်စုကို အကျယ်ချုပ်နဲ့ တနှစ်တိုးလိုက်တယ်။

ခြံထဲမှာ လုံခြုံရေးတာဝန်ယူနေတဲ့ လူငယ်တွေကို လျှော့ချခိုင်းတယ်။

မိသားစုဆရာဝန် လာရောက်ကြည့်ရှုခွင့်ကို ကန့်သတ်လိုက်တယ်၊

ရုပ်ပျက်ဆင်းပျက်ခံပြီး ဒီလောက်တောင် ဘာကြောင့်ကန့်သတ်တာလဲ၊ ဘာကြောင့် ဒီလောက် စိုးရိမ်ကြောင့်ကြနေရတာလဲ။ စစ်အုပ်စုအတွက်တော့ မြန်မာနိုင်ငံဟာ ပါကမ်တောင်ကြား ဖြစ်သွားပြီလား။

(၂)

လူထုရဲ့အရှိန်က တရိပ်ရိပ်တက်လာပြီဆိုရင် လူထုကြီးဟာ အပြောင်းအလဲတခုအတွက် အဆင်သင့်ဖြစ်သထက်ဖြစ်လာပြီဆိုရင် လူထုကြီးနဲ့ လူထုခေါင်းဆောင်ကို ဖြတ်တောက်ပစ်တာ၊ ခွဲထုတ်ပစ်တာကလည်း ဖန်တရာတေနေတဲ့ မဲပြာပုဆိုး ဆေးမြီးတိုပါပဲ။

ဆားခွန်မဆောင်ရေး လူထုတိုက်ပွဲတွေ အရှိန်တက်လာတဲ့အခါ နိုင်ငံခြားဖြစ်ပစ္စည်းမှန်သမျှ ဆန့်ကျင်ကြဆိုတဲ့ ဝိသာနုလှုပ်ရှားမှုတွေရှေ့ရောက်လာတဲ့အခါ သကျဂရုဟ လမ်းစဉ်ကိုင်စွဲထားတဲ့ လူထုခေါင်းဆောင် မဟတ္တမဂန္ဒီလည်း သံတိုင်တွေနောက် ရောက်သွားခဲ့ရဖူးတယ်။

တပါတီအာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး ကြွေးကြော်သံတွေ လှိုင်းထနေတဲ့အခါ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲနဲ့ မှန်မှန်ကန်ကန်ယှဉ်ပြိုင်မှုကို ဖိလစ်ပိုင်ပြည်သူတွေက တခဲနက်တောင်းဆိုလာတဲ့အခါ ....

မစ္စတာ အကွီနိုကို အာဏာရှင် မားကိုစ်က လေယဉ်ပေါ်ကအဆင်းမှာ သေနတ်နဲ့ ပစ်သတ်ခဲ့ဖူးတယ်။

၁၃၀၀ ပြည့်၊ လူထုလှုပ်ရှားမှုကြီးက သိပ်ကြီးလာတဲ့အခါ ....

အလုပ်သမား၊ လယ်သမားတွေနဲ့ ကျောင်းသားတွေရဲ့ညီညွတ်မှု သိပ်သည်းလာတဲ့အခါ ....

နယ်ချဲ့သမားချင်း စားကျက်လုတဲ့စစ်ပွဲကို အမျိုးသားလွတ်မြောက်ရေးစစ်ပွဲအဖြစ် ပြောင်းလဲပစ်နိုင်ဖို့ တို့ဗမာအစည်းအရုံးက လူထုကြီးကို ထောက်ပြစည်းရုံးလိုက်တဲ့အခါ

သခင်အောင်ဆန်းကို ဖမ်းဝရမ်းထုတ်၊ ဆုတော်ငွေ ၅ ကျပ်ဆိုပြီး သိက္ခာချ၊ တို့ဗမာအစည်းအရုံးကြီးရဲ့ ထိပ်တန်းခေါင်းဆောင်တွေအကုန်လုံး ထောင်ထဲထည့်ပစ်ခဲ့ကြဖူးတယ်။

စစ်ပြီးခေတ်မှာလည်း နေသူရိန်လူထုအစည်းအဝေးတွေခေါ်၊ ရွှေတိဂုံအလယ်ပစ္စယံ တရားပွဲတွေ ကျင်းပ၊ ဆန်းနှင့် သန်းခေတ်တွေကို ဖြတ်သန်း၊

'ကျနော်တို့လူငယ်တွေ ညီညွတ်ဖို့လိုတယ်၊ အထူးသဖြင့် လက်ဝဲလူငယ်တွေ ညီညွတ်ဖို့လိုတယ် ....'ဆိုတဲ့ ဗိုလ်ချုပ်ရဲ့စကား ထွက်လာပြီးတဲ့အခါ ....။ အမျိုးသားသွေးစည်းညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး လွတ်လပ်ရေးကို အရယူတော့မယ်ဆိုတဲ့အခါ ....။ အမျိုးသားညီညွတ်ရေးဗိသုကာ သခင်အောင်ဆန်းကို လုပ်ကြံသတ်ဖြတ်ခဲ့ဖူးတယ်။

ဒါတွေဟာ ဖောက်ပြန်တဲ့အုပ်စိုးသူတိုင်းရဲ့ အာဏာကို အရှုံးအမူးဖက်တွယ်ထားချင်သူတိုင်းရဲ့ မရိုးနိုင်တဲ့ဖော်မြူလာကွက်တွေပါပဲ။

(၃)

ကျနော် ၁၉၈၈၊ ၁၉၈၉ ကာလတွေကို အမှတ်ရမိတယ်။

ဒီကာလတွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လူထုစည်းရုံးရေးခရီးစဉ်တွေ အားကောင်းခဲ့တဲ့ ရွှေရောင်လွှမ်းသောနေ့ရက်များပါပဲ။ ဒီရွှေရောင်နေ့ရက်များထဲမှာကိုပဲ အကျည်းတန်မှုတွေက ဟိုတစ၊ ဒီတစ ပေါ်လာခဲ့ရပါတယ်။

'တနိုင်ငံလုံး ဒီမိုကရေစီရချင်ရမယ်၊ ငါ့ ရေဝတီတိုင်းမှာ မရစေရဘူး'တဲ့ တိုင်းမှူးဗိုလ်ချုပ်မြင့်အောင်ရဲ့ ရူးသွပ်ရမ်းကားတဲ့စကားပါ။

အဲဒီတုန်းက အဲဒီအသံက တော်တော်ပွက်လောရိုက်သွားတဲ့ အသံပါ။ တချို့ဆောင့်ကြွားကြွား၊ ရူးနှမ်းနှမ်း စစ်အရာရှိများအတွက် အစွမ်းကုန်ရူးသွပ်ခွင့်လိုင်စင် ချပေးလိုက်သလိုပါပဲ။

ဒါကြောင့်လည်း ရေဝတီတိုင်းစည်းရုံးရေးခရီးစဉ်ဟာ တကယ့်အားပြိုင်ပွဲဖြစ်ခဲ့ရတာပါ။

အဆိုးဆုံးက ဓနုဖြူ။

(၄)

မွန်ပြည်နယ် စည်းရုံးရေးခရီးစဉ်က အပြန်မှာလည်း အလားတူတခု ဖြစ်ခဲ့ရပြန်တယ်။

ပေါင်မြို့ကအထွက်မှာ စည်းရုံးရေးခရီးစဉ်ယာဉ်တန်းအပေါ်ကျော်ပြီး သေနတ်ဖောက်လိုက်တယ်။

'ဒေါ်စု .... ခင်ဗျားကို သတ်ပစ်လို့ရတယ်'လို့ ကြိမ်းဝါးပြလိုက်တဲ့သဘောပါ။

ဒါနဲ့ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီက ဒီလိုစဉ်းစားဖြစ်တယ်။ ဒီကနေ့ ဒေါ်အောင် ဆန်းစုကြည်ရဲ့အခန်းကဏ္ဍဟာ ကြီးတယ်။ ဒါကို စစ်အုပ်စုကလည်း ကောင်းကောင်းသဘောပေါက်နေပြီ။ ဒီတော့ ဒေါ်စုကို အချိန်မရွေးလုပ်ကြံလာနိုင်တယ်။ လုပ်ကြံတယ်ဆိုတာကလည်း လွယ်လွယ်လေးပဲ။ စစ်ဗိုလ်အရူးတယောက်လောက်ကို နောက်ကနေ နည်းနည်းလေးမြှောက်ပေးလိုက်ရုံပဲ။

အဲဒါကို ကျနော်တို့ တော်တော်စိုးရိမ်တယ်။ ဒါကြောင့် ပါတီကိုယ်စားဥက္ကဋ္ဌ ကိုမိုးသီးဇွန်ကတဆင့် သတိပေးခဲ့ကြတယ်။

'အမကြီး လုံခြုံရေးကို နည်းနည်းသတိထားရလိမ့်မယ် ထင်တယ်။ အမကြီးက NLD ရဲ့ခေါင်းဆောင်ဆိုတာထက် အခြေအနေကြီးတခုလုံးရဲ့ခေါင်းဆောင်၊ လူထုခေါင်းဆောင်ဖြစ်နေပြီ။ အမကြီးရဲ့ အခန်းကဏ္ဍက ပိုကြီးလာလေလေ ဒီကောင်တွေက ဒုက္ခပေးဖို့၊ လုပ်ကြံပစ်ဖို့ အားထုတ်လာနိုင်ခြေက ပိုပြီးများလေလေပဲ။ ကျနော်တို့အနေနဲ့ တော်တော်စိုးရိမ်တယ်' အဲဒီအချိန်မှာ ဒေါ်စုက ပြုံးတယ်။ တုန်လှုပ်သွားတဲ့ပုံ၊ စိုးရိမ်သွားတဲ့ပုံတော့ တစက်မှ မတွေ့ရဘူး။

ပြီးတော့မှ ရယ်စရာလိုလို၊ အတည်လိုလိုနဲ့ ဒီစကားကို ပြန်ပြောပါတယ်။

'ကျမ မကြောက်ပါဘူး။ ကျမကို သူတို့ ပစ်သတ်လို့ ကျမ သေသွားရင်လည်း ကျမ အလောင်းကို ကိုမိုးသီးဇွန်တို့ထမ်းပြီး ဆက်တိုက်ကြပေါ့'။

(၅)

ဒီလိုနဲ့ .... ဒေါ်စုနဲ့လူထုဟာ တထပ်တည်းဖြစ်သထက်ဖြစ်လာတယ်။

ကနေ့ အခြေအနေကြီးကို စနစ်တကျ ဦးဆောင်သွားနိုင်ဖို့ဆိုရင် တပါတီချင်း၊ အဖွဲ့အစည်းတခုချင်း ဆောင်ရွက်လို့မရနိုင်ဘူး၊ ကြီးမားကျယ်ပြန့်တဲ့၊ အင်အားစုတွေအားလုံးပါဝင်စုစည်းထားတဲ့ တပ်ပေါင်းစုတရပ်တည်ဆောက်ကြရတော့မယ်ဆိုတာလည်း လေးနက်သထက် လေးနက်လာကြတယ်။

ဒီလိုနဲ့ .... တပ်ပေါင်းစု(Driving Commettee)ကို (၉)ဦးနဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီ။ (၁၀၄)ပါတီရဲ့ ကိုယ်စားလှယ်အဖြစ် ဒေါ်စုကို ရွေးချယ်ခဲ့ကြပြီ။ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ အဲဒီတုန်းက နဝတဥက္ကဋ္ဌ ဗိုလ်စောမောင်ကို အကြောင်းကြားခဲ့ကြပြီ။ ဗိုလ်စောမောင်က တုံးတုံးခါးခါးကို ငြင်းပယ်လိုက်တဲ့အခါ 'အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ' ဆိုတဲ့ ကြွေးကြော်သံဟာ လူထုရဲ့ရင်ကို အများကြီး လှုပ်ခတ်သွားခဲ့တယ်။

ဒီလိုနဲ့ ဒေါ်စုရဲ့ အာဏာဖီဆန်ရေးတရားပွဲတွေမှာ လူထုကြီးရဲ့လိုက်ပါမှု၊ ဝန်းရံမှုဟာ တနေ့တခြား ကြီးထွားလာတယ်။

၁၉၈၉၊ ဇူလိုင် ၁၉ရက် အာဇာနည်နေ့ လူထုချီတက်ပွဲကိုသာ ဒေါ်စုရဲ့ ဦးဆောင်မှုနဲ့ လူထုကြီးကို ချီတက်ခွင့်ပြုလိုက်ရင်.... စစ်အုပ်စုအဖို့ စိတ်ကူးကြည့်ရုံနဲ့ပင် ကြက်သီးဖြန်းဖြန်းထသွားပုံရပါတယ်။

ဒီမှာတင်ပဲ.... စစ်ဒေသတွေကို လုပ်ပိုင်ခွင့်တွေတိုးပေးလိုက်ပြီး၊

စစ်ခုံရုံးတွေ နေရာတိုင်းမှာ ဖွဲ့စည်းစီရင်ခွင့်ပေးလိုက်ပြီး၊

ဥပဒေက မည်သို့ပင်ဆိုထားစေကာမူ စစ်ခုံရုံးမှ လုပ်ချင်သလိုလုပ်ပိုင်ခွင့်ကို ပေးလိုက်ပြီး၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်နဲ့ ဖမ်းဆီးလိုက်ပြီး၊

ရန်ကုန်ကို စစ်မြေပြင်တခုသဖွယ် ဘက်နက်တပ် ဂျီသရီး၊ ဂျီဖိုးတွေ အနှံ့အပြား တပ်ဖြန့်ချထားလိုက်ပြီး၊

(၈)တန်း ကျောင်းသူမှန်းမသိ၊ (၆)တန်း ကျောင်းသားမှန်းမသိ အတင်းရိုက်အတင်းဖမ်း၊ အတင်းလူစုခွဲနဲ့ .... လူထုကြီးနဲ့ လူထုခေါင်းဆောင်ကို ခွဲထုတ်ပစ်လိုက်ပါတော့တယ်။ လူထုကြီးရဲ့ တိုက်ပွဲအရှိန်အဟုန်ကို အကြမ်းဖက်ဖြိုခွဲ ဖျက်သိမ်းပစ်လိုက်ပါတော့တယ်။

(၆)

၁၉၉၀ ဇူလိုင် ၂၈၊ ၂၉တွေကို ကျနော် ဘယ်လိုမှ မမေ့နိုင်ဘူး။

ဂန္ဒီဟောဟာ လူပင်လယ်ကြီးထဲက ကျွန်းတကျွန်းလို ဖြစ်နေပါတယ်။ လူထုကြီးဟာ သူတို့ကိုယ်တိုင် ဘဝနဲ့ရင်းပြီးမဲပေးခဲ့ရတဲ့ ရွေးကောက်ပွဲရလဒ်ကို ဒီကျွန်းကြီးပေါ်ကို တင်ပေးလိုက်ကြပြီ။

သိပ်မဝေးတော့တဲ့ အချိန်တခုမှာ 'သူတို့ကိုယ်တိုင်ရွေးချယ်ခဲ့တဲ့ လူထုအစိုးရတရပ်ပေါ်ပေါက်လာတော့မယ်'ဆိုတဲ့မျှော်လင့်ချက်တွေနဲ့ လူထုကြီးရဲ့ရင်ခုန်သံဟာ ဂန္ဒီဟောကြေညာချက်အတွက် အတိုင်းမသိတဲ့ အားတွေ ဖြစ်စေခဲ့ပါတယ်။

ဒါတွေကို စစ်အုပ်စုက ကောင်းကောင်းမြင်ပါတယ်။ ဒါကြောင့်လည်း ဇူလိုင် ၂၇ရက်နေ့မှာ ၁/၉၀ ကို ကမန်းကတန်း ကြေညာလိုက်ပြီး ၉၀ ရွေးကောက်ပွဲရလဒ်ကို ၉၀ လူဖမ်းပွဲနဲ့ ရွှေ့လို့ရသလောက် ရွှေ့ပစ်လိုက်ပါတယ်။

နိုင်ငံရေးပါတီတွေကိုဖမ်း၊ ကျောင်းသားတွေကို ဖမ်း၊ ရဟန်းသံဃာတွေကို ဖမ်း၊ လူထုတွေကိုဖမ်းပြီး ရက်ရက်စက်စက် ထိုးစစ်ဆင်လာပါတော့တယ်။

(၇)

ပွဲသိမ်းလောက်ပြီ။ End Game ကို ရောက်ပြီလို့ စစ်အုပ်စုက သူ့ကိုယ်သူ အပိုင်တွက်လိုက်ပြီး ၁၉၉၅၊ ဇူလိုင် (၁၀)မှာ ဒေါ်စုကို ပြန်လွှတ်လိုက်ပါတယ်။ ဒေါ်စုနောက်မှာ လူထုရှိနေတယ်ဆိုတာကို သိနေပေမယ့် မနာလိုစိတ်နဲ့ လျှော့လျှော့တွက်ပုံရပါတယ်။ ဒေါ်စုဟာ လူထုကြီးရဲ့ Mandate ကိုရရှိထားသူဖြစ်လေတော့ စစ်အုပ်စုက မှန်းဆလို့မရတဲ့ အကွက်တွေနဲ့ ရှေ့ကို တလှမ်းတက်လိုက်ပါတယ်။

၁၉၉၅၊ နိုဝင်ဘာမှာ အမျိုးသားညီလာခံ အတုအယောင်ကို အတုအယောင်အဖြစ် ဖွင့်ချလိုက်ပါတယ်။ ၁၉၉၈၊ စက်တင်ဘာမှာ CRPP ကို ဖွဲ့စည်းလိုက်ပါတယ်။ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ တောင်းဆိုထားနေရင်းနဲ့ပဲ လူထုကြီးနဲ့အတူရှေ့ကို တလှမ်းတိုးလိုက်ပါတယ်။

ဒါကြောင့်ပဲ ကြောက်ဒူးတုန်နေတဲ့ စစ်အုပ်စုဟာ ၂၀၀၀၊ စက်တင်ဘာမှာ ဒေါ်စုကို ဖမ်းဆီးလိုက်ပြန်တယ်။ လူထုကြီးနဲ့ နိုင်ငံတကာရဲ့ဖိအားတွေကြောင့် ၂၀၀၂၊ မေ ၆ ရက်နေ့မှာ သမိုင်းစာမျက်နှာသစ်ကိုဖွင့်လှစ်လိုက်ပါပြီဆိုပြီး တခါပြန်လွှတ်ပြန်ပါတယ်။ စစ်အုပ်စုဝယ်တဲ့ဈေးနဲ့သာ ရောင်းခဲ့ရင် မေ ၆ ရက်နေ့ဟာ စစ်အုပ်စုအတွက် တကယ်ကို ကြည်နူးဖွယ်စာမျက်နှာသစ်ဖြစ်ခဲ့မှာ အမှန်ပါပဲ။

ထင်သလိုဖြစ်မလာတဲ့အခါမှာတော့ .... အမျိုးမျိုးကန့်သတ်တယ်၊ ချုပ်ချယ်တယ်၊ ခေါင်းနဲ့ကိုယ်ကို ဖြတ်တောက်ပစ်တယ်၊ ဖမ်းဆီးထောင်ချပစ်တယ်၊ NLD ပါတီရဲ့ လုပ်နိုင်ကိုင်နိုင်စွမ်း လှုံ့သွားကို တုံးသွားအောင်ရိုက်ချိုးပစ်တယ်။ ဝန်းရံနေတဲ့ အင်အားစုတွေကို မဝန်းရံရဲအောင် ခြိမ်းခြောက်တယ်၊ လူထုကြီးရဲ့ လိုက်ပါထောက်ခံမှုကို နည်းအမျိုးမျိုးနဲ့ ရှင်းထုတ်တယ်။

'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ'လို့ ဆုတောင်းမိတဲ့သူကိုတောင် ထောင် (၇)နှစ်ဆွဲချနေတဲ့ကြားကပဲ ဒေါ်စုရဲ့ ခရီးတလျှောက်မှာ လူထုကြီးဟာ ကြောက်ခမန်းလိလိ ဝန်းရံထောက်ခံခဲ့ကြတယ်။ ဒါကြောင့်လည်း စစ်အုပ်စုဟာ ဒီပဲယင်းလူသတ်ပွဲကို မရှက်နိုင်မကြောက်နိုင် အရူးအမူးကိုပဲ ပွဲကြမ်းပစ်လိုက်ပါတော့တယ်။

(၈)

အဲဒီ ဥပဒေမဲ့လုပ်ရပ်ကို မဖြေရှင်းပေး

စာမျက်နှာ (၁၄) ကော်လံ (၄) သို့ ...

# ပြည်သူ့စာဆိုကြီး (ဦး)တင်မိုး နယ်သာလန်နိုင်ငံမှ ကဗျာစာဆိုဆုရရှိ

နယ်သာလန်နိုင်ငံမှ ကွယ်လွန်သူ မင်းသားကြီးကလော့စ်(Prince Clause) အထိမ်းအမှတ် ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာကဗျာဆုရရှိခဲ့သည့် ပြည်သူ့စာဆိုကြီး ကဗျာဆရာ (ဦး)တင်မိုးအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားတရပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်ရှိ နယ်သာလန်ကောင်စစ်ဝန်ရုံး၌ ဒီဇင်ဘာ(၃၁)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါဆုကို ကမ္ဘာအရပ်ရပ်ရှိ ထူးချွန်သည့် စာပေ အနုပညာရှင်များ၊ တွေးခေါ်ပညာရှင်များ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်သူများ၊ အားကစားထူးချွန်သူများနှင့် လူမှုစောင့်ရှောက်ရေး လှုပ်ရှားမှုများအား အလေးထားရွေးချယ်၍ ၁၉၉၇ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ဆုရရှိသူ ဆရာကြီး (ဦး)တင်မိုးက ဆုရရှိသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း မြန်မာ့လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့အတွက် နိုင်ငံတကာမှ အားပေးနေသည့်အပေါ် ဝမ်းမြောက်ကြောင်း ဘီဘီစီအသံလွှင့်ဌာနနှင့် တွေ့ဆုံစဉ် ပြောကြားသွားခဲ့ပြီး မြန်မာ့ဒီမိုကရေစီရေးနှင့် လူ့အခွင့်ရေးကိစ္စများတွင် ကိုယ်တိုင်ပါဝင်ခဲ့သလို စာပေများနှင့်တိုက်ပွဲဝင်ရေးသားနေခြင်းကြောင့် ဆုရရှိသည်ဟုထင်ပါကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါဆုကို မြန်မာနိုင်ငံသားထဲ၌ ပထမဦးဆုံးအကြိမ်အဖြစ် ဆရာကြီး(ဦး)တင်မိုးကရရှိခဲ့ခြင်းဖြစ်ပြီး ဆုကြေးငွေအဖြစ်ယူရိုငွေ(၂၅,၀၀၀)ရရှိခဲ့သည်။ ဆရာနှင့်အတူ တာဂျစ်ကစ္စတန်၊ ဘူလ်တန်၊ ပါလက်စတိုင်းနိုင်ငံတို့မှ စာရေးဆရာများအား ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွက် ယူရိုငွေ(၁)သိန်းဆုကို ပါလက်စတိုင်းနိုင်ငံမှ ကဗျာဆရာ မာမွတ်ဒါဝတ် ချီးမြှင့်ခံရကြောင်း သိရသည်။❖



# ဗိုလ်မှူးကြီးဟောင်း စိန်မြ အောက်မေ့ဖွယ်အခမ်းအနား ပြည်သူ့ကာကွယ်ရေးတပ်၌ ကျင်းပ

ပြည်သူ့ကာကွယ်ရေးတပ်(PDF)၏ တပ်မှူး ဗိုလ်မှူးကြီးဟောင်းစိန်မြ ကျဆုံးခြင်း (၁၁)နှစ်မြောက် အခမ်းအနားကို လွတ်မြောက်နယ်မြေတနေရာရှိ (PDF)ဌာနချုပ်၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ (၁၂) ရက်နေ့၌ ကျင်းပရာ အမျိုးသားညွန့်ပေါင်း အစိုးရဝန်ကြီး ဦးခွန်မာရ်ကိုဘန်၊ အဲန်အယ်လ်ဒီ အယ်အေ ဥက္ကဋ္ဌ ဦးဝင်းခက်၊ ဒီမိုကရက်တစ်ဖိုရမ် အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင် အပါအဝင် မဟာမိတ်ခေါင်းဆောင်များကတက်ရောက်ဂါရဝပြုကြကြောင်း သိရှိရသည်။

ဦးစိန်မြသည် ၁၉၇၉ ခုနှစ်တွင် လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာပြီး ပြည်သူ့ကာကွယ်ရေးတပ်ကို တည်ထောင်ဖွဲ့စည်းခဲ့သည်၊ အဲန်စီယူဘီ၏ စစ်ရေးကော်မတီ (အဖွဲ့ဝင်)နှင့် အကြံပေးအဖွဲ့(အဖွဲ့ဝင်)အဖြစ်လည်းကောင်း၊ အဲန်အယ်လ်ဒီ (အယ်လ်အေ)၏ ဗဟိုစည်းရုံးရေး ကော်မတီအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျပန်ခေတ် စစ်တက္ကသိုလ် ပထမပတ်ဗိုလ်သင်တန်းဆင်းဖြစ်လျက် မဆလလက်ထက်တွင် စစ်တပ်၌ မဟာဗျူဟာမှူးအဆင့်နှင့် အစိုးရအဖွဲ့တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးအဆင့်အထိ အဆင့်မြင့် တာဝန်ယူခဲ့သည်။

ဦးစိန်မြနှင့် အနီးကပ်တာဝန်ယူခဲ့သူ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တဦးက "သည်လိုခေါင်းဆောင်မျိုးကတော့ အခုခေတ်မှာ အတော်ရှားသွားပြီ၊ ဆိုးတူကောင်းဖက် ရဲဘော်တွေနဲ့အတူနေတယ်။ ရန်သူထိုးစစ် အပြင်းထန်ဆုံးကာလမှာ မာနယ်ပလောကိုရောက်လာပြီးတာဝန်ယူနေတယ်။ ဘယ်သူ တားတားမရဘူး၊ အထင်ရှားဆုံး အရည်အသွေးကတော့ စစ်ခေါင်းဆောင် ပီသမှုပဲ" ဟု မိုးကြိုးသို့ထုတ်ဖော်ပြောဆိုခဲ့သည်။❖

# သတင်းစာဆရာကြီး ဦးဝင်းတင်ကို လွှတ်ပေးမည်ဆိုသော်လည်း လွတ်မြောက်လာခြင်းမရှိသေး

နိုဝင်ဘာ(၂၆)၊

နအဖကပြန်လွှတ်ပေးမည့် အကျဉ်းသားများစာရင်းတွင် သတင်းစာဆရာကြီး ဦးဝင်းတင်ပါဝင်ကြောင်း နအဖ ဒုနိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူက အတည်ပြုပြောကြားခဲ့သော်လည်း နောက်ဆုံးအကြိမ်လွှတ်သည့်အထဲတွင်ပါမလာသည့်အတွက် ဦးဝင်းတင်လွတ်လာလိမ့်မည် ယုံကြည်နေကြသော နိုင်ငံရေးအသိုင်းအဝိုင်းတခုလုံးက မေးခွန်းထုတ်နေကြသည့်အပြင် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ (RSF)နှင့် မြန်မာ့သတင်းသမဂ္ဂ(BMA)တို့က အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

အဆိုပါအဖွဲ့နှစ်ဖွဲ့က ပူးတွဲထုတ်ပြန်သည့်ကြေညာချက်တွင် အသက်(၇၄)နှစ်အရွယ်ရှိ သတင်းစာဆရာကြီးဦးဝင်းတင်သည် အကျဉ်းထောင်အတွင်း (၁၆)နှစ်နီးပါးရှိနေပြီဖြစ်၍ ကျန်းမာရေးအခြေအနေ စိုးရိမ်မိသည့်အတွက် အမြန်ဆုံးပြန်လွှတ်ပေးပါရန် အာဏာပိုင်များကို တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ဆရာဦးဝင်းတင်သည် ဟံသာဝတီသတင်းစာတိုက်တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့စဉ် သတင်းစာပါဆောင်းပါးများသည် ခေတ်ကိုထင်ဟပ်စေပြီး ပွင့်လင်းစွာ ဝေဖန်ရေးသားမှုတို့ကြောင့် ထိုစဉ်က အာဏာရှင်ဖြစ်သူဦးနေဝင်း၏ အငြိုးထားစောင့်ကြည့်ခြင်းကိုခံခဲ့ရကာ ၁၉၇၈ ခုနှစ်တွင် ဟံသာဝတီသတင်းစာတိုက် အပိတ်ခံခဲ့ရသည်။



သတင်းစာဆရာကြီး ဦးဝင်းတင်

၁၉၈၈–ခုနှစ် ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံတွင် လွတ်လပ်သောမြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂကိုထူထောင်ရာတွင် ဦးဆောင်ပါဝင်ခဲ့ပြီး ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထူထောင်ချိန်တွင် အဖွဲ့ချုပ်အတွင်းရေးမှူး တာဝန်ကိုယူခဲ့သူဖြစ်သည်။ ၁၉၈၉ခု ဇူလိုင်(၄)ရက်နေ့တွင် ခိုင်လုံမှုမရှိသောစွဲချက်ဖြင့် ဦးဝင်းတင်ကို အာဏာသိမ်းစစ်အုပ်စုက ထောင်ဒဏ်(၃)နှစ် ချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် လွတ်ရက်စေ့ခဲ့သော်လည်း နောက်ထပ် ထောင်ဒဏ်(၁၁)နှစ် ထပ်မံတိုးမြှင့် ချမှတ်ခဲ့သည်။ တဖန် ၁၉၉၅–ခုနှစ်တွင် နောက်ထပ်တကြိမ် ထောင်ဒဏ်(၇)နှစ် ချမှတ်ခြင်းခံခဲ့ရသည်။

❖

# မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါကူးစက်ခံရသူ သုံးသိန်းကျော်ရှိသည်ဟု နအဖဝန်ခံ

မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ (အေအိုင်ဒီအက်စ်) ရောဂါပိုးရှိသူ (၃၃၈,၉၁၁)ဦးရှိကြောင်း နအဖက သတင်းထုတ်ပြန်သည်ဟု ဆင်ဟွာသတင်းအရ သိရသည်။

ကုလသမဂ္ဂနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်များကို ကိုးကား၍ နအဖ ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ရာတွင် ရောဂါပိုးရှိသူ၏ (၆၈)ရာခိုင်နှုန်းမှာ လိင်ဆက်ဆံရာမှ ရောဂါကူးစက်ခံရခြင်းဖြစ်ပြီး (၃၀)ရာခိုင်နှုန်းမှာ ဆေးထိုးအပ်မှတဆင့် ကူးစက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

မြန်မာ့အေအိုင်ဒီအက်စ်အရေးနှင့် စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ်က နိုဝင်ဘာလ (၁၂)ရက်နေ့တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ရာတွင် ထိုင်း၊ တရုတ်၊ မလေးရှား စသော အိမ်နီးချင်းနိုင်ငံများတွင် မြန်မာနိုင်ငံသား အမြောက်အများသွားရောက်အလုပ်လုပ်ကိုင်နေခြင်းသည် ရောဂါဖြစ်ပွားခြင်းကိုအားပေးသကဲ့သို့ဖြစ်နေသည်ဟုဆိုသည်။

မြန်မာနိုင်ငံနယ်စပ်မြို့နှင့် မြို့ကြီးများတွင် ရောဂါအလျင်အမြန်ပြန့်နှံ့နေပြီး၊ ကျေးလက်များတွင်လည်း အေအိုင်ဒီအက် ရောဂါကြောင့်သေဆုံးရသူများ တိုးတက်များပြားလျက်ရှိကြောင်းသိရသည်။ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်တွင်လည်း ယခုနှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါကြောင့်လူ (၃၀)ကျော်သေဆုံးခဲ့ပြီး အများစုမှာ စည်းကမ်းမဲ့ လိင်ဆက်ဆံခြင်းကြောင့်မဟုတ်ဘဲ၊ မြို့နယ်ဆေးရုံတွင်ဆေးဝါးကုသရာမှ ကူးစက်ခံရခြင်းဖြစ်သည်ဟု ဒေသခံများကို ကိုးကား၍ ဒီဗွီဘီက နိုဝင်ဘာ(၁၈) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါရှိသူ တသိန်းရှစ်သောင်းခန့်သာရှိသူဟု နအဖက ယခင်က ပြောဆိုနေခဲ့သော်လည်း ယခုအခါ ရာနှုန်းပြည့်ကွန်ဒုံးစွပ်အသုံးပြုရေး အစီအစဉ်နှင့် မိခင်မှကလေးသို့ ရောဂါမကူးစပ်အောင် ဟန့်တားရေးအစီအစဉ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရသည်။

နအဖ၏ အဆိုပါသတင်းထုတ်ပြန်ချက်တွင် စစ်သားသစ်လျှောက်ထားသူအယောက်တရာ တွင်(၂)ယောက်သည် ရောဂါပိုးရှိသူများဖြစ်ပြီး သွေးလှူဒါန်းသူအယောက်(၁၀၀)အနက်(၁)ယောက်သည်ရောဂါခံစားနေရသူဖြစ်သည်ဆက်လက်ဖော်ပြထားသည်။ ❖

# မြန်မာစာနယ်ဇင်းလောက နအဖ ဝါဒဖြန့်ချိရေးတွင် အသုံးချခံနေရဆဲ

နအဖအဖွဲ့အတွင်း ရာထူးအပြောင်းလဲမှုများပြုလုပ်နေသော်လည်း မြန်မာစာနယ်ဇင်းများအပေါ် ဖိအားပေးမှုများမှာ လျော့မသွားသည့်အပြင် ယခင်ထက်ပင် ပိုတိုးလာကြောင်း သိရသည်။

နိုဝင်ဘာလထုတ် ခနှ၊ မြန်မာ့ခနှ၊ ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်တို့၏ မျက်နှာဖုံး ဆောင်းပါးများအားလုံးကို စာပေစိစစ်ရေးက ပယ်ချလိုက်သဖြင့် ပြန်လည်ပြင်ဆင်လိုက်ရပြီး အချိန်ကုန်၊ ငွေကုန်ဖြစ်ခဲ့ရသည်ဟု ပြည်တွင်းမှ အမည်အဖော်လိုသူ အယ်ဒီတာတဦးကိုကိုးကား၍ NEJ သတင်းက ဖော်ပြသည်။ ထို့အပြင် အမျိုးသားညီလာခံကို ထောက်ခံသည့်သတင်းများ၊ ဖွံ့ဖြိုးတိုးတက်လာနေသည်ဆိုသောသတင်းများကို အသားပေးဖော်ပြရန် စာပေစိစစ်ရေးကို ညွှန်ကြားထားသည်ဟု သတင်းများကဆိုသည်။ အပတ်စဉ်ထုတ်ဂျာနယ်များဖြစ်သော ကောင်းသတင်း၊ ၇ ရက်သတင်း၊ ပြည်မြန်မာသတင်း၊ ပန်းသတင်းနှင့် အခြားဂျာနယ်အတော်များများတွင် အဖွဲ့ချုပ်သို့ ဆက်သွယ်နေသော နိုင်ငံခြားသံရုံးမှ ကားနံပါတ်များနှင့်ဝင်ချိန်ထွက်ချိန်များကို ဖော်ပြထားသော "ဒီမိုကရေစီအဖွဲ့ချုပ်ရုံးနှင့် နိုင်ငံခြားသံရုံးများမှ ကားဝင်ထွက်သွားလာနေခြင်း"ဟူသော နအဖ ဆောင်းပါးရှင်တဦး၏ ဆောင်းပါးကို တပြိုင်နက်ဖော်ပြခဲ့သည်။

စစ်ထောက်လှမ်းရေး၏ဂျာနယ်တစောင်ဖြစ်ခဲ့သော မြန်မာတိုင်းမ်ဂျာနယ်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် ဝေဖန်ရေးသားခြင်းများဆက်တိုက်ဖော်ပြခဲ့သည်။

လောလောဆယ်တွင်မူ "အပြောကတော့ရွှေမန်းပဲ"ဟူသော အသုံးအနှုန်းကို စာနယ်ဇင်းများတွင် လုံးဝတားမြစ်ထားသည်ဟုသိရသည်။ ရွှေမန်းဆိုသည်မှာ ဗိုလ်ချုပ်ကြီး ခင်ညွန့်အဖယ်ရှားခံရခြင်းနှင့်ပတ်သက်၍ ပထမဆုံး သတင်းစာရှင်းလင်းပွဲတွင် "တရားဥပဒေအထက်တွင် ဘယ်သူမှမရှိစေရ"ဟူ၍ပြောဆိုခဲ့သော တတိယသြဇာအရှိဆုံး နအဖခေါင်းဆောင်ဖြစ်သည်။❖

# မြန်မာစစ်တပ်တွင် ကလေးစစ်သား (၈)သောင်းခန့် ရှိ



“ နအဖ စစ်တပ်တွင် တပ်သားအင်အား (၅)သိန်းခန့်ရှိပြီး ကလေးသူငယ်များကို ဘူတာရုံများ၊ သင်္ဘောဆိပ်များမှ အဓမ္မခေါ်ဆောင်စုဆောင်းကာ စစ်အင်အားတိုးချဲ့မှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း ... ”

မြန်မာစစ်တပ်တွင် ကလေးစစ်သား (၈)သောင်းခန့် အသုံးပြုမှုရှိသည်ဟု ကလေးစစ်သားအသုံးပြုမှုရပ်တန့်ရေး ညွန့်ပေါင်းအဖွဲ့က နိုဝင်ဘာ(၁၇)ရက်တွင် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

နအဖစစ်တပ်အနေဖြင့် (၂၀၀၃)ခုနှစ်တွင် ကလေးစစ်သား (၂၇၃)ဦး၊ (၂၀၀၂)ခုနှစ်တွင် (၄၇၃)ဦး နုတ်ထွက်ခွင့်ပြုခဲ့သည်ဟု မတ်လက ဝန်ခံခဲ့ကြောင်း အစီရင်ခံစာက ဆိုသည်။

နအဖစစ်တပ်၏ ကြည်းတပ်တခုတည်းတွင် အသက်(၁၂)နှစ်မှ (၁၈)နှစ်အကြား ကလေးစစ်သား(၇)သောင်းခန့်ရှိပြီး ကျန်လက်နက်ကိုင်တပ်များတွင် (၇,၀၀၀)ခန့်အသုံးပြုနေသည်ဟု အစီရင်ခံစာက ဖော်ပြသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ကမ္ဘာပေါ်တွင် ကလေးစစ်သားအများဆုံး အသုံးပြုသောနိုင်ငံဖြစ်သည်ဟု ကုလသမဂ္ဂ လူ့အခွင့်ရေးကော်မရှင်က ယမန်နှစ်က ဆုံးဖြတ်ချက်ချခဲ့သည်။

မြန်မာ့တပ်မတော်၏ အက်ဥပဒေတွင် နိုင်ငံသားတဦးအနေဖြင့် အသက် (၁၈)နှစ်ပြည့်မှ တပ်ထဲဝင်ခွင့်ရှိသည်ဟု ဥပဒေပြဋ္ဌာန်းထားသော်လည်း “ဥပဒေကို ထိန်းသိမ်းကွပ်ကဲတဲ့လူလည်းမရှိ၊ လိုက်နာမည့်လူလည်း မရှိဘူး”ဟု ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု သုတေသနဌာန ကြီးကြပ်ရေးမှူး ဦးဌေးအောင်က ဆိုသည်။

အခြေခံအားဖြင့် နအဖက တပ်အင်အားကြီးထွားအောင်လုပ်တဲ့အတွက် အသက်ငယ်ငယ်တွေကစပြီး စုဆောင်းနေရတဲ့ သဘောဟု ၎င်းက မှတ်ချက်ပြုသည်။ နအဖစစ်တပ်တွင် တပ်သားအင်အား (၅)သိန်းခန့်ရှိပြီး ကလေးသူငယ်များကို ဘူတာရုံများ၊ သင်္ဘောဆိပ်များမှ အဓမ္မခေါ်ဆောင်စုဆောင်းကာ စစ်အင်အားတိုးချဲ့မှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သတင်းအေဂျင်စီများ အဆိုအရ သိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးထားမည်ဟု စစ်ခေါင်းဆောင် ဆို

ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်လျှင် ပြဿနာများဖြစ်တတ်သောကြောင့် ဆက်လက် ဖမ်းဆီးထားရခြင်းဖြစ်ကြောင်း နအဖစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မိမိအားပြောကြားခဲ့သည်ဟု မြန်မာပြည်မှပြန်ရောက်လာသည့် ထိုင်းဝန်ကြီးချုပ်တက်စင်က သတင်းထောက်များအား ထုတ်ဖော်ပြောဆိုလိုက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်ကို သုံးကြိမ်တိုင်တိုင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ပြန်လွှတ်သည်နှင့် ပြဿနာများဖြစ်ရသည့်အတွက် မလွှတ်ပေးခြင်းဖြစ်ကြောင်း၊ သို့သော် ဒေါ်စုကို တသက်လုံးဖမ်းထားမည်မဟုတ်ဘဲ စီစဉ်စရာများ ပြီးစီးလျှင် ပြန်လွှတ်ပေးမည်ဟု မိမိကိုပြောကြောင်း မြန်မာနိုင်ငံတွင်ပြုလုပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံမှအပြန်တွင် ဝန်ကြီးချုပ်တက်စင်က သတင်းထောက်များအား ပြောကြားသွားသည်။

သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်ကို မည်သည့်ပြဿနာကြောင့် ပြန်မလွှတ်ကြောင်းကိုမူ ပြောကြားခြင်း မရှိပေ။

နအဖစစ်အုပ်စုသည် ပြီးခဲ့သည့်လနှောင်းပိုင်းက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင်ကို နေအိမ်အကျယ်ချုပ် သက်တမ်း တနှစ်ထပ်မံတိုးမြှင့်ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ လာအိုတွင်ကျင်းပသည့် အာဆီယံ ထိပ်သီးညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများက စစ်အုပ်စုအပေါ် ထုတ်ဖော်ဝေဖန်မှုများပြုလုပ်ခဲ့ကြသော်လည်း နအဖ ဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီး စိုးဝင်းက အဆိုပါသတင်းကို သူမသိရှိသေးကြောင်းသာ ပြန်ကြားခဲ့သည်။

မစ္စတာ တက်ခ်စင်သည် ရန်ကုန်သို့ ရောက်ရှိနေစဉ် မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် နိုင်ငံတကာ၏စိုးရိမ်ပူပင်မှုများကို နအဖ ခေါင်းဆောင်များအား ထုတ်ဖော်ပြောကြားခဲ့ကြောင်းနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်ကိုအရှိန်မြှင့်လုပ်ဆောင်ရန် အလေးအနက် တိုက်တွန်းပြောကြားခဲ့ကြောင်းကိုလည်း ပြောဆိုသွားသည်။ နအဖ စစ်အုပ်စုခေါင်းဆောင်က ၎င်းတို့အနေဖြင့် မြန်မာ့နိုင်ငံရေးလမ်းပြမြေပုံကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဟု မိမိကို ကတိပြုခဲ့ကြောင်းလည်း ထည့်သွင်းပြောဆိုခဲ့ပြီး နိုင်ငံ့အချုပ်အခြာ အာဏာတည်မြဲရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံလိုအပ်တယ်ဆိုတာ နိုင်ငံတကာကို နအဖ အာဏာပိုင်များက နားလည်သဘောပေါက်စေချင်ကြတယ်ဟု ဆိုခဲ့သည်။❖



နအဖ စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

# ထောက်လှမ်းရေးဒုတိယအကြီးအကဲနှင့် အရာရှိ(၃)ဦး ရာထူးမှ ဖယ်ရှားခံရ



နအဖ စစ်ထောက်လှမ်းရေးအကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း

နအဖ စစ်ထောက်လှမ်းရေး အကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ထောက်လှမ်းရေးဌာနကြီးမှူးများဖြစ်ကြသော ဗိုလ်ချုပ်ကျော်သိန်း၊ ဗိုလ်မှူးချုပ်လှအောင်၊ ဗိုလ်မှူးချုပ်ကျော်ဟန်တို့ကို ရာထူးမှအနားယူခွင့်ပေးလိုက်ကြောင်း နအဖ သတင်းစာတွင် ဒီဇင်ဘာ(၁၄)ရက်နေ့က တရားဝင်ထုတ်ပြန်ကြေညာသည်။

အမည်မဖော်လိုသူ စစ်အာဏာပိုင်တဦးကိုကိုးကား၍ အေအက်ဖ်ပီ က သတင်းထုတ်ပြန်ရာတွင် နိုင်ငံတဝှမ်းတွင် စစ်ထောက်လှမ်းရေးအင်အား (၁၀,၀၀၀)ခန့်ရှိသည့်အနက် လုပ်သက်(၁၀)နှစ်နှင့် အထက်ရှိသော စစ်ထောက်လှမ်းရေး(၂,၀၀၀)ကျော် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီး ကျန်သူများကို မူလမိခင်တပ်ရင်းအသီးသီး၌ တာဝန်ပြန်လည်ထမ်းဆောင်ရန် ညွှန်ကြားထားသည်ဟု သိရသည်။ ထို့အပြင် ယခင်စစ်ထောက်လှမ်းရေးဌာနကိုလည်း ‘တပ်မတော်ရေးရာ လုံခြုံရေးညွှန်ကြားရေးမှူးရုံး’အဖြစ် အမည်ပြောင်းလိုက်သည်ဟု ဆိုသည်။

ဆယ်စုနှစ်ခုကြာ တန်ခိုးထွားခဲ့သော ဗိုလ်ချုပ်ကြီးခင်ညွန့်၏ စစ်ထောက်လှမ်းရေးအင်အားကို လွန်ခဲ့သော(၂)လမှစ၍ဖြိုခွဲခဲ့ရာတွင် ယခုကဲ့သို့ ထိပ်တန်းအကြီးအကဲများနှင့် ထောင်ချီသော စစ်ထောက်လှမ်းရေးတချို့တို့ကို ဖယ်ရှားလိုက်သဖြင့် အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်း ထူထောင်ခဲ့သည့် စစ်ထောက်လှမ်းရေးခေတ် စခန်းသိမ်းသွားပြီဟု အကဲခတ်များက ပြောဆိုနေကြသည်။

နအဖ စစ်ထောက်လှမ်းရေးက မှားယွင်းဖမ်းဆီးထားခဲ့သော အကျဉ်းသား (၁၄,၀၀၀)ကျော်ကို လွန်ခဲ့သောရက်သတ္တပတ်များက နအဖက ပြန်လွှတ်ပေးခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား (၁,၃၀၀)ကျော် လွတ်မြောက်ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂတို့က အစဉ်တစိုက် တောင်းဆိုနေခဲ့သည်။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သတင်းစာဆရာကြီး ဦးဝင်းတင်တို့ကို ပြန်လည်လွှတ်ပေးခဲ့ခြင်း မရှိသေးပေ။❖

# ခါတ်ငွေ့ပိုက်လိုင်းဖောက်လုပ်စဉ် လူ့အခွင့်အရေးချိုးဖောက်မှုများ ယူနိုကယ်လ်ကုမ္ပဏီတာဝန်မကင်း၍ လျော်ကြေးပေးရန် သဘောတူ

ရတနာ သဘာဝဓါတ်ငွေ့ပိုက်လိုင်း ဖောက်လုပ်စဉ် စစ်အုပ်စု၏လူ့အခွင့်အရေး ချိုးဖောက်မှုများကို မသိကျိုးကျွံပြုနေခဲ့သည့် ယူနိုကယ်ကုမ္ပဏီအား ဒေသခံရွာသားများက တရားစွဲဆိုခဲ့သည့်အမှုအပေါ် ကျေအေးရန် နစ်နာကြေးပေးသွားမည်ဟု ယူနိုကယ် ကုမ္ပဏီက သဘောတူလိုက်ပြီဖြစ်ကြောင်း တရားလိုများဘက်မှ ကိုယ်စားပြုနေသည့် Earth Rights International (ERI) အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်အဆိုအရ သိရသည်။

(ERI) ပြောခွင့်ရပုဂ္ဂိုလ် ရစ်ခ်ဟာ့ဇ်က နှစ်ဖက်ကျေအေးဖို့ မူအားဖြင့် သဘောတူထားတယ်၊ အမှုကျေအေးဖို့ တရားလိုတွေကို လျော်ကြေးပေးလိမ့်မယ်လို့ပြောကြားခဲ့ပြီး ယူနိုကယ်ကော်ပိုရေးရှင်း ပြောခွင့်ရပုဂ္ဂိုလ် ဘယ်ရီလိန်းန်ကလည်း သဘောတူညီချက်တွေရခဲ့ပြီ၊ အသေးစိတ်ညှိနှိုင်းနေဆဲဟု ပြောသွားခဲ့သည်။ ထိုသဘောတူညီမှုမှာ တရားရုံးပြင်ပ တွင် အလွတ်သဘောညှိနှိုင်းရာမှထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဒီဇင်ဘာ(၁၃)ရက်နေ့တွင် ပူးတွဲကြေညာခဲ့သည်။

ကြေညာချက်အရ ပိုက်လိုင်းဖောက်လုပ်ရာတလျောက်ရှိ ဒေသခံများ၏ နေထိုင်မှုဘဝတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခွင့်အရေးကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို ယူနီကယ်ကုမ္ပဏီ လျော်ကြေးပေးရန်နှင့် ဒုက္ခခံစားခဲ့ရသည့် ဒေသခံများအားထောက်ပံ့မှုပေးသွားရန် သဘောတူခဲ့ကြသည်ဟု သိရသည်။

ယူနီကယ်ကုမ္ပဏီသည် မုတ္တမပင်လယ်ကွေ့မှ ဓါတ်ငွေ့များအား ထိုင်းသို့တင်ပို့နိုင်ရန် ဓါတ်ငွေ့ပိုက်လိုင်းဖောက်လုပ်ရာတွင် နအဖ စစ်တပ်ကိုလုံခြုံရေးအတွက် ငှားရမ်းအသုံးပြုခဲ့စဉ် စစ်တပ်က တနင်္သာရီတိုင်းအတွင်းရှိ ကျေးရွာများကို အဓမ္မရွှေ့ပြောင်းခြင်း၊ ဒေသခံရွာသားများကို အဓမ္မလုပ်အားခိုင်းစေခြင်း၊ အဓမ္မပြုကျင့်ခြင်းများနှင့် သတ်ဖြတ်နှိပ်စက်မှုများပြုခဲ့ခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မသိကျိုးကျွံပြုခဲ့ကြောင်း အမည်မဖော်သည့် ဒေသခံရွာသား(၁၅)ယောက်တို့က စွဲချက်တင် တိုင်ကြားခဲ့ခြင်းဖြစ်သည်။

၎င်းဆိုပါအမှုကိစ္စကို မြန်မာနိုင်ငံ အလုပ်သမားများအဖွဲ့ချုပ်က ဒေသခံရွာသားများ ကိုယ်စား ၁၉၉၆ ခုတွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တရားရုံးတွင် စတင်တရားစွဲဆိုခဲ့ရာ ၁၉၉၇ တွင် တရားရုံးတော်အဆင့်ရောက်ရှိခဲ့ပြီး ယခုနှစ်စက်တင်ဘာလတွင်အမှုဆက်တင်ရန် အထက်တရားရုံးတော်မှ အတည်ပြုပေးခဲ့သည်ဟု သိရသည်။❖

## ဥပဒေ၏အထက်တွင် နအဖသာရှိ

တရားဥပဒေ၏အထက်တွင် မည်သူမှမရှိဟု နအဖ၏ တတိယအကြီးအကဲ ဗိုလ်ချုပ်ကြီးရွှေမန်းက တိုင်းပြည်သို့ ထုတ်ဖော်ပြောကြားပြီး မကြာမီရက်အတွင်းတွင် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး ဦးထွန်းရှင်ကို အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဦးထွန်းရှင်သည် ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ထောက်လှမ်းရေးရုံးချုပ်သို့ တရားသူကြီးများနှင့်ပတ်သက်သော အစီရင်ခံစာများကို ရေးခဲ့ရသူဖြစ်ပြီး ယခုအဖမ်းခံရမှုသည် နအဖ အစိုးရအတွင်း ခေါင်းဆောင်ပိုင်းအပြောင်းအလဲများနှင့်ပတ်သက်နေမည်ဟုလည်း ယူဆထားကြသည်။ နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ်ဦးအောင်တိုးက တရားရုံးချုပ်တွင် အစည်းအဝေးခေါ်ယူပြီး အစည်းအဝေးပြီးဆုံးချိန်တွင် ကျန်တရားသူကြီးများကို ပြန်ခွင့်ပေးခဲ့သော်လည်း ဦးထွန်းရှင်ကိုမူ သက်ဆိုင်ရာက ဖမ်းဆီးသွား ခြင်းဖြစ်သည်ဟု ခိုင်လုံသောသတင်းရပ်ကွက်မှ ဆိုသည်။ ဦးထွန်းရှင်သည် စသုံးလုံးအထူး စုံစမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး အိုးအိမ်ဦးစီးဌာနတွင်လည်း တာဝန်ယူခဲ့ဖူးသည်ဟု သိရသည်။ ဦးထွန်းရှင်၏ ရှေ့နေဦးနိုင်ငွေရေက ဦးထွန်းရှင်သည် တရားရေးကိစ္စများတွင် မျှတမှန်ကန်စွာ ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း ပြောပြသည်။ ၎င်းကဲ့သို့ တရားရုံးချုပ်တရားသူကြီးတဦးကိုပင် ကြက်ကလေးငှက်ကလေးကဲ့သို့ ဖမ်းဆီးခြင်းကို မိမိတို့အနေနှင့်တုန်လှုပ်မိကြောင်း ပြောကြားသွားခဲ့သည်။

အလားတူ ပြည်တွင်းတရားဥပဒေလောကတွင်လည်း နအဖကလွဲရင် ဥပဒေအထက်မှာ ဘယ်သူမှမရှိတာသေချာနေသလို ဥပဒေအောက်မှာလည်း ဘယ်သူမှတရားဥပဒေနှင့်အညီနေထိုင်ခွင့်မရှိပါဘူးဟု ပြောဆိုဝေဖန်နေကြကြောင်း သိရသည်။❖

# ရေဝေစည်းကြောင်းများ ပျက်ယွင်းချိန်

## ဂါမဏိ

ပြင်သစ်တော်လှန်ရေးကြီးဖြစ်ပြီးနောက် ဥပဒေပြုလွှတ်တော်ပေါ်ပေါက်လာတဲ့ ၁၇၈၁ ခုနှစ်၊ ပြင်သစ်လွှတ်တော်ထဲမှာ ရှေးရိုးဆန်တဲ့၊ ဘုရင်စနစ်လိုလားသူ အမတ်တွေက ညာဘက်ခြမ်းမှာထိုင်ကြပြီး သမတနိုင်ငံစနစ်လိုလားတဲ့အယူအဆ ပိုပြင်းထန်တက်ကြွသူတွေက လွှတ်တော်ခန်းမ ဘယ်ဘက်ခြမ်းမှာ ထိုင်ကြပါတယ်။ ဒီအချိန်ကစပြီး ခေတ်သစ်နိုင်ငံရေးဝေါဟာရနှစ်ခုဖြစ်တဲ့ 'လက်ယာဝါဒ–လက်ယာသမား' နဲ့ 'လက်ဝဲဝါဒ–လက်ဝဲသမား' ဆိုတာ ပေါ်လာခဲ့ပါတယ်။

စပေါ်တဲ့အချိန်တုန်းက လက်ယာသမားဆိုတာ ရှေးရိုးစွဲစနစ်ဟောင်းဘက်တိမ်းညွတ်သူတွေ၊ ပဒေသရာဇ်သက်ဦးဆံပိုင် ဘုရင်စနစ်လိုလားသူတွေကို ရည်ညွှန်းခဲ့ပြီး လက်ဝဲသမားဆိုတာကတော့ ပါလီမန်ဒီမိုကရေစီစနစ်နဲ့ လူထုက ရွေးကောက်တင်မြှောက်တဲ့ အစိုးရအုပ်ချုပ်တာကို လိုလားသူတွေ၊ လွတ်လပ်တဲ့ အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်လိုလားသူတွေ ဖြစ်ခဲ့တယ်။ တနည်းအားဖြင့်ဆိုရင် နိုင်ငံရေး စီးပွားရေးကို ဗဟိုချုပ်ကိုင်မှုဘက်က ရပ်ခံသူတွေက လက်ယာသမားတွေဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုမရှိတဲ့ သို့မဟုတ် နည်းနည်းလောက်ပဲရှိတဲ့ နိုင်ငံရေး၊ စီးပွားရေးကို နှစ်သက်လုံးပမ်းသူတွေက လက်ဝဲသမားတွေဖြစ်ခဲ့ကြတယ်။ ဒါ့ကြောင့် အဲဒီတုန်းကစံနဲ့ကြည့်ရင် ရှူးဆိုး၊ ဗော်လတဲယား၊ အဒမ်စမစ် တို့ဟာ လက်ဝဲသမားတွေဖြစ်ခဲ့ကြပါတယ်။နပိုလီယံဟာလည်း လက်ဝဲသမားအဖြစ်ရပ်တည်ခဲ့ပြီး ဥရောပတဝှမ်းမှာ ပဒေသရာဇ်စနစ်ချုပ်ငြိမ်းရေးနဲ့ ခေတ်သစ်တရားဥပဒေ အာဏာပိုင်စိုးရေး အယူအဆတွေ၊ ဈေးကွက် စီးပွားရေးအရင်းရှင်စနစ်တွေ အခြေတည်အောင် လုပ်ပေးခဲ့တယ်။ နောက်ပိုင်းမှာ ပြင်သစ်သမတနိုင်ငံကို ဖျက်သိမ်းပြီး ဧကရာဇ်ဘွဲ့ခံ ဘုရင်လုပ်ခဲ့ပေမယ့် ယေဘုယျခြုံကြည့်ရင်တော့ ပဒေသရာဇ်အခွင့်ထူးခံ နိုင်ငံရေး စီးပွားရေးနဲ့ တန်ဖိုးစံတွေနေရာမှာ ခေတ်မီနိုင်ငံရေး(အထူးသဖြင့် ဥပဒေရေး)စီးပွားရေးတွေ၊ တိုးတက်သစ်လွင်တဲ့ အရင်းရှင်တန်ဖိုးစံတွေနဲ့ အစားထိုးပေးခဲ့တဲ့ လက်ဝဲသမားလို့ သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့် နပိုလီယံကို ပဒေသရာဇ်ဘုရင်တွေကြီးစိုးနေတဲ့ ကျန်ဥရောပနိုင်ငံတွေအားလုံးက ဝိုင်းတိုက်ကြတာဖြစ်ပါတယ်။

ဒီအချိန်ကစပြီး ဗဟိုချုပ်ကိုင်ရေး ရှေးရိုးစွဲကွန်ဆာဗေးတစ်တွေကို လက်ယာ၊ လွတ်လပ်မှုလိုလားတဲ့ လစ်ဘရယ်တွေကို လက်ဝဲလို့ သတ်မှတ်ခဲ့ကြတာ အခုထက်တိုင်ပါပဲ။ ဒီလို လက်ဝဲ၊ လက်ယာသတ်မှတ်ချက်ဟာ ၁၉ ရာစုအလယ်လောက်မှာ နောက်အဓိပ္ပာယ်တမျိုးထပ်ရလာတယ်။ အရင်းရှင်စနစ်တိုးတက်ဖွံ့ဖြိုးမှုနဲ့အတူ အလုပ်သမားလူတန်းစားတွေရဲ့အရေးအတွက်နဲ့ ဆင်းရဲမှုတွေ တိုးပွားလာတော့ အရင်းရှင်စနစ်ကိုဖျက်သိမ်းပြီး အလုပ်သမားလူတန်းစားအာဏာ ထူထောင်ဖို့၊ တသီးပုဂ္ဂလ အရင်းရှင်စီးပွားရေးစနစ်နေရာမှာ ဗဟိုကချုပ်ကိုင်တဲ့ အများပိုင်စီးပွားရေးစနစ်နဲ့ အစားထိုးဖို့ ဆော်ဩလှုပ်ရှားလာကြတာတွေ ဖြစ်လာတယ်။ အဲဒီအခါ လက်ရှိအရင်းရှင်စီးပွားရေး နိုင်ငံရေးအခြေအနေကို အခြေအမြစ်ကနေပြီး ပြောင်းလဲပစ်ချင်တဲ့သူတွေကို လက်ဝဲသမားအဖြစ် သတ်မှတ်လာပြီး တည်ဆဲအရင်းရှင်လူ့ဘောင်ရဲ့လွတ်လပ်မှုတွေကို ဆက်ထိန်းထားချင်သူတွေကိုတော့ လက်ယာသမားတွေအဖြစ် အဓိပ္ပာယ်ဖွင့်လာကြတယ်။ ဒါပေမယ့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်မျိုးစလုံးကို သူ့နေရာနဲ့သူ ဆက်သုံးနေကြပါတယ်။

၂၀ ရာစုအစောပိုင်း ၁၉၁၇ ခုမှာ အောက်တိုဘာတော်လှန်ရေးဖြစ်ပြီး ရုရှားနိုင်ငံဟာ ကွန်မြူနစ်နိုင်ငံဖြစ်သွားတဲ့အခါ လက်ဝဲ၊ လက်ယာသတ်မှတ်ချက်ဟာ ပိုပြီး ရှင်းပြတ် တိကျသွားတယ်။ ၁၉ ရာစုအစက အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ အတော့်ကိုမှိန်သွားခဲ့ပါတယ်။ အရင်းရှင်စနစ် အနောက်တိုင်းဒီမိုကရေစီစနစ်ဘက်သားတွေကို လက်ယာ၊ ဆိုရှယ်လစ်ကွန်မြူနစ်စနစ် ဘက်သားတွေကို လက်ဝဲလို့ ပုံသေသတ်မှတ်ခဲ့ကြတယ်။ ဒါပေမယ့် ဒီကြားထဲမှာ ယာသလိုလို ဝဲသလိုလိုနဲ့ ညာစားပြီး နောက်တော့ နှစ်ဖက်စလုံးကို ဆော်တဲ့ ဟစ်တလာတို့လို နေဝင်းတို့လိုလူတွေလည်းပေါ်လာလို့ လက်ယာ လက်ဝဲသတ်မှတ်ချက်တွေ စတင်ယိမ်းယိုင်ခဲ့ကြပါတယ်။ ယေဘုယျအားဖြင့်တော့ အမေရိကန်၊ အင်္ဂလိပ်နဲ့ အနောက်ဥရောပ အရင်းရှင်နိုင်ငံတွေ၊ သူတို့ကိုထောက်ခံသူတွေကို လက်ယာလို့ သတ်မှတ်ပြီး ယခင်ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်နဲ့တကွ အရှေ့ဥရောပနိုင်ငံတွေ၊ သူတို့ကိုလိုလားထောက်ခံသူတွေက လက်ဝဲအဖြစ် သတ်မှတ်ခံရတယ်။ တခြားလက္ခဏာ၊ အင်္ဂါရပ်တွေက နောက်တန်းရောက်သွားပါတော့တယ်။ ဒါကြောင့် လက်ယာအုပ်စုထဲမှာ ပြောင်အတိအလင်း အာဏာရှင်တွေပါလာသလို လက်ဝဲအုပ်စုထဲမှာလဲ ပြည်တွင်းကွန်မြူနစ်ကို ဆန့်ကျင်ဖိနှိပ်ပေမယ့် နိုင်ငံခြားရေးမှာတော့ အမေရိကန်ကိုဆန့်ကျင် ရုရှား၊ တရုတ်နဲ့ပေါင်းတဲ့ အမျိုးသားရေးဝါဒီတွေကိုထည့်လာတယ်။ တခြားဘာတွေဖြစ်နေနေ အမေရိကန်ကို ဆန့်ကျင်သလား။ ဒါမှမဟုတ် ဆိုဗီယက်–တရုတ်ကို ဆန့်ကျင်သလား ဒါနဲ့ပဲ တိုင်းတာတယ်၊ လစ်ဘရယ်ဒီမိုကရေစီတွေ၊ ကွန်ဆာဗေးတစ် ဒီမိုကရေစီတွေ အရေးမပါတော့ပါဘူး။ အရင်လို လစ်ဘရယ်ဒီမိုကရေစီသမားတွေကို လက်ဝဲလို့ သိပ်မပြောတော့တာ အပြောမခံတာတွေဖြစ်လာတယ်။

ဒါပေမယ့် တဖက်ကပြောရရင် လူ့အလိုနတ်မလိုက်နိုင်ဆိုတဲ့စကားဟာ နိုင်ငံရေးနယ်ပယ်မှာလည်း အကျုံးဝင်နေပါတယ်။ ဘယ်လောက်ပဲလက်ယာကျတဲ့ နိုင်ငံရေးသမားဖြစ်ပါစေ အဲဒါကိုအားမရနိုင်ဘဲ ပိုတောင်းဆိုတဲ့ လက်ယာစွန်းရှိတာ ဓမ္မတာပါပဲ။ အမေရိကန်နိုင်ငံမှာ လက်ရှိအစိုးရလုပ်ကိုင်နေတာကိုမကျေနပ်နိုင်သေးဘဲ ဒီထက်ပိုလုပ်စေချင်တဲ့သူတွေ၊ ရီဂင်တို့၊ ဘွတ်ရှ်တို့ကိုတောင် ဝဲကျသေးတယ်ဆိုပြီး ရှုတ်ချတိုက်ခိုက်တဲ့ လက်ယာစွန်းတွေရှိတယ်။ တချိန်ကနာမည်ကျော်တဲ့ ကေသုံးလုံးဂိုဏ်းလို လက်ျာစွန်းအဖွဲ့တွေကဆို ကပ္ပလီလူမည်းဆန့်ကျင်ရေး၊ ဂျူးဆန့်ကျင်ရေး၊ ဘရင်ဂျီ ကက်သလစ်ခရစ်ယာန်ဆန့်ကျင်ရေးတို့ကို အပြင်းအထန်လှုံ့ဆော်ဆောင်ရွက်ခဲ့တယ်။၁၉၉၅ အိုကလာဟိုးမားဗုံးခွဲမှုဟာလည်း အမေရိကန်အစိုးရကို လက်ဝဲလို့သတ်မှတ်ထားတဲ့ အမေရိကန်လူမျိုးတွေရဲ့ လုပ်ရပ်ဖြစ်ပါတယ်။

အလားတူပဲ လက်ဝဲဘက်ကိုကြည့်ပြန်ရင်လည်း စတာလင်ကို ပျော့တယ်လို့ယူဆတဲ့ ထရော်စကီ ရှိသလို မော်စီတုံး ကို လက်ယာကျတယ်လို့ စွပ်စွဲတိုက်ခိုက်တဲ့ လေးယောက်ဂိုဏ်းနဲ့ အယ်လ်ဘေးနီးယားနိုင်ငံတို့လို လက်ဝဲသမားတွေ ရှိခဲ့တာတွေ့ရတယ်။ ဒါကြောင့် စံနမူနာပြ လက်ျာလက်ဝဲ၊ အကြွင်းမဲ့လက်ယာလက်ဝဲဆိုတာ ဘယ်တော့မှ မရှိနိုင်ပါဘူး။ ကိုယ်ဘယ်လောက်ပဲလက်ယာကျကျ ကိုယ့်ထက်လက်ယာပိုကျသူရှိမှာ သေချာတယ်။ လက်ဝဲသမားဆိုလည်း ဘယ်လောက် လက်ဝဲကျကျ ကိုယ့်ထက်ပိုနီတဲ့၊ ဝဲတဲ့သူက မြေကြီးလက်ခတ်မလွဲ ရှိပါတယ်။

စစ်အေးခေတ်တလျှောက်လုံးမှာ ဒီလက်ဝဲ လက်ယာ သတ်မှတ်ချက်တွေဟာ အများအားဖြင့် တွင်ကျယ်ခဲ့၊ အသားကျခဲ့ပါတယ်။ ဒါပေမယ့် ၁၉၇၉ အီရန် တော်လှန်ရေးဟာ ဒီသတ်မှတ်ချက်တွေကို စတင် စိန်ခေါ်ခဲ့တယ်။ နိုင်ငံရေးသိပ္ပံအရ လက်ယာစွန်းလို့သတ်မှတ်ရမယ့် အစ္စလာမ် ဘာသာရေးအခြေခံဝါဒီတွေဟာ သမရိုးကျ လက်ဝဲလက်ယာပိုင်းခြားချက်ကို အလုပ်မဖြစ်အောင်၊ တနည်းအားဖြင့် သမရိုးကျ လက်ယာသမားတွေ ခေါင်းစားအောင်လုပ်ခဲ့တယ်။ ဆိုဗီယက်ပြည်ထောင်စုပြိုကျပြီး စစ်အေးတိုက်ပွဲ နိဂုံးချုပ်သွားတဲ့အခါမှာတော့ ဒီလက်ဝဲလက်ယာ သတ်မှတ်ချက်တွေဟာ လက်တွေ့အားဖြင့် မြောင်းထဲရောက်သွားပါတော့တယ်။

ဒီကနေ့ကာလမှာ လက်ယာစစ်စစ်က ဘာလဲ၊ လက်ဝဲစစ်စစ်က ဘာလဲ။ ဘယ်လို သတ်မှတ်မလဲ။ အမေရိကန်က လက်ယာစစ်စစ်လား။ အိုစမာဘင်လာဒင်က ပိုပြီး လက်ယာ မစစ်ဘူးလား။ အိန္ဒိယပြည်မှာ အာဏာရခဲ့တဲ့ ဘီဂျေပီပါတီမျိုးမှ လက်ယာစစ်တာလား။ အမေရိကန်ထက် အီရန်နိုင်ငံက လက်ယာပိုမစစ်ဘူးလား။ အမေရိကန်နိုင်ငံထဲမှာကော ရီပတ်ဘလင်ကန်ပါတီက လက်ယာ၊ ဒီမိုကရက်ပါတီက လက်ဝဲလား။ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျတို့နဲ့ ပြင်သစ်၊ ဂျာမဏီ၊ ရုရှားတို့ဟာ လက်ယာနဲ့ လက်ဝဲလား။ တာလီဘန်အာဖဂန်နစ္စတန်လို ဆော်ဒီအာရေးဗျလို လက်ယာစစ်စစ် ဖြစ်ချင်သလား။ ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချဖို့ အမေရိကန်ကိုတပည့်ခံခဲ့ပြီး တလကို ဒေါ်လာ သုံးသိန်းသုံးသောင်း အထောက်အပံ့ရခဲ့တဲ့ ချာလာဘီဟာ အခုနောက်ဆုံးတော့ (ဆက်ဒမ်လက်ထက်) အီရတ်နိုင်ငံထဲ ငွေစက္ကူအတုတွေဖြန့်ခဲ့မှုနဲ့ အမေရိကန်နဲ့ အခု သူတင်ထားတဲ့အစိုးရသစ်က တရားစွဲ အရေးယူဖို့ လုပ်တာခံနေရတယ်။ အီရတ်နိုင်ငံကို အမေရိကန်နဲ့မဟာမိတ်တွေ ဝင်ရောက်ကျူးကျော်သိမ်းပိုက်ထားတာကို လက်နက်ကိုင်ခုခံဆန့်ကျင်နေတဲ့အထဲမှာ အီရတ်အမျိုးသားရေးဝါဒီတွေ၊ သာမန်ဘာသာရေးကိုင်းရှိုင်းသူတွေဟာ အစ္စလာမ်အစွန်းရောက်သမားတွေနဲ့အတူ ပါဝင်တိုက်ခိုက်နေကြပေမယ့် အီရတ်ကွန်မြူနစ်ပါတီကတော့ လက်နက်ကိုင်ဆန့်ကျင်တော်လှန်ရေးထဲ မပါဝင်ပါဘူး။ မပါရုံမက ဒီတိုက်ပွဲတွေကို အကြမ်းဖက်သမားတွေရဲ့ အစွန်းရောက်လုပ်ရပ်အဖြစ် ရှုတ်ချနေတယ်။ (အမေရိကန်တပ်တွေ အမြန်ဆုံးရုပ်သိမ်းဖို့တော့ နှုတ်အားဖြင့်တောင်းဆိုနေပါတယ်။ လက်နက်ကိုင်တိုက်ခိုက်တဲ့အတွက် အမေရိကန်တပ်တွေ အမြန်ရုပ်သိမ်းရေးကို ထိခိုက်ပြီး ကျူးကျော်သိမ်းပိုက်မှု ပိုအချိန်ကြာသွားလိမ့်မယ်လို့ စွပ်စွဲနေတယ်) အမေရိကန်သိမ်းပိုက်ထားတဲ့ အီရတ်နိုင်ငံ ဘက်ဂ္ဂဒက်မြို့တော်မှာ အီရတ်ကွန်မြူနစ်ပါတီဟာ တရားဝင်ဌာနချုပ်ရုံးဖွင့်ခွင့်နဲ့ ပါတီအာဘော်သတင်းစာထုတ်ဝေခွင့်တွေ ရထားရုံတင်မက အမေရိကန်ရုပ်သေးကြားဖြတ်အစိုးရအဖွဲ့ထဲမှာ ဝန်ကြီးနေရာတနေရာ ရထားပါတယ်။

ပြဿနာရပ်အလိုက်လည်း ရှုပ်ထွေးမှုတွေပိုဖြစ်ကုန်ပါတယ်။ တည်ဆဲအရင်းရှင်လူ့ဘောင်ကြီးရဲ့ သမရိုးကျအလေ့အကျင့်တွေ အယူအဆတွေကို စိန်ခေါ်နေတဲ့ကိစ္စတွေ အများကြီးပေါ်လာပါတယ်။ လက်ယာသမားဆိုတာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆန့်ကျင်ဂလန်ဂဆန်လုပ်သူတွေ၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ဂရုမစိုက်သူတွေ၊ လူသားထုတရပ်လုံးအကျိုးမကြည့်ဘဲ အရင်းရှင်ပုဂ္ဂလိကအကျိုးသာကြည့်သူတွေ ဖြစ်လာတယ်။ ကိုယ်ဝန်ဖျက်ချခွင့်တောင်းဆိုသူ၊ ပုံတူမျိုးပွားခွင့်နဲ့ ပင်မကလပ်စည်း(stem cell) မွေးခွင့်လိုလားသူတွေဟာ ဘုရားသခင်အလိုတော်ကိုဆန့်ကျင်တဲ့ လက်ဝဲသမားတွေဖြစ်လာတယ်။ အမြင်ဟောင်းတွေနဲ့ကြည့်သူတွေအတွက် ပိုပြီးရှုပ်သွားတာက လိင်တူဆက်ဆံသူတွေရဲ့ အခွင့်အရေးတောင်းဆိုလှုပ်ရှားမှုကို လက်ဝဲအဖြစ် သတ်မှတ်ယူဆကြတာဖြစ်တယ်။ သမတဘုရှ်က လိင်တူချင်းလက်ထပ်ခွင့်ဆန့်ကျင်တာ၊ ဖန်လုံအိမ်ဓာတ်ငွေ့နဲ့ အိုဇုန်းလွှာဖျက် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့နည်းအောင် စီးပွားရေးကုမ္ပဏီကြီးတွေကို ထိန်းချုပ်ကြပ်မတ်မှုတွေလုပ်ရေးဆန့်ကျင်တာ၊ ပုပ်ရဟန်းမင်းကြီးက အမျိုးသမီးတွေ ရဟန်းခံခွင့်၊ ကိုယ်ဝန်ဖျက်ချခွင့်၊ အမျိုးသားရဟန်းတွေအိမ်ထောင်ပြုခွင့် ငြင်းပယ်တာမျိုးဟာ လက်ယာဖြစ်လာတယ်။ ထုံးတမ်းစဉ်လာ စီးပွားရေး–နိုင်ငံရေးပိုင်းမှာတော့ စီးပွားရေးအရ ဗဟိုထိန်းချုပ်မှုလျှော့ချရေး သို့မဟုတ် ဖျက်သိမ်းရေးကိုရပ်ခံတဲ့ လစ်ဘရယ်လက်သစ်ဝါဒကို လက်ယာသတ်မှတ်ချင်တဲ့အခါ လက်ယာသတ်မှတ်လိုက်၊ လက်ဝဲသတ်မှတ်ချင်တဲ့အခါလည်း လက်ဝဲသတ်မှတ်လိုက် လုပ်ကြတယ်။ အဓိကကတော့ စီးပွားရေးကုမ္ပဏီကြီးတွေရဲ့ စီးပွားရေးကို ထိခိုက်နိုင်ရင် လက်ဝဲလို့သတ်မှတ်ကြတာဖြစ်ပေမယ့် ဒါတွေအားလုံးဟာ ဆိုရှယ်လစ်ကွန်မြူနစ်တွေရဲ့ နိုင်ငံပိုင်ဗဟိုချုပ်ကိုင်ရေးစီးပွားရေးစနစ် နိုင်ငံရေးစနစ်တွေနဲ့ မပတ်သက်တဲ့နယ်ပယ်ထဲမှာ သတ်မှတ်နေကြတာဖြစ်ပါတယ်။

ထုံးတမ်းစဉ်လာလက်ဝဲတွေဘက်မှာလည်း စစ်အေးခေတ်နဲ့ ဘာမှမဆိုင်တော့တဲ့ စံတွေ၊ တန်ဖိုးတွေဖြစ်လာတယ်။ ဂန္တဝင်မြောက် လက်ဝဲလက်ယာ ပိုင်းခြားအဓိပ္ပာယ်ဖွင့်ချက်က အဓိကအားဖြင့် ပုဂ္ဂလိကပိုင်အရင်းရှင်စီးပွားရေးနဲ့ အများပြည်သူပိုင်စီးပွားရေးကို စည်းကြောင်းခွဲတာဖြစ်ခဲ့တယ်။ ဒါပေမယ့် သမရိုးကျသမားတွေက လက်ဝဲနိုင်ငံ ကွန်မြူနစ်နိုင်ငံလို့ပြောနေတဲ့ တရုတ်ပြည် စီးပွားရေးကိုကြည့်ရင် အလုပ်သမားအင်အားစုရဲ့ ၇၀% ဟာ ပုဂ္ဂလိကကဏ္ဍမှာလုပ်နေပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုပေါင်း GNP ရဲ့ သုံးပုံနှစ်ပုံဟာ ပြည်တွင်းပြည်ပပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ထုတ်လုပ်မှုဖြစ်နေပါတယ်။ စီးပွားရေးကုမ္ပဏီပေါင်း ၁၀ သန်းရှိတဲ့အထဲမှာ ၉၉% ဟာ ပုဂ္ဂလိကကုမ္ပဏီတွေဖြစ်နေတယ်။ ဒါကြောင့်လည်း တချို့ဘောဂဗေဒပညာရှင်တွေက တရုတ်နိုင်ငံနဲ့ စင်္ကာပူနိုင်ငံကို အပေါ်ယံမျက်နှာဖုံးလေးသာကွဲပြီး အနှစ်သာရအတူတူ နိုင်ငံရေး–စီးပွားရေးစနစ်တွေအဖြစ် သတ်မှတ်ကြတာဖြစ်ပါတယ်။ ဖိလိပိုင်ကွန်မြူနစ်ပါတီလို နိုင်ငံတကာက ကွန်မြူနစ်ပါတီအတော်များများက တရုတ်နိုင်ငံကို လက်ဝဲလို့ မသတ်မှတ်ကြဘဲ ပြန်လည်ပြင်ဆင်ရေးသမား ဖောက်ပြန်ရေးသမားလို့ သတ်မှတ်တာတွေဖြစ်နေတယ်။ အမေရိကန်မှာ စာသင်ကျောင်းတွေထဲဝင်ပြီး ကလေးတွေကို သေနတ်နဲ့ အရမ်းကာရောပစ်တဲ့ ကိုလမ်ဘိုင်း အစုလိုက်အပြုံလိုက်သတ်ပွဲမျိုးတွေ ခဏခဏဖြစ်တဲ့နည်းတူ တရုတ်ပြည်မှာလည်း ၂၀၀၄ ခုအတွင်းမှာတွင် စာသင်ကျောင်းထဲက ကလေးတွေကို အသားလွတ်ကြီး ဓားနဲ့ဝင်ခုတ်သတ်တဲ့အမှု သုံးခုဖြစ်ခဲ့တယ်။ ဒီလို လူမှုရေးလက္ခဏာတွေ စီးပွားရေးလက္ခဏာတွေကိုထောက်ပြပြီး တရုတ်ကို လက်ဝဲစာရင်းက ပယ်နေကြတာဖြစ်ပါတယ်။ ဗမာပြည်က နအဖစစ်အစိုးရကို ထောက်ခံနေတဲ့နိုင်ငံတွေကိုကြည့်ရင် ဘယ်လိုမှ လက်ဝဲမဟုတ်တဲ့ ထိုင်း၊ မလေးရှား စင်္ကာပူနိုင်ငံတွေ၊ လက်ယာစွန်း ဘီဂျေပီပါတီ အာဏာရထားတဲ့ အိန္ဒိယနိုင်ငံ၊ တချိန်တုန်းက အစွဲတွေနဲ့ လက်ဝဲလို့ပြောတဲ့သူတွေက

[redacted]


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# နိုင်ငံတကာ

## ဂျီဒတ်ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး အကြမ်းဖက် ကွန်မန်ဒိုအဖွဲ့က တိုက်ခိုက်



ဆော်ဒီအာရေဗျနိုင်ငံ၊ ဂျီဒတ်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအား အကြမ်းဖက်ကွန်မန်ဒိုအဖွဲ့မှ ဝင်ရောက်စီးနင်းအပြီး တွေ့မြင်ရစဉ်။

အယ်လ်ကိုင်ဒါ မွတ်စလင် အကြမ်းဖက် အုပ်စု၏ ထိပ်တန်းခေါင်းဆောင် အိုစမာဘင် လာဒင်၏ ဇာတိမြို့ဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ၊ ဂျီဒတ်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအား (၅)ဦးပါ အကြမ်းဖက် ကွန်မန်ဒိုအဖွဲ့တဖွဲ့မှ ဝင်ရောက်စီးနင်းရာ တတိယနိုင်ငံများမှ ကောင်စစ်ဝန် ဝန်ထမ်း(၅) ဦး သေဆုံးပြီး အမေရိကန်ဝန်ထမ်း(၂)ဦးအပါအဝင်လူ (၁၂)ဦး ဒဏ်ရာရရှိခဲ့သည်။

ဤတိုက်ခိုက်မှုသည် ဆော်ဒီအာရေဗျ၌ အမေရိကန်သံတမန်အဖွဲ့ကို ပထဦးဆုံး တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ကွန်မန်ဒိုအဖွဲ့ဝင် (၅)ဦးအနက် ကွန်မန်ဒိုအုပ်စုခေါင်းဆောင် Fayez bin Awad al jugaini နှင့် အခြား (၃)ဦးကို အသေရရှိပြီး ကျန်တဦးကိုလက်ရဖမ်းဆီးရရှိသည်။ အသက် (၂၈)နှစ်အရွယ်ရှိ ကွန်မန်ဒိုအဖွဲ့ခေါင်းဆောင်မှာ အစ္စလာမ် စည်းမျဉ်းစည်းကမ်းများနှင့် ပြည်သူဝတ်စားဆင်ယင်မှုဥပဒေများ သက်ရောက်မှုရှိစေရန် ဆော်ဒီနိုင်ငံအနှံ့အပြားချထားသော ဘာသာရေးအဖွဲ့ဝင်တဦးဖြစ်သည်ဟု သိရှိရသည်။

အမေရိကန်နိုင်ငံသည် ၎င်း၏နိုင်ငံသားတို့အား ဆော်ဒီအာရေဗျသို့ ခရီးသွားလာခြင်းမပြုရန် ပြင်းပြင်းထန်ထန် နှိုးဆော်ထားသည်။

❖

## မြောက်ကိုရီးယားမှာ နှစ်(၄၀) ခိုလှုံခဲ့သူ စစ်ပြေး အမေရိကန် တပ်ကြပ်ကြီး ထောင်ဒဏ်တလ ကျခံရ



၁၉၆၅ ခုနှစ်တွင် ၃၈ မျဉ်းပြိုင်တလျှောက် ကင်းလှည့်နေရင်း အမေရိကန်စစ်တပ်မှထွက်ခွာ၍ မြောက်ကိုရီးယားတွင် ခိုလှုံခဲ့သူ အမေရိကန်စစ်တပ် ဆာဂျင် ချားလ်ရောဘတ်ဂျန်ကင်သည် စစ်ပြေးမှုဖြင့် ရက်သုံးဆယ် ထောင်ကျခံ၍ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဂျန်ကင်သည် မြောက်ကိုရီးယားနိုင်ငံတွင် နှစ်(၄၀)ကျော် နေထိုင်ခဲ့သည်။ ဂျပန်အမျိုးသမီးတဦးနှင့် လက်ထပ်ပြီး သမီးနှစ်ယောက်ထွန်းကားခဲ့သည်။ ပြီးခဲ့သည့် ဇူလိုင်လတွင် ဂျန်ကင်အား ပြုံယမ်းအစိုးရက အင်ဒိုနီးရှားနိုင်ငံမှတဆင့် ဂျပန်နိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ်၏ ကြိုးပမ်းမှုဖြင့် ထွက်ခွာခွင့်ပေးခဲ့သည်။ ❖

## နှစ်ဆယ့်ခြောက်နှစ်ကြာ တောပုန်းဘဝ ခမာနီမိသားစုလွတ်မြောက်လာပြီ

၁၉၇၈ ခုနှစ်၊ ခရစ္စမတ်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ဗီယက်နမ်တပ်များ ဝင်ရောက်ကျူးကျော်မှုကြောင့် ကမ္ဘောဒီယားအရှေ့မြောက်ပိုင်း နဂါးအမြီးဒေသသို့ရှောင်တိမ်းခဲ့သည့် ခမာနီတပ်များ၏ နောက်ဆုံးကြွင်းကျန်ရစ်သည့် ခမာနီတပ်သား(၁၂)ဦးမှ ပေါက်ဖွားလာသော ကလေးများ၊ မိန်းမသားများနှင့် ယောကျ်ားသားများ စုစုပေါင်း (၃၄)ဦးသည် တောတွင်း၌ ၂၆ နှစ်ကြာအထိးကျန်နေထိုင်ခဲ့ရာမှ ယခုအခါ ကမ်ပူးချားလူ့အဖွဲ့အစည်းသို့ ပြန်လည်ရောက်ရှိလာပြီးဖြစ်ကြောင်း ဒီဇင်ဘာ(၁၃)ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်း၌ ဖော်ပြထားသည်။

၂၆ နှစ်လုံးလုံးတောတွင်း၌ ပြင်ပလူ့အဖွဲ့အစည်းနှင့် အဆက်အသွယ်ဖြတ်ကာ နေထိုင်ခဲ့ကြသူ ခမာနီမိသားစုများသည် သစ်ပင်ခေါက်များကို အဝတ်အစားအဖြစ် အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ ခြိုးခြိုးခြံခြံနေထိုင်စားသောက်ခဲ့ရပြီး ဆံပင်ဂုတ်ဝဲဖြင့်သာ တောတွင်းသားများပမာ နေထိုင်ခဲ့သည်ဟု သိရသည်။ တချို့မှာ ဟိုချီမင်းကြိုးသိုင်းဖိနပ်ဟု အမည်ရသည့် ရာဘာကားတာယာအဟောင်းမှလုပ်သောဖိနပ်များကို စီးနေဆဲဖြစ်သည်ဟု သတင်းများအရ သိရသည်။

ယခုအခါ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ၎င်းတို့အား မြေယာ၊ အဆောက်အအုံနှင့် လယ်လုပ်ပစ္စည်းများကို ဝေငှပေးခဲ့သည်။ အသက် '၄၀' အရွယ်ရှိ ချူချီယာရင်ဆိုင်ဆိုသူက ပြင်ပကမ္ဘာက ဘာဆိုဘာမှ ကျနော်တို့ မကြားသိခဲ့ရပါဘူးဟု ဆိုသည်။

အသက် '၅၅'နှစ် အရွယ်ရှိ မန်လူအွန်က ကျနော်တို့ ဘာမှထွေထွေထူးထူးပြောစရာ မရှိပါဘူး။ ဒီမှာကတော့ အားလုံးဟာ ကျနော်တို့အတွက် အဆန်းတကြယ်ပါပဲ။ ဒါပေမယ့် ဒါကိုကျနော်တို့ သဘောကျပါတယ်။ တကယ်တော့ ကျနော်တို့အတွက် တောခုတ်ဓားတလက်၊ ပုဆိန်တလက်နဲ့ ပေါက်ပြားတလက်သာ တောင်ယာလုပ်ဖို့ လိုတာပါဟု ရိုးသားစွာ ထုတ်ဖော်ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၏ကြီးကြပ်မှုဖြင့် ရွေးကောက်ပွဲများကျင်းပခဲ့ပြီး၊ ဒီမိုကရေစီစနစ်ကို ရွေ့ရှုနေသည့် ကမ်ပူးချားနိုင်ငံသည် နိုင်ငံတကာ NGO များမှတဆင့် ငွေကြေးအကူအညီအမြောက်အမြား ရရှိနေသော်လည်း ပြည်သူလူထုအကျိုးစီးပွားကို ထိထိရောက်ရောက်ပံ့ပိုးနိုင်ခြင်းရှိသည်ကို မတွေ့ရှိသေးကြောင်း၊ ၂၀၀၁ ခုနှစ်က ကမ္ဘောဒီယားနိုင်ငံသို့ လေ့လာရေးခရီးရောက်ရှိခဲ့သူ ဒေါက်တာခင်စိန်က မိုးကြိုးသို့ ပြောကြားခဲ့သည်။

❖



တောတွင်းဘဝမှ လွတ်မြောက်လာသည့် ခမာနီမိသားစုကို တွေ့မြင်ရစဉ်။

## "ကိုဖီအာနန် နှုတ်ထွက်ပေးသင့်ပြီ" အမေရိကန်ဆီနိတ်တာမှ တောင်းဆို

Time Dec 13, 2004

အမေရိကန်ပြည်ထောင်စု၊ မင်နီဆိုတာပြည်နယ် အထက်လွှတ်တော်အမတ် ဆီနိတ်တာ နွမ်းကိုလ်မန်းက "ကိုဖီအာနန် နှုတ်ထွက်ပေးသင့်ပြီးဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့လက်ထက်မှာ ကုသသမဂ္ဂသမိုင်းတလျှောက် အကြီးမားဆုံး အပြင်းထန်ဆုံး ငွေကြေးအရှုတ်တော်ပုံကြီးပေါ်ပေါက်နေလို့ပဲ" ဟု ဝေါစရီဂျာနယ်တွင် ရေးသားခဲ့သည်။

အမေရိကန်အုပ်ချုပ်ရေးအသိုင်းအဝိုင်းကမူ ကိုလ်မန်း၏ မှတ်ချက်ချပြောဆိုမှုနှင့် ခပ်ဝေးဝေးရှောင်နေပြီး ကိုဖီအာနန်အနေဖြင့် ရာထူးမှနှုတ်ထွက်သင့် မသင့်ဟူသော မေးခွန်းကိုဖြေကြားရာ၌ အမေရိကန်သမတက "ကျုပ်ကတော့ ဘာဆက်ဖြစ်မယ်ဆိုတဲ့ အကောင်းဆုံးနဲ့အရိုးသားဆုံးအကဲဖြတ်ချက်တွေကို စောင့်မျှော်နေတာပဲ" ဟုပြောကြားသွားသည်။

နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်တဦးဖြစ်ပြီး ဒုတိယအကြိမ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးကို ဆက်လက်ထမ်းဆောင်နေသူ ကိုဖီအာနန်သည် ကုလသမဂ္ဂမှ ကြီးကြပ်လုပ်ကိုင်သော"အစားအစာအတွက်ရေနံ"လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်သည့် လာဘ်ပေးလာဘ်ယူမှုများရှိခဲ့သည် ဟူသောသတင်းများ အကြီးအကျယ်ပေါ်ထွက်လာပြီး နောက်ယခုကဲ့သို့ တိုက်ခိုက်ခံရမှုများဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် စီးပွားရေးပိတ်ဆို့မှုကြောင့် ဒုက္ခရောက်နေကြသော အီရတ်ပြည်သူများခံစားနေရသည့် ဒုက္ခများသက်သာလျှော့ပါးစေရန် ဆက်ဒမ်အစိုးရအားရေနံရောင်းချခွင့်ကို သဘောတူခွင့်ပြုခဲ့သည်။ ကုလသမဂ္ဂသည် အရောင်းအဝယ်နှစ်ဖက်စလုံးအား ကြီးကြပ်ခဲ့ရသည်။ သို့သော်ဆက်ဒမ်အစိုးရသည် လာဘ်ပေးလာဘ်ယူမှုများပြုလုပ်ခဲ့ပြီး ဒေါ်လာဘီလီယံ ၂၀ အထက်ငွေများကို တရားမဝင်ရယူခဲ့သည်။ စုံစမ်းစစ်ဆေးမှုများအဆိုအရ အမေရိကန် မဟာလုပ်ငန်းခွင်ကြီးများအပါအဝင် ပြင်သစ်၊ ရုရှား၊ တရုတ်အစား ရေနံကုမ္ပဏီကြီးများက ယင်းအရှုပ်အထွေးတွင်ပါဝင်ပတ်သက်နေပြီး ကုလသမဂ္ဂအရာရှိကြီးများပါ ပါဝင်နေကြောင်း သိရှိရသည်။



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်နှင့် သားဖြစ်သူ ကိုဂျိုးအာနန်

အထူးခြားဆုံးမှာ ကိုဖီအာနန်၏ သားကိုဂျိုးသည် ဆွစ်ကုမ္ပဏီ Contecna နှင့် ဆက်သွယ်လုပ်ကိုင်နေမှုကြောင့် ဝေဖန်ခြင်းခံရခြင်းဖြစ်သည်။ ၁၉၉၈ ဒီဇင်ဘာမှ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ကိုဂျိုးအား လစဉ်ဒေါ်လာ ၂,၅၀၀ ပေး၍ အတိုင်ပင်ခံအရာရှိအဖြစ်ခန့်ထားသည့် ယင်းကုမ္ပဏီသည် အီရတ်သို့ ကုန်ပစ္စည်းများတင်သွင်းခွင့်အတွက် ကန်ထရိုက်ရရှိသည့် ကုမ္ပဏီဖြစ်သည်။ ကိုဖီအာနန်ကမူ သူက လွတ်လပ်တဲ့ စီးပွားရေးလုပ်ငန်းရှင်ပါ သူ့လုပ်ငန်းတွေမှာ ကျနော်ပါဝင်ပတ်သက်ခြင်းမရှိပါဘူးဟု ပြောဆိုခဲ့သည်။

အမှန်မှာ "အစားအစာအတွက်ရေနံ" အရှုပ်တော်ပုံမှာ အမေရိကန်က ၁၉၉၆ ခုနှစ်ကရွေးချယ်ခဲ့သူ အတွင်းရေးမှူးချုပ်နှင့် ဝါရှင်တန်အကြား ကြီးထွားလာနေသည့် သဘောထားကွဲလွဲမှု၏ အစိတ်အပိုင်းတရပ်မျှသာဖြစ်သည်ဟု လေ့လာသူတချို့က ထောက်ပြပြောဆိုလျက်ရှိသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဆူဒန်အား အပစ်ပေးအရေးယူရန်စည်းရုံးလှုံ့ဆော်ခြင်းနှင့် အီရတ်တွင် အမေရိကန်တပ်များက ပုန်ကန်သူများအား အကြီးအကျယ်နှိမ်နှင်းခြင်းစသည့် အမေရိကန်ပေါ်လစီများကို ကိုဖီအာနန်က ဆန့်ကျင်ခဲ့ခြင်းအတွက် ဝါရှင်တန်က အကြီးအကျယ် မကျေမချမ်းဖြစ်လျက်ရှိသည်ဟု သိရသည်။ ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးဟောင်းတဦးဖြစ်သူ ဆာဂျယ်ရမီဂရင်းစတော့ကမူ တကယ်တော့ အာနန် မနှုတ်ထွက်သင့်ပါဘူး။ "သည်လိုကောင်းတဲ့ လူမျိုးရှာရတာ အင်မတန်ခက်တယ်"ဟု မှတ်ချက်ချပြောဆိုခဲ့သည်။

❖

# နိုင်ငံတကာ

## ယူကရိန်းရွေးကောက်ပွဲဝင်မည့် အတိုက်အခံခေါင်းဆောင် အဆိပ်ခပ်ခံရဟု ဩစတေးလျဆေးရုံမှ ထုတ်ဖော်

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ယူကရိန်းအတိုက်အခံခေါင်းဆောင် Viktor Yushehenkor ၏ မျက်နှာကို စစ်ဆေးပြီးနောက် သူသည်အဆိပ်ခပ်ခံရခြင်းဖြစ်ကြောင်း ဩစတေးလျရှိ ဂုဏ်သိက္ခာရှိ၍ ထင်ရှားသောဆေးရုံတရုံက ပြီးခဲ့သည့် စနေနေ့က သက်သေအထောက်အထားများကို ဖော်ထုတ်တင်ပြသည်ဟု ဒီဇင်ဘာ ၂၀ ရက် နေ့ထုတ် တိုင်းမ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

ယူကရိန်းသမတလောင်းဖြစ်သူ ယူရှီချန်ကို အား တတိယအကြိမ် ဆေးစစ်အပြီးတွင် သူ၏မစင်ထဲ၌ ဒိုင်အောက်ဆင် (အဆိပ်ဖြစ်နိုင်သော ဓာတုပစ္စည်း)ပါဝင်မှု မြင့်မားနေပြီး ပိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးတချို့၏ ဘေးထွက်အဆိပ်များ ပျံ့နှံ့နေကြောင်း ဗီယင်နာမြို့တော်မှ Ruddyince-haus ဆေးရုံမှ ဒါရိုက်တာ ဒေါက်တာ မိုက်ကယ်ဇင့်မ်ဗါက ထုတ်ဖော်ပြောကြားခဲ့သည်။

ယူရှီချင်ကိုသည် ဒီဇင်ဘာ ၂၆ ရက်တွင် ပြန်လည်ကျင်းပမည့် ရွေးကောက်ပွဲအသစ်တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ သူ၏ရောဂါကြောင့် သူ့အားထောက်ခံသူများအတွင်း ပိုမို၍အားကောင်းလာဖွယ်ရှိပြီး


ယူကရိန်းအတိုက်အခံခေါင်းဆောင်
Viktor Yushehenkor

သူ၏ဆန့်ကျင်ဘက် အတိုက်အခံများအတွက်မူ အခတ်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ သူ၏အဓိကပြိုင်ဖက်ဖြစ်သူ Yanukovych က“ဒီလိုမကျန်းမာတဲ့လူကို ရွေးကောက်တင်မြှောက်ခဲ့ရင် နောက်တနေ့ သူ့ကိုဆေးရုံတင်ရလိမ့်မည်”ဟု တယ်လီဗီးရှင်းမှတဆင့် ယူရှီချင်ကိုအား တိုက်ခိုက်ပြောကြားခဲ့သည်။❖

## လိမ်မော်ရောင်တော်လှန်ရေး ယူကရိန်း၌ဆင်နွဲ မမှန်ကန်သည့်ရွေးကောက်ပွဲရလဒ် လူထုအင်အားဖြင့် ပယ်ဖျက်

ယူကရိန်းနိုင်ငံ၏ စတုတ္ထအကြိမ်မြောက် သမတရွေးကောက်ပွဲကို သက္ကရာဇ် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့၌ ကျင်းပခဲ့ရာ မူလဝန်ကြီးချုပ်ဟောင်း Yanukoyych က မဲဆန္ဒခွင့်စုစုပေါင်း ၃% အသာဖြင့် အနိုင်ရမည်ဟု ရွေးကောက်ပွဲကော်မရှင်မှကြေညာခဲ့သည်။ တပြိုင်တည်းမှာပင် ယူကရိန်းနှင့်နိုင်ငံခြားစောင့်ကြည့်လေ့လာသူများထဲမှ မကျေနပ်ကန့်ကွက်ချက်များ အကျယ်အပြန့်ပေါ်ထွက်လာပြီး မဲဆန္ဒရှင်များ၏ ခြိမ်းခြောက်မှုများ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများနှင့် မဲပုံးများအား မီးရှို့မှုများဖြစ်ပေါ်လာခဲ့သည် Yanukoyych အား ထောက်ခံအားပေးလျက် မဲဆွယ်ပေးနေသည့် နိုင်ငံပိုင်သတင်းဌာနမှ ကြီးမားသော ဆူပူမှုများမရှိဟု ကြေညာခဲ့သည်။ ထိုအချိန်မှာပင် အနောက်တိုင်းပုံစံ ပြုပြင်ပြောင်းလဲရေးလိုလားသူ အတိုက်အခံခေါင်းဆောင် Viktor Yushchenko အား ထောက်ခံအားပေးသည့် လူထုကြီးသည် Kiev မြို့တော်၏ လွတ်လပ်ရေးရင်ပြင်တွင်စုရုံးနေကြပြီး သူတို့၏ အမတ်လောင်းများ အနိုင်ရကြောင်း အသိအမှတ်ပြုရန် တောင်းဆိုကြသည်။ ယင်းသို့ လူထုစုစည်းမှုများက တစထက်တစကြီးမားလာပြီး Kiev မြို့သူမြို့သားများကပါ တခဲနက်ပူးပေါင်းပါဝင်လာကြသည်။ မကျေမနပ်ဖြစ်နေသော ပုလိပ်အရာရှိများကလည်း လူထုဆန္ဒပြပွဲကို ပူးပေါင်းလာကြမည်ဟု ဆိုသည်။ လူထုကြီးသည် Yushchenko ၏ ယူကရိန်းပါတီ အထိမ်းအမှတ် လိမ်မော်ရောင် ဝတ်စုံများကို ဝတ်ဆင်လျက် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆန္ဒပြခဲ့သည်။ အတိုက်အခံခေါင်းဆောင် Yushchenko က ရွေးကောက်ပွဲကော်မရှင်က သူ၏ရွေးကောက်ပွဲ အရှုံးအနိုင်ကြေညာချက်ကို ပယ်ဖျက်ပစ်ရန် တောင်းဆိုလိုက်ပြီး လူထုဆန္ဒကိုဖော်ထုတ်သွားရန်နှင့် ၎င်းတို့၏ အမျိုးသားရေး ခုခံရေးလှုပ်ရှားမှုကို ဝိုင်းဝန်းပံ့ပိုးကြရန် ပန်ကြားသည်။ လူထုကြီးကလည်း ချမ်းအေးလှသည့် ဆောင်းရာသီ အအေးဒဏ်ကို ဆီးနှင်းများကြားကပင် ကြံ့ကြံ့ခံလျက် မတရားမှုကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။


ယူကရိန်းအတိုက်အခံခေါင်းဆောင်ကို ထောက်ခံသူများအားတွေ့မြင်ရစဉ်

အဆက်မပြတ် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှု၏ ၆ ရက်မြောက်နေ့တွင် ပါလီမန်မှ ရွေးကောက်ပွဲရလဒ်သည် တရားမဝင်ကြောင်း ရွေးကောက်ပွဲပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြင့် လူထုအောင်ပွဲရယူခဲ့သည်ဟု ဒီဇင်ဘာ ၆ ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

အသက် ၅၀ အရွယ်ရှိ အတိုက်အခံခေါင်းဆောင် Yushchenkoသည် အနောက်တိုင်းပုံစံပြုပြင်ပြောင်းလဲရေးနှင့် ဥရောပနှင့်နီးကပ်မှုကို လိုလားသူဖြစ်ပြီး အသက် ၅၄ နှစ်အရွယ် ဝန်ကြီးချုပ်ဟောင်းVrator Yanu Covych မှာ မော်စကိုနှင့်နီးစပ်လျက် အစိုးရထိန်းချုပ်သည့် စီးပွားရေးမူဝါဒကို ထိမ်းချုပ်မည်ဟု လေ့လာသူများက ထောက်ပြကြသည်။ အတိုက်အခံခေါင်းဆောင်မှာ အမေရိကန်အမျိုးသမီးနှင့် အိမ်ထောင်ပြုထားသဖြင့် ၎င်း၏ နိုင်ငံရေးရန်သူများက အနောက်သူလျှိုဟု စွပ်စွဲခံနေရသည်။❖

## အစ္စလာမ်အခြေခံ သဘောထားတင်းမာသူများ အီရန်တွင် အာဏာဆုပ်ကိုင် အီရန်နြူူးကလီးယားစွန့်စားရေးမူဝါဒ အဆုံးသတ်ရေး သံတမန်နည်းလမ်းဖြင့်သာ ဖြေရှင်းနိုင်မည်

အီရန်နိုင်ငံ၏ ပြည်တွင်းသာမက ပြည်ပတွင်ပါ အကွက်ဆင်ဖန်တီးမှုကြောင့် နာမည်ဆိုးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ရှုတ်ချခံနေရသည့် ရွေးကောက်ပွဲများမှတဆင့် အစ္စလာမ်ရှေးရိုးစွဲဝါဒီများက အမတ်နေရာ ၂၉၀ အနိုင်ရခဲ့ပြီးနောက်ပိုင်းတွင် အီရတ်နိုင်ငံတဝှမ်းလုံး၌ အနုမြူစွမ်းအင်ရယူရေးအတွက် လူထုထောက်ခံဆန္ဒပြပွဲများ ကျင်းပခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင် အမေရိကန်ဆန့်ကျင်ရေးလှုပ်ရှားမှုများလည်း ပိုမိုများပြားလာသည်ဟု ဒီဇင်ဘာ ၆ ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်းအရ သိရှိရသည်။ အစ္စလာမ်ကိုယ်စားလှယ် Hassan Kamram က အကယ်၍အမေရိကန်က အီရတ်၏ နြူူးကလီးယားစက်ရုံများကို တိုက်ခိုက်လာမည်ဆိုလျှင် အီရတ်က အစ္စရေးနှင့် ပါရှန်ပင်လယ်ကွေ့အတွင်းရှိ အမေရိကန် စစ်သင်္ဘောများကို တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အီရတ်ဥပဒေပြု အမတ်များကလည်း အမေရိကန်ကျဆုံးပါစေဟူသော ကြွေးကြော်သံများကို ယူရေနီ ယမ်စုဆောင်းရရှိရေးစီမံချက် ပြန်လည်စတင်ရန် မဲပေးစဉ်အတွင်း ကြွေးကြော်ခဲ့သည်ဟု ဆိုသည်။

ထို့အပြင် လက်နက်ငယ်များကိုင်ဆွဲထားသော အပျော်တမ်းစစ်မှုထမ်း အမျိုးသမီးအဖွဲ့ကလည်း အနောက်နိုင်ငံများနှင့် နြူူးကလီးယားကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်သည့်ဆွေးနွေးမှုကိုမဆို ဆန့်ကျင်ကြောင်းဖော်ပြသည့် ဆန္ဒပြပွဲတရပ်ကို ပြသခဲ့သည်ဟု သတင်းများအရ သိရသည်။

တပြိုင်တည်းမှာပင် အီရတ်အစိုးရသည် နြူူးကလီးယားပြဿနာ ပြေလည်ရေးအတွက် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမဏီနိုင်ငံတို့မှ သံတမန်များနှင့် တွေ့ဆုံဆွေးနွေး အဖြေရှာလျက်ရှိသည်။ အပြီးသတ်နားလည်မှုကို ဒီဇင်ဘာလအလယ်တွင် ရရှိနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ အီရတ်ရှိဘာသာရေးခေါင်းဆောင်များသည် အနောက်အုပ်စုက စိုးရိမ်နေသည့် အနုမြူစမ်းသပ်ရေး၊ ထုတ်လုပ်ရေးနှင့် တင်သွင်းရေး အပါအဝင် ယူရေနီယမ်စုဆောင်းမှု အစီအစဉ်အားလုံးကိုရပ်ဆိုင်းရန် သဘောတူထားပြီဖြစ်သည်။ အပြန်အလှန်အားဖြင့် အီရန်နိုင်ငံသည် စီးပွားရေး၊ လုံခြုံရေးနှင့် အနုမြူကိစ္စများအပါအဝင် တချိန်ချိန်၌ အီရတ်နိုင်ငံ၏ အထီးကျန်ဖြစ်မှုကို အဆုံးသတ်လျော့ချနိုင်မည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ရောက်ရှိနိုင်မည်ဖြစ်သည်။ ❖

## အကျအဆုံးများစေသည့် မြို့ပြတိုက်ပွဲနည်းနာ အီရတ်ပြောက်ကျားတို့ ကျင့်သုံးလာ

အီရတ်စစ်သွေးကြွ ပြောက်ကျားများသည် မြို့တွင်းတိုက်ပွဲများကို နည်းနာသစ်များ ပြောင်းလဲကျင့်သုံးတိုက်ပွဲဝင်လျက်ရှိသည်ဟု ဒီဇင်ဘာ(၆)ရက်နေ့ထုတ် သတင်းများအရ သိရှိရသည်။ ကာဖီဆိုင်များ၊ လွှက်ရည်ဆိုင်များတွင်အခြေစိုက်ကြပြီး ၎င်းတို့အား ဆွန်နီစစ်သွေးကြွခေါင်းဆောင်များက ကမကထပြုလှုပ်ရှားနေကြသည်ဟု ဆိုသည်။

ဖာလူဂျာစစ်ပွဲ နောက်ပိုင်းတွင် လူဦးရေထူထပ်သိပ်သည်းသော နေရာဒေသများသည် အီရတ်ပျောက်ကျားများ၏ နည်းဗျူဟာအသစ်အတွက် အကောင်းဆုံးစံပြနေရာများဖြစ်လာကြသည်။ အီရတ်မြို့တော်ကို ကာကွယ်နေသော အမေရိကန်တပ်မတော် အမှတ်(၁)သံချပ်ကာ ယန္တယားတပ်မ တပ်မမှူး Peter Chiarellin က “မြို့တော်ထဲမှာ ကျနော်တို့ ပစ်ခတ်ဖို့မလွယ်လှဘူး”ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အီရတ်ပြောက်ကျားများသည် ဘဂ္ဂဒက်တွင်သာမက အလားတူ နည်းဗျူဟာများကို တတိယအကြီးဆုံးမြို့ဖြစ်သည့် အီရတ်မြောက်ပိုင်း မိုလ်ဆိုးတွင်လည်း ကျင့်သုံးလျက်ရှိသည်။ မိုလ်ဆိုးတွင် ပစ်ပြီးပြေးစနစ်ကို ကျင့်သုံးရန် ပြန်ပေးဆွဲမှုများ၊ ခေါင်းဖြတ်မှုများကိုလည်း ပြောက်ကျားများက ပြုလုပ်ကြကြောင်းသိရသည်။


အီရတ်နိုင်ငံတွင်လှုပ်ရှားနေကြသည့် အမေရိကန်တပ်သားအချို့ကို တွေ့ရစဉ်။

ပြီးခဲ့သည့်အပတ်တွင်းကပင် လူ(၆၀)အသက်ခံရပြီး အမေရိကန်လက်ဝေခံ အီရတ်စစ်သားများဖြစ်ကြောင်း သတင်းများကဆိုသည်။ မိုလ်ဆိုးမြို့ အမေရိကန်တပ်ဖွဲ့များ၏တပ်မှူး ဗိုလ်မှူးချုပ် ကာတာဟန်းမ်က ဒေသဆိုင်ရာ ပြောက်ကျားတွေရဲ့ အမိန့်နဲ့ ထိမ်း ချုပ်မှုတွေ ပိုလာနေတယ်၊ ဒါမျိုးတခါမှ မတွေ့ဖူးဘူးဟု ဆိုသည်။ စစ်ရေးလေ့လာသူတဦးကမူ အီရတ်ပြည်သူတို့က ပြည်သူ့ပြောက်ကျားစစ်ကို စတင်ဆင်နွှဲနေကြပြီဟု မှတ်ချက်ချလျက် အထူးသဖြင့် မြို့ပြပြောက်ကျားစစ်ပွဲကို အလေးပေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

❖




ဗိုလ်ခင်ညွန့်တို့ကို ဖမ်း၊ ထောက်လှမ်းရေးကိုပုံစံပြောင်းပစ်၊ ပြည်တွင်းပြည်ပ ပေါ်လစီများနဲ့ ငြိမ်းအဖွဲ့တွေအပေါ်သဘောထားများ မပြောင်းကြောင်းကြေညာ၊ နိုင်ငံရေးအကျဉ်းသမားတွေကို လွှတ်မယ်လို့ ဆို၊ ကိုမင်းကိုနိုင်ကို လွှတ်၊ နိုင်ငံရေးအကျဉ်းသား ၄၀ လောက်လွှတ်ပြီးနောက် လွှတ်စရာကုန်ပြီလို့ကြေညာ၊ ဒေါက်တာသန်ငြိမ်းကို ထောင်ကျရက်တိုး၊ သူတို့ဟာ ခေါင်းမာသူတွေ မဟုတ်ဘူး လို့ သတင်းစာထဲမှာ ဆောင်းပါးတွေ ရေး၊ တဖက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ်နှစ်တိုး၊ ပုဒ်မတပ်၊ ညောင်နှစ်ပင်ကျင်းပမယ့်ရက် ကြေညာ၊ အာစီယံမှာ တမျိုးပြော၊ ဝန်ကြီးချုပ်က သူမသိပါလို့ဘူးကွယ်။ ဒါတွေအားလုံးဟာ တလတောင်မရှိတဲ့ကာလအတွင်း ဖြစ်ပျက်ခဲ့တာတွေ။ ယုံနိုင်စရာတောင်မရှိ။

မယုံမရှိနဲ့၊ ဒါဟာ ဗမာပြည်၊ ဒါဟာ ဗမာပြည်ရဲ့ ဒီနေ့နိုင်ငံရေးပဲ။

အဖြစ်အပျက်တွေက မြန်ဆန်လွန်းတယ်။ ဗိုလ်ခင်ညွန့်ကို ကျန်းမာရေးကြောင့် အနားပေးတာလို့ တရားဝင်ကြေညာ၊ ပြီးတော့ စီးပွားရေးပြစ်မှုတွေ၊ နိုင်ငံတော် လုံခြုံရေးပြစ်မှုတွေ အမျိုးမျိုးအကြောင်းပြလာတယ်။ ဦးဝင်းတင်ကိုလွှတ်မယ်လို့ တရားဝင်ထုတ်ပြော၊ မလွှတ်ဘူးလို့ ထပ်ငြင်း။ ဒီနေ့ ဗမာပြည်ရဲ့ နိုင်ငံရေးမှာ ဘာမှ ညာချင်လို့မရ၊ ချက်ခြင်းပေါ်လာတယ်။ မပြောချင်လို့မရ၊ အခြေအနေတွေက အတင်းဖိမေးတယ်။ ဒါကို နအဖ ခေါင်းဆောင်တွေ သင်ခန်းစာ မယူကြသေး။ မသိလို့တော့မဟုတ်။ ပြောနိုင်တာတခုက စစ်အစိုးရမှာ ရွေးချယ်စရာ မရှိဘူး။ ခင်ညွန့်တို့ကို ဖယ်လိုက်လို့ သူတို့နိုင်ငံရေးအကျပ်အတည်းက လွတ်မြောက်သွားတာမဟုတ်။ တပါတည်း ပြောသင့်တာက နအဖရဲ့ လမ်းပြမြေပုံဟာ ဗိုလ်ခင်ညွန့် ကျဆုံးသွားလို့ ပျောက်ကွယ်မသွားဘူးဆိုတာပဲ။ တချို့က ဒီရုဒ်မက်ပ်ဆိုတာဟာ ဗိုလ်ခင်ညွန့်ရဲ့ ရွှေဉာဏ်တော်စူးရောက်မှုကြောင့် ပေါ်လာတာ၊ အင်္ဂလိပ်လို ဗိုလ်ခင်ညွန့်ရဲ့ brainchild လို့တောင် ပြောချင်ကြတာ။ အခုတော့ ရှင်းသွားရောပေါ့။

တွေ့နေရတာ တခုက ဦးဝင်းအောင်ကခဲ့ရတဲ့အခန်းကို နောက်လူတွေ ဆက်ကနေရတာပဲ။ ဥပမာ ဦးဝင်းတင်ကို လွှတ်ပေးမယ်လို့ မျက်နှာထူထူထား ပြောရတာမျိုး။

နအဖအတွင်း လူသာပြောင်းတယ်၊ မူမပြောင်း၊ လုပ်ဟန်လည်း မပြောင်း။ သူတို့အနေနဲ့လှည့်စားမှုနဲ့ အကြမ်းကိုင်မှုကို သင့်သလိုလုပ်သွားဖို့ပဲ စဉ်းစားနေကြတယ်။ ဒါဟာ ၁၉၈၈ ခုနှစ်ကတည်းက အသုံးပြုနေတဲ့ လက်စွဲပေါ်လစီနဲ့ သေနင်္ဗျူဟာပဲ။ ဒါပေမယ့် လှည့်စားတဲ့နည်းဆိုတာကတော့ ကြာလေ သုံးမရလေဖြစ်လာတယ်။ တနည်းပဲ ကျန်တော့သလို ဖြစ်လာနေတယ်။ တဖက်မှာလည်း ညောင်နှစ်ပင်ကို အတင်းအကောင်အထည်ဖော်ရတော့မယ်၊ ဖွဲ့စည်းပုံကိုအတင်းကြေညာရတော့မယ့် အခြေအနေဆီ နီးကပ်လာနေတယ်၊ ဒီချုပ်ကို ဖြိုခွဲဖို့ကတော့ လုပ်တုန်းပဲ။ ခေါင်းဆောင်ပိုင်းအတွင်း၊ အထက်နဲ့အောက်၊ ဒေါ်စုနဲ့တခြားခေါင်းဆောင်တွေ။

ဒီအခြေအနေကိုကြည့်ပြီး နင်တန် နင်တန် ပန်းကန်ကွဲဆိုတာမျိုး လုပ်နေသူတွေနည်းနည်းရှဲသွားသလိုတွေ့ရတယ်။ ဒါပေမယ့် တောမီးလောင်နေပါတယ်ဆိုမှ လိပ်ဥဖုတ်စားချင်သူတွေလည်း ပေါ်လာပြန်သေးတယ်။

တကယ်က အခြေအနေတွေဟာ အဆုံးအဖြတ်တိုက်ပွဲဆီကို နီးလာနေတာကိုပြတာ။ အဆုံးအဖြတ်တိုက်ပွဲဆိုတာ စစ်အုပ်စုနဲ့ ဒီမိုကရေစီအင်အားစုတွေ အကြားကတိုက်ပွဲကို ပြောတာပဲ။ စစ်အုပ်စုက နိုင်သွားရင် သူတို့တတွေ သမိုင်းကာလတခု တည်မြဲသွားမယ်။ ဒီမိုကရေစီဘက်က နိုင်ရင်လည်း ပွဲပြတ်နိုင်တယ်။ နှစ်ဖက် အပေးအယူလုပ်တာနဲ့ ပြီးသွားတာလည်း မဖြစ်နိုင်ဘူးလို့ မဆိုနိုင်ဘူး။ ဘာပဲပြောပြော၊ အဆုံးအဖြတ်တိုက်ပွဲနဲ့ နီးလာလေ ခက်ခဲကြမ်းတမ်းလေဖြစ်မှာပဲ။ ဒါ သံသယဖြစ်စရာ မလို။

အဲဒီလိုအခါမှာ ဖော်ပြမှုအမျိုးမျိုး တွေ့ကြရတယ်။ တချို့ဟာ နအဖ က တင်းလေ ကိုယ့်ကိုယ်ကို ယုံကြည်မှုလျော့နည်းလေ၊ စိတ်ဓာတ်ကျလေ ဆိုတာမျိုး။ ဟိုလက်ညှိုးထိုး၊ ဒီလက်ညှိုးထိုး လုပ်ချင်ကြတယ်။ ကိုယ်စိတ်ဓာတ်ကျတာကို အမျိုးမျိုး ဖုံးကွယ် ကြတယ်။ ခြေမမြဲ လက်မြဲ ကြံစည်ကြတာလည်း ရှိသလားပဲ။

မဝေးတဲ့အတိတ်ကို ပြန်လှည့်ကြည့်လိုက်ပါ။ ရှစ်လေးလုံးတုန်းက တပြည်လုံးပုံအောခဲ့ကြတယ်။ ကျောင်းသားတွေ၊ သံဃာတွေ၊ စာပေအနုပညာရှင်တွေ၊ နိုင်ငံရေးသမားဟောင်းတွေ၊ စစ်အရာရှိဟောင်းတွေ အားလုံးလမ်းမပေါ် ရောက်လာကြတယ်။ ဒါပေမယ့် လိုချင်တဲ့ အဖြေမရခဲ့ကြဘူး။ ကြာလာတော့ အတွေးအခေါ်ရှုပ်ထွေးလာရော။ အတွေးအခေါ်ရှုပ်ထွေးမှုဟာ စည်းရုံးရေးပြဿနာတွေဆီ ဆက်လာတယ်။ ပြည်တွင်းရော၊ ပြည်ပပါ။

ဒါမဆန်း။ ၁၉၄၅ တုန်းကလည်း 'အင်္ဂလိပ်အခက် ဗမာ့အချက်'ဆိုပြီး ပုံအောခဲ့ကြတယ်။ ဒါပေမယ့် နောက်ဆုံးတော့ အင်္ဂလိပ်ပြန်ရောက်လာတာပဲ အဖတ်တင်တယ်။ သွေးချွေးနဲ့ ရင်းနှီးတည်ထောင်ထားရတဲ့တပ်ကို ဖျက်ပေးရတဲ့အထိ ဖြစ်ခဲ့တယ်။ နောက်ဆုံး သူ့တပ်ထဲမှာ–အင်္ဂလိပ်တပ်ထဲမှာ တချို့တဝက်ပါခွင့်ရဖို့ကိုပဲ မနည်းစေ့စပ်ခဲ့ရတယ်။ ကန္ဒီစာချုပ်။ ဖဆပလကို ဖြိုခွဲတာခံရတယ်။ ပျော်ဘွယ် ဦးမြ၊ ဟသ်ာတ ဦးမြ၊ မန်းဘခိုင်တို့လို ပုဂ္ဂိုလ်တွေလောက်ပဲ ဖဆပလထဲမှာ ကျန်ခဲ့တယ်။ ကျန်တာတွေက ဖုတ်ဖက်ခါ ထွက်သွားကြတယ်။

အဲဒီတုန်းကလည်း ပုံအောခဲ့တာ နောက်ဆုံးကျတော့လည်း တို့တတွေ ရှုံးပြီလို့ ထင်ခဲ့ကြ၊ ပြောခဲ့ကြတာပဲ။ အခုဖြစ်နေတာတွေနဲ့ မကွာလှဘူး။ တရားခံရှာတာတွေ ပေါ်လာတယ်။ ဒီထဲမှာ သခင်စိုး အကဲဆုံး။ ဆောင်ကြာမြိုင်ဗိုလ်ချုပ်ကြောင့်၊ သိန်းသန်းအချောင်သမား (ဘရောက်ဒါဝါဒ)ကြောင့် စသဖြင့် တရားခံရှာတာလုပ်တယ်။ ဆိုရှယ်လစ်ပါတီက သံယောင်လိုက်ပြီး ဗကပ ဆန့်ကျင်ရေး လုပ်တယ်။ ဖေ–ပု–ရှိန်တုန်းက အင်္ဂလိပ်နဲ့စေ့စပ်ခဲ့ပြီး အဲဒီကာလမှာ ဖဆပလရဲ့ သဘောတရားရေးဆရာကြီးဖြစ်နေတဲ့ ဦးဘဖေက အင်္ဂလိပ်နဲ့ စေ့စပ်ချင်တယ်။ ဒီအယူအဆကို ဗကပတို့က အပြတ်ဆန့်ကျင်တယ်။ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းက "ရရင်ရ၊ မရရင်ချ"ဆိုလိုက်တော့မှ ပြတ်သွားတယ်။ ဒီလိုနဲ့ လွတ်လပ်ရေးရခဲ့တာ။

အမှန်က ရှစ်လေးလုံး အရေးတော်ပုံဟာ ရှုံးနိမ့်သွားတာမဟုတ်ဘူး။ အချိန်ရွှေ့ဆိုင်းလိုက်တာပဲဖြစ်တယ်။ ဒီတိုက်ပွဲ၊ ဒီအရေးတော်ပုံကို လူသစ်တွေ ထပ်ဖြည့်၊ အစားထိုး၊ ပုံစံသစ်တွေရှာဖွေပေါင်းစပ်၊ ဆက်လက်သယ်ဆောင်ကြမှာပဲ။ လူထုရှိနေသရွေ့ လူထုအသဲထဲက မျှော်မှန်းချက်အတွက်တိုက်ပွဲတွေဟာ မရှုံးနိမ့်ပါဘူး။

အခြေအနေတွေကို ကြည့်တဲ့အခါမှာ ကိုယ့်တွင်းပြဿနာတွေကိုချည်း မြင်နေလို့မဖြစ်ဘူး။ တဖက်ရဲ့ အနေအထားကိုလည်း အမှန်အတိုင်းကြည့်မြင်နိုင်ရမယ်။ ဗိုလ်သန်းရွှေတို့ ကြောက်ရမ်း–ရမ်းနေတာကို မြင်ဖို့လိုတယ်။ စစ်သားများ ကြောက်မိပြီဆိုရင် သာမန်အရပ်သားထက် ဆိုးတယ်။ တပ်တတပ် ရှုံးလို့ပြေးရရင် ကျီးကန်း သူ့ဖာသာအော်တဲ့အသံကိုတောင်'လိုက်ဟ....လိုက်ဟ' လို့ကြားပြီး အပြေးမရပ်ဘူး။

ခေါးပြဂိုဏ်းတဂိုဏ်း ပြိုကွဲတာဟာ တိုက်ရာပါ ပစ္စည်းဝေစုခွဲရာက စလေ့ရှိသလို စစ်အုပ်စုဟာလည်း 'နိုင်ငံတော် အာဏာ' ဆိုတဲ့ တိုက်ရာပါ ပစ္စည်းကို အဝေမတဲ့ရာက ပြိုကွဲမှာပဲ။ ဗိုလ်နေဝင်းတုန်းကလည်း ကိုယ့်တပ်အာဏာပိုင်တွေအတွင်း ငြိမ်အောင် ဝေစုခွဲပေးတာ မနည်းကြီး လုပ်ခဲ့ရတယ်။ အခုလည်း ဗိုလ်သန်းရွှေနဲ့ အပေါင်းပါများ ဝေစုခွဲနေကြတယ်။ အဝေမတဲ့နိုင်ပါဘူး။ နဝတ လက်ကျန်က ၂ ယောက်ပဲ ကျန်ပါတယ်။ ကျန်တာက နအဖ လက်သစ်တွေပါ။ နအဖထဲ မပါရတဲ့ တိုင်းမှူး လက်သစ်တွေကလည်း ဝေစုများများ ရချင်ကြပါတယ်။ သူတို့ကလည်း ဂျိုသွေးနေကြတာ။

ဒင်းတို့တတွေဟာ နိုင်ငံတကာမှာ ကိုယ်အထီးကျန်ဖြစ်နေတာကို သိတယ်။ ဘယ်လိုပဲ ဟန်ဆောင်နေနေ၊ ဒီအခြေအနေကို သူတို့မကြိုက်ဘူး။ လန့်လည်း လန့်တယ်။ ကမ္ဘာမှာ၊ အထူးသဖြင့် ကမ္ဘာ့ဒီဖက်ပိုင်းမှာ အရေးအခင်းကြီးကြီးမားမားဖြစ်လာရင် သူတို့မချောင်ဘူးဆိုတာသိတယ်။ ဒါကြောင့် သူတို့ဟာ အခါအခွင့်ရတိုင်း ပြည်ပကို လော်ဘီအမျိုးမျိုး လွှတ်နေတာပဲ။ အခု အထိတော့ သူတို့လော်ဘီတွေ အောင်မြင်တယ်လို့ မဆိုနိုင်သေးဘူး။

ဒီလိုဖြစ်နေတဲ့ စစ်အစိုးရကို ကြောက်နေရမှာတဲ့လား။ လျှော့မတွက်နဲ့၊ အထင်မသေးနဲ့။ ဒါပေမယ့် လုပ်စရာရှိတာ ဇောက်ချလုပ်ဖို့ပဲ။ အချိန်မရှိဘူး။ ❖

ပါကမ်တောင်ကြား – မှ ...

ရှုံသာမက အဲလိုဖြစ်ရတာဟာ ဒေါ်စုကြောင့်လို့၊ ဒီနေ့ထိ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေနှောင့်နှေးနေရတာဟာ NLD ကြောင့်လို့၊ ဗီယင်ကျန်းမှာ နအဖဝန်ကြီးချုပ်သစ်က ပြောဆိုလိုက်ပါတယ်။ တပြိုင်နက်တည်းမှာ ဒေါ်စုကို အကျယ်ချုပ် တနှစ်တိုးလိုက်ပြီး။

'လွှတ်ထားရင်လည်း NC နဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဒုက္ခပေးနိုင်တယ်၊ ဒါကြောင့် လွှတ်ပေးလို့မရဘူး'လို့ စစ်အုပ်စုထိပ်သီး ဗိုလ်သန်းရွှေက ပြောဆိုလိုက်ပြန်တယ်။ အထက်က မီးစိမ်းပြလိုက်တာနဲ့ အဆင့်ဆင့် တင်းကြပ်လိုက်ကြတာ ....။ ဒီနေ့ဆိုရင် ဒေါ်စုရဲ့လုံခြုံရေးအခြေအနေဟာ စိုးရိမ်စရာ အင်မတန်ကောင်းတဲ့ အခြေအနေကို ရောက်နေပါပြီ။

ဒါဟာ .... NLD, CRPP တို့ရဲ့ လုံခြုံရေးလည်း အနေနဲ့အမြန် စိုးရိမ်စရာ အခြေအနေကို ရောက်လာတော့မယ်လို့ ခြိမ်းခြောက်နေတာလည်း ဖြစ်ပါတယ်။

(၉)

ဒီဇင်ဘာ ၂ ရက်နေ့မှာ ဗိုလ်သန်းရွှေထံ NLD ဥက္ကဋ္ဌမှ တွေ့ဆုံဆွေးနွေးရေးကို ကမ်းလှမ်းတဲ့ စာတစောင်ပေးပို့ထားပါတယ်။ ဒါကို ဗိုလ်သန်းရွှေက ဒေါ်စုကိုပိုပြီး တင်းကြပ်ပြလိုက်တဲ့နည်းနဲ့ စာပြန်လိုက်ပြီလား။

ဒီဇင်ဘာ ၁၆ ရက်နေ့မှာ NLD က ကြေညာချက်တစောင်ထုတ်ပြန်ပြီး စစ်အုပ်စုရဲ့လုပ်ရပ်ကို ဆန့်ကျင်ခဲ့ပြန်တယ်။ ပြည်တွင်းပြည်ပ အင်အားစုအသီးသီးကလည်း ဒေါ်စုရဲ့လုံခြုံရေးကိုစိုးရိမ်ကြောင်း ဖော်ပြကြ၊ နအဖရဲ့လုပ်ရပ်ကို ရှုတ်ချကြ၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို တောင်းဆိုကြ၊ NLD ရဲ့ တရားဝင်တည်ရှိလှုပ်ရှားခွင့်နှင့် ဒေါ်စုလုံခြုံရေးအတွက် ပိုပြီးတက်ကြွစွာ ဝန်းရံပေးကြဖို့ လူထုကြီးကို မေတ္တာရပ်ခံကြတဲ့ စာတွေ၊ သဘောထားတွေ ထုတ်ပြန်ခဲ့ကြပါတယ်။

(၁၀)

တနင်္ဂနွေနေ့ (၁၉၊ ၁၂၊ ၂၀၀၄) မှာတော့ CRPP အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်ရဲ့သဘောထား ထွက်လာခဲ့ပါတယ်။

'နအဖ စစ်အစိုးရက NLDနဲ့ တွေ့ဆုံဆွေးနွေးဖို့လိုတယ်၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းအားလုံးနဲ့ တွေ့ဆုံဆွေးနွေးဖို့လိုတယ်၊ အင်အားစုအားလုံးပါဝင်ပြီး တန်းတူရည်တူ လွတ်လွတ်လပ်လပ်ဆွေးနွေးအဖြေရှာဖို့လိုတယ်။ အဲဒါတွေကို လုံးဝ မလုပ်ရင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို နအဖက လုံးဝ ပစ်ပယ်ထားမယ်ဆိုရင် CRPP အနေနဲ့ လူထုက ယုံကြည်စွာအပ်နှံထားတဲ့လုပ်ပိုင်ခွင့်ကိုသုံးပြီး လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ကိုင်ဆောင်ရွက်ရတော့မှာဖြစ်ပါတယ်'လို့ သဘောထားထုတ်ပြန်လိုက်ပါပြီ။ ဒါဟာ လူထုရဲ့အသံအစစ် အမှန်ပဲဖြစ်ပါတယ်။

လူထုရဲ့ အသံကို လူထုကမဲပေးလိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လူထုကိုယ်စား ပြောဆိုလိုက်တာဖြစ်ပါတယ်။

ဒါကို ကျနော်ထောက်ခံတယ်။ လူထုကြီးဟာ ဘယ်လိုတန်ခိုးရှင်က တားဆီးထားတာကိုမှ ငုံ့ခံနေမှာ မဟုတ်ဘူး။

ပါကမ်တောင်ကြားက စစ်အုပ်စုက ပါကမ်ကုန်းမြင့်ပေါ်က သစ်ပင်မြက်ပင်တွေကို ရန်သူ့တပ်သားထင်ပြီး ရမ်းကားချင်တိုင်း ရမ်းကားနေသည့်တိုင် ....

နောက်ဆုံးတနေ့မှာ လူထုကြီးဟာ ကိုယ့်လမ်းကိုယ်ထွင်ပြီး သူတို့လိုချင်တဲ့ ဒီမိုကရေစီပန်းတိုင်အရောက် ချီတက်သွားကြမယ်ဆိုတာ အလွန်သေချာနေပါတယ်။❖

ဇွန်မှိုင်း
၂၀၊ ၁၂၊ ၂၀၀၄။

### အလွမ်းကဗျာ အလွမ်းစာ – မှ ...

ကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီ မဟုတ်ပါလား။ မိသားစုဘ၀ ရှင်ကွဲကွဲရာက သေကွဲကွဲသွားရပြီ မဟုတ်ပါလား။ ပျော်ရွှင်ချမ်းမြေ့ခဲ့တဲ့ သိုက်မြိုကလေး မျှော်လင့်ချက်မဲ့စွာ ပျက်စီးသွားခဲ့ပြီပေ့ါ ....။

ဆရာမောင်သော်ကဟာ တိုင်းပြည်မှာ အရေးကြုံတဲ့အခါ တာ၀န်သိတဲ့ နိုင်ငံသား တဦးပီသစွာ အမှန်တရားဘက်က၊ ပြည်သူ့ဘက်က ရဲ၀န့်စွာရပ်တည်ခဲ့သူဖြစ်တယ်။ မြန်မာစာရေးဆရာမတယောက်က ဆရာမောင်သော်ကဟာ လောကကို အကောင်းမြင်တတ်သူဖြစ်တယ်၊ အဆိုးတွေကို ဟားတိုက်သရော်ပြီး စိတ်ဖြေတတ်သူတယောက် ဖြစ်တယ်လို့ မှတ်ချက်ပေးခဲ့တယ်။ ဆရာက ဟာသရှိသူဖြစ်လို့ သရော်စာတွေရေးရာမှာ ပီပြင်ထိမိတယ်။ မြန်မာစာပေလောကအသိုင်းအ၀ိုင်းက ဆရာ့ကို သရော်စာအရေးကောင်းသူအဖြစ် အသိအမှတ်ပြုထားကြတယ်။

၁၉၉၁ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှာ ဆရာမောင်သော်ကဟာ စစ်အစိုးရရဲ့ အကျဉ်းထောင်အတွင်းမှာ အစားဆင်းရဲ၊ အနေဆင်းရဲ၊ ဆေး၀ါးကုသခွင့်အလုံအလောက်မရခဲ့လို့ နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါပြီ။ အစ္စလာမ်ဘာသာရေးထုံးစံအရ နေ့တွင်းချင်းပဲ သင်္ဂြိုဟ်လိုက်တယ်။ ဆရာကွယ်လွန်ချိန်မှာ ဆရာ့မျိုးဆက် သားသမီး ၅ ဦး ကျန်ရစ်ပါတယ်။ ဆရာကွယ်လွန်တဲ့ နှစ်ပတ်လည် ၁၃ ကြိမ်ပြည့်ခဲ့ပါပြီ။ ဆရာကွယ်လွန်တဲ့နေရာဟာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင် (၁၉၈၈ က ဆရာတို့ရဲ့သပိတ်စခန်းအနီး)မှာ ကွယ်လွန်ခဲ့တာဖြစ်ပါတယ်။ ဆရာသာ ဆက်လက်အသက်ရှင်နေဦးမယ်ဆိုရင် စာပေတာ၀န်တွေ၊ တိုင်းပြည်အကျိုးပြုစာကောင်းပေမွန်တွေကို ဆက်ပြီးရေးသားနေမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီကို လိုလားချစ်မြတ်နိုးသူ မြန်မာပြည်သူတွေဟာ အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံသွားသူ စာရေးဆရာမောင်သော်ကကို အမှတ်ရအလွမ်းပန်း၀ေနေကြမှာဖြစ်ပါတယ်။

❖

# ရန်ကုန်မြို့လည်ခေါင်နှင့် ပြည်နယ်များတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့

နို၀င်ဘာလအတွင်းက ရန်ကုန်မြို့လည်ပန်းဆိုးတန်းလမ်းရှိ ခရိုင်တရားရုံးရှေ့ အပါအ၀င် ပြည်နယ်ကြီးနှစ်ခုတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည့်အတွက် လူ(၃)ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

နို၀င်ဘာ(၁၈)ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးရှေ့တွင် ဗုံးတလုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။ အဆိုပါရုံးတွင် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊ လသာမြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့ပူးတွဲထားသဖြင့် လူ၀င်လူထွက်များသောရုံးဖြစ်ရာ ဗုံးပေါက်ကွဲချိန်သည် နံနက်စောစောပိုင်းဖြစ်သည့်အတွက် ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ဟုဆိုသည်။ ထိုပေါက်ကွဲမှုသည် ယခင်နအဖ ၀န်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အဖမ်းခံရသည့် တလပြည့်နေ့နှင့်တိုက်ဆိုင်နေရာ လက်ရှိအာဏာယူထားသည့် ဗိုလ်ချုပ်ကြီးများက ဗိုလ်ချုပ်ခင်ညွန့်နှင့် ထောက်လှမ်းရေးအဖွဲ့အပေါ် စွဲချက်တင်ရန် တမင်ဖန်တီးလုပ်ဆောင်ခြင်းဖြစ်နိုင်ကြောင်း နိုင်ငံရေးသုံးသပ်သူ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ သုတေသနမှူး ဦးဌေးအောင်က ဆိုသည်။

၎င်းက ယခုပေါက်ကွဲမှုတွင် လက်သည်ကိုအတိအကျပြောရန်ခဲယဉ်းကြောင်း၊ နအဖခေတ်တွင် မကြာခဏ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ ကြည့်မြင်တိုင်ဆိပ်ကမ်း ရေတပ်သင်္ဘောများ ဒုံးကျည်နှင့်အပစ်ခံရမှု၊ ယခင်န၀တ အတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီးတင်ဦး၏နေအိမ်တွင်း ဗုံးပေါက်ကွဲမှုနှင့် ကမ္ဘာအေးဘုရားဗုံးပေါက်ကွဲမှုများကို ယခုအချိန်အထိ တရားခံ မဖော်နိုင်သေးကြောင်း၊ အလားတူ မလေးရှား၊ ဖိလစ်ပိုင်တို့ရှိ မြန်မာသံရုံးများကို စာတိုက်ဗုံးများပို့ခဲ့မှုများလည်း လက်သည်ရှာမရဖြစ်နေသေးကြောင်း ထောက်ပြပြောဆိုခဲ့သည်။

၎င်းကဆက်လက်ပြောကြားရာတွင် ထိုပေါက်ကွဲမှုများမှာ န၀တ–နအဖခေတ်တွင် စစ်အုပ်စုအတွင်း တယောက်နှင့်တယောက် လှည့်ရှုဖြစ်နေသည့်ကိစ္စများအဖြစ်သာ ယူဆနိုင်ကြောင်းပြောကြားသွားပြီး စစ်အာဏာရှင်စနစ်ပျက်သုဉ်းရေး တိုက်ပွဲ၀င်နေကြသည့် လက်နက်ကိုင်အဖွဲ့များမှာ ထိုသို့ ပြုလုပ်လေ့မရှိကြောင်း အသံလွှင့်ဌာနတခုနှင့်ဆက်သွယ်မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

❖

### ဒေါက်တာစိန်၀င်း အင်တာဗျူး – မှ ...

ဖြင့်သာ ၂၀၀၆ ခုနှစ်မှာ နအဖအနေနဲ့ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပရမယ့် အရှေ့တောင်အာရှနိုင်ငံများအသင်း အစည်းအ၀េးကို ဂုဏ်သိက္ခာရှိရှိနဲ့ကျင်းပသွားဘို့ ကျနော်အနေနဲ့ အလေးအနက်တိုက်တွန်းလိုက်ပါတယ်။

**မေး။ ။ NCGUB ရဲ့ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး အနည်းငယ်မျှရှင်းပြပေးပါ**

ဖြေ။ ။ NCGUB အနေနဲ့ သက္ကရာဇ် (၂၀၀၀) ခုနှစ်ကစတင်ပြီး မြန်မာနိုင်ငံအမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ဒီမိုကရေစီအင်အားစုတွေနဲ့ နအဖတို့အကြား လေးနက်တဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲတွေကနေတဆင့် စစ်မှန်တဲ့ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေပါ တန်းတူညီမျှ ပါ၀င်ဆွေးနွေးအဖြေရှာနိုင်ကြမယ့် သုံးပွင့်ဆိုင် မျက်နှာစုံညီတွေ့ ဆုံဆွေးနွေးပွဲတွေ ပေါ်ပေါက်လာရေးအတွက် ပြည်တွင်းနဲ့နိုင်ငံတကာမှာ အခြေအနေကောင်းတွေ ဖြစ်ပေါ်လာအောင် နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်သွားရေးကို အဓိကလုပ်ငန်းစဉ်အဖြစ် ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့အထိလည်း ဒီလုပ်ငန်းစဉ်အတိုင်းဘဲ ဆက်လက်ကြိုးပမ်းလျက်ရှိပါတယ်။

**မေး။ ။ နယ်စပ်မှာရှိတဲ့ အထူးသဖြင့် NCGUB တပ်ပေါင်းစုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဘယ်လိုရှိပါသလဲ။**

ဖြေ။ ။ လက်ရှိ NCGUB နဲ့ NCUBတပ်ပေါင်းစုတို့အကြားမှာ နိုင်ငံရေးအရရော၊ လုပ်ငန်းအရပါ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုတွေရှိနေပါတယ်။ ဥပမာအားဖြင့် NCGUB ၀န်ကြီးချုပ်ဟာ တပ်ပေါင်းစုရဲ့ သဘာပတိအဖွဲ့၀င်ဖြစ်သလို၊ တပ်ပေါင်းစုရဲ့ အထွေထွေအတွင်းရေးမှူးဟာ NCGUB မဟာဗျူဟာရေးဆွဲရေးကော်မတီအဖွဲ့၀င်တဦးဖြစ်ပါတယ်။ လုပ်ငန်းပိုင်းအရ NCGUB ပြည်တွင်းလုပ်ငန်းတာ၀န်ခံအနေနဲ့ တပ်ပေါင်းစုရဲ့ ပြည်တွင်းလုပ်ငန်းကော်မတီမှာ အဖွဲ့၀င်တဦးအဖြစ် တာ၀န်ထမ်းဆောင်သလို NCGUB ဖက်ဒရယ်ရေးရာ၀န်ကြီးအနေနဲ့လည်း တပ်ပေါင်းစုရဲ့ ဖက်ဒရယ်ရေးရာကော်မတီလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ပါတယ်။ တချိန်တည်းမှာပဲ တပ်ပေါင်းစု နိုင်ငံခြားရေးကော်မတီနဲ့ NCGUB နိုင်ငံခြားရေးကော်မတီတို့ အကြားမှာလည်း ဒေသတွင်းနဲ့ နိုင်ငံတကာလှုပ်ရှားမှုတွေနဲ့ပတ်သက်လို့ ညှိနှိုင်းဆောင်ရွက်မှုတွေ အမြဲပဲရှိနေပါတယ်။

မေး။ ။ ယနေ့ကာလ မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် နိုင်ငံတကာက ပိုမိုအာရုံစိုက်လာအောင် ၀န်ကြီးချုပ်တို့ကြိုပမ်းနေမှုကို ပြောပြနိုင်သရွေ့ပြောပြပေးပါ။

ဖြေ။ ။ ကျနော့်အနေနဲ့ NCGUB နိုင်ငံခြားရေးကော်မတီရဲ့ ဥက္ကဋ္ဌအနေနဲ့ရော ၀န်ကြီးချုပ်အနေနဲ့ပါ နိုင်ငံခြားအစိုးရတွေနဲ့ အထူးသဖြင့် သက်ဆိုင်ရာနိုင်ငံခြားရေး၀န်ကြီးဌာနအကြီးအကဲတွေ၊ ပါလီမန်ခေါင်းဆောင်တွေ၊ နိုင်ငံရေး ပါတီခေါင်းဆောင်တွေနဲ့ လိုအပ်သလို သွားရောက်တွေ့ဆုံဆွေးနွေးတင်ပြတာမျိုး၊ စာနဲ့ရေးသားတာမျိုးတွေကို လုပ်ပါတယ်။ တခါတရံ ကော်မတီ၀င်တွေအနေနဲ့ သက်ဆိုင်ရာကြားနာစစ်ဆေးပွဲတွေမှာ အခြေအနေအရပ်ရပ်ကို ပြုစုအစီရင်ခံတင်ပြတာမျိုးတွေလည်းလုပ်ပါတယ်။ နယူးယောက်အခြေစိုက် NCGUBရဲ့ Burma UN Service Office ကတော့ UN Secretariat တို့အထူးသဖြင့် နိုင်ငံရေးဌာနအကြီးအကဲတွေ၊ ကုလသမဂ္ဂအဖွဲ့၀င် နိုင်ငံတွေက ကိုယ်စားလှယ်အဖွဲ့တွေနဲ့ အမြဲတမ်းဆက်သွယ်ဆောင်ရွက်တာတွေ လုပ်ပါတယ်။ နှစ်စဉ် ကုလသဂ္ဂအထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကော်မရှင် အစည်းအ၀ေးတွေ မတိုင်ခင် တလလောက်ကြိုတင်ပြီး ကိုယ်စားလှယ်အဖွဲ့တွေလွှတ်ပြီး မြန်မာပြည်နဲ့ ပတ်သက်တဲ့ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်အောင် စည်းရုံးလှုံ့ဆော်မှုတွေ လုပ်တယ်။

မြန်မာပြည်အရေးကို စိတ်၀င်စားတဲ့ ထောက်ခံအားပေးကြတဲ့ နိုင်ငံတကာက အစိုးရဌာနတွေ၊ ပေါ်လစီရေးဆွဲသူတွေ (Policy Makers)၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးအတွက် အကူအညီပေးနိုင်တဲ့ ပေးနေကြတဲ့ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဆီကို မြန်မာပြည်မှာ ထူးခြားတဲ့ ဖြစ်ပေါ်တိုးတက်မှုတွေဖြစ်လာတိုင်းမှာ သေသေချာချာ လေ့လာသုံးသပ်ပြီး NCGUBသတင်းနဲ့ ပြန်ကြားရေးကော်မတီက News Desk အနေနဲ့ အမြဲတမ်းပေးပို့ပါတယ်။ နိုင်ငံတကာနယ်ပယ်မှာ ဩဇာကြီးမားတဲ့ ဥရောပနိုင်ငံများသမဂ္ဂတို့ရဲ့ အရေးပါတဲ့အစည်းအ၀ေးတွေရှိတိုင်း စာနဲ့သော်လည်းကောင်း၊ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ပြီးတော့သော်လည်းကောင်း တင်ပြတာတွေလည်း ပုံမှန်လုပ်ပါတယ်။ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး၀န်ကြီးဌာနနဲ့ကတော့ အမြဲလိုလို အဆက်အသွယ်ရှိပါတယ်။ ဒီလိုနည်းတွေနဲ့ ကျနော်တို့စည်းရုံးလှုပ်ရှားနေတာဖြစ်ပါတယ်။

**မေး။ ။ ယနေ့လို NCGUBရဲ့ (၁၄)နှစ်မြောက်အခါသမယမှာ ပြည်သူလူထုကြီးကို ၀န်ကြီးချုပ်အနေနဲ့ ဘာများ မှာကြားလိုပါသလဲ။**

ဖြေ။ ။ NCGUBဟာ မြန်မာပြည်သူအများစုကြီးတခဲနက် အုံကြွပါ၀င်ခဲ့ကြတဲ့ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အကျိုးဆက်တခုဖြစ်တဲ့ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလာဒ်တွေကိုအခြေခံပြီး ပေါက်ပေါက်လာတဲ့ လူထုလှုပ်ရှားမှုကြီးရဲ့ အသီးအပွင့်တခုဖြစ်တာနဲ့အညီ မိဘပြည်သူတွေရဲ့ စွမ်းအားကို အပြည့်အ၀လေးစားတန်ဖိုးထားသလို တကယ်တမ်း ပြင်းပြတဲ့ ပြည်သူတွေရဲ့ လိုလားမှုဆန္ဒမှန်ရင် ဘယ်လိုအာဏာရှင်တွေ၊ အစိုးရတွေကမှ ရပ်တန့်တားဆီးလို့မရနိုင်ဘူးဆိုတာကိုလည်း အလေးအနက်ယုံကြည်တယ်။

ဒီတော့ ဒီကနေ့မှာ ကျနော်လေးစားတဲ့ မိဘပြည်သူတွေကို အလေးအနက် ပြောချင်တာကတော့ ဖန်တီးထားတဲ့အခက်အခဲ အကျပ်အတည်းတွေ၊ ဖိနှိပ်ခြိမ်းခြောက် ဟိန်းဟောက်မှုတွေ ဘယ်လောက်ပဲ များများနအဖအပါအ၀င် အာဏာရှင်တွေအကြောက်ဆုံးဟာ စုစည်းတဲ့ ပြည်သူ့စွမ်းအားပဲဖြစ်တာနဲ့အညီ ကိုယ့်စွမ်းအားကိုယ်ယုံကြည်ပါ။ ဒီမိုကရေစီအခြေခံအပေါ်မှာ ထက်မြက်မှန်ကန်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဖက်ဖက်က အနစ်နာခံ ဦးဆောင်မှုနောက်မှာ သတ္တိရှိရှိ ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးနဲ့ မားမားမတ်မတ်ရပ်ကြပါ။။ တိုင်းရင်းသားလူမျိုးစုံ မြန်မာပြည်သူအများစုကြီးမှာ မှန်တာကိုပြောရဲလုပ်ရဲတဲ့သတ္တိတွေရှိလာပြီး မဟုတ်မမှန်တာတွေကို လုံး၀ လက်မခံတော့တဲ့ တနေ့မှာ ကျနော်တို့တိုင်းပြည်ဟာ စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်မယ်လို့ အလေးအနက် မှာကြားလိုက်ပါတယ်။❖

[redacted]

ပြောနေသေးတဲ့ တရုတ်နိုင်ငံတို့ရဲ့ အာရှည့ွန့်ပေါင်းအဖွဲ့ကြီးဟာ ဂျွန်၀င်လက်ယာ အမေရိကန် အနောက်ဥရောပတို့နဲ့ တသီးတခြား လှုပ်ရှားနေတာ တွေ့ရတယ်။

လက်၀ဲလက်ယာပိုင်းခြားမှု ရေ၀ေစည်းကြောင်းတွေ ပျက်ယွင်းမှုကို အကောင်းဆုံး သရုပ်ဖော်ချက်ကတော့ သမတဘုရှ်ရဲ့ နာမည်ကျော်စကားဖြစ်တဲ့ “ငါတို့ဘက်က နေမလား၊ ဒါမှမဟုတ် သူတို့ဘက်က နေမလား” (us or them) ဆိုတဲ့ စကားပါပဲ။ ဒီစကားကို ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ဒါဟာ မျက်မှောက်ကာလရဲ့ နိုင်ငံရေး–စီးပွားရေးစံသတ်မှတ်ချက်အသစ် ဖြစ်နေပါပြီ။

ဒီလို ၂၁ ရာစု အခြေအနေတွေအောက်မှာ ကျနော်တို့ ဗမာပြည်နိုင်ငံရေး အင်အားစုတွေကရော ဒိတ်အောက်နေတဲ့ ခေါက်ရိုးကျိုး အယူအဆတွေနဲ့ လက်၀ဲလက်ယာတွေ ခွဲနေကြဦးမှာလား။ လက်ယာစစ်စစ် လက်၀ဲစစ်စစ်တွေ ဖြစ်ချင်နေသေးသလား။ ဘယ်လိုစည်းကြောင်းတွေနဲ့ ခွဲမယ်များ စိတ်ကူးသေးလဲ။ ကမ္ဘာမှာတောင် ခွဲမရတော့တာ၊ ခွဲလို့အရေးမပါတော့တာကို ခွဲနေချင်သေးရင်တော့ ဗမာပြည်စစ်အာဏာရှင်တွေ သက်ဆိုးရှည်ဖို့ကလွဲပြီး ဘာမှအလုပ်ဖြစ်မှာ မဟုတ်ပါဘူး။

လက်တွေ့မှာ စစ်အာဏာရှင် စနစ်ကို အပြီးအပိုင်ဖယ်ရှားပြီး ဗမာပြည်လူထုတရပ်လုံးက လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ် ခိုင်ခိုင်မာမာထူထောင်နိုင်ဖို့သာ အရေးအပါဆုံး ဖြစ်ပါတယ်။ သမတဘုရှ်လိုပဲ ကျနော်တို့လည်း “ပြည်သူလူထုဘက်နေမလား၊ ဒါမှမဟုတ် စစ်အုပ်စုဘက်နေမလား”ဆိုတဲ့ စံတခုတည်းနဲ့ပဲ ဗမာပြည်နိုင်ငံရေးကို ကြည့်မြင်ပိုင်းခြားဖို့ လိုပါတယ်။

ဂါမဏိ

Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

စာမျက်နှာဖွဲ့စည်းမှု
မောင်မောင်ဦး

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# (၈၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားများ အဲန်အယ်ဒီနှင့် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များမှ အသီးသီးကျင်းပ



(၈၄)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက ကြီးမှူးကျင်းပစဉ်။

၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ (၆) ရက်နေ့တွင်ကျရောက်သော (၈၄)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို အဲန်အလ်အယ်ဒီနှင့် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များမှ အသီးသီးကျင်းပခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ (၆) ရက်နေ့၊ နံနက်၈ နာရီတွင် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များအဖွဲ့ဝင်တဦးဖြစ်သူ သခင်သိန်းဖေနေအိမ်ရှိရာ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းတွင်ကျင်းပရာ အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အဖွဲ့ဝင်များအပါအဝင်လူအင်အား (၅၀၀)ခန့် တက်ရောက်ကြောင်း သိရှိရသည်၊ အခမ်းအနားစင်မြင့်တဖက်တချက်၌ "နောင်လာနောင်သားကောင်းစားဖို့ ဒို့ကိုယ်ကျိုး လုံးလုံးမပါ" ဟူသော စာတမ်းကို ချိတ်ဆွဲထားသည်ဟုဆိုသည်။ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အဖွဲ့ဝင်တဦးက အာဏာပိုင်များမှ မလုပ်ဖို့တားမြစ်ကြောင်း၊ မိမိတို့မှ လုပ်မယ်မလုပ်ဘူးမပြောခဲ့ဘဲ လုပ်သင့်သည်ဟုယူဆ၍ ယခုလို အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ယင်းအခမ်းအနားတွင် အချိန်အတန်ကြာလူမြင်ကွင်းမှ ပျောက်ကွယ်နေသည့် ထောက်လှမ်းရေးအဖွဲ့ဝင်များလာရောက်စုံစမ်း ထောက်လှမ်းကြသည်ကို တွေ့မြင်နေရသည်။ အထူးသဖြင့် ထောက်လှမ်းရေးအဖွဲ့ဝင် ခွေးဘီလူးခေါ် တင်မောင်လတ်မှာ ကင်မရာတလုံးဖြင့် အဖွဲ့ချုပ်လူကြီးများစိတ်အနှောက်အယှက် ဖြစ်လောက်သည့် အခြေအနေမျိုးအထိ ဝင်ရောက်နှောက်ယှက်ကြောင်းသိရှိရသည်။

နေ့လည် ၁၁နာရီတွင် အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်များ၊ အမျိုးသမီးအဖွဲ့ဝင်များ စုစည်း



(၈၄)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ တက်ရောက်လာသူများကို တွေ့မြင်ရစဉ်

၍ ရွှေတိဂုံဘုရားပေါ်ရှိ အမျိုးသားနေ့အထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက်ဂါရဝပြုကြသည်ဟုဆိုသည်။ နေ့လည် ၁နာရီမှစ၍ ရွှေဂုံတိုင်၊ အုတ်လမ်း အဲန်အယ်လ်ဒီတိုင်းရုံးတွင်ကျင်းပသော အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ အဲန်အယ်လ်ဒီ CEC များ၊ တိုင်းစည်းများနှင့် အဖွဲ့ဝင်အင်အား (၄၀၀)ခန့် တက်ရောက်ကြပြီး ညနေ ၄း၃၀နာရီတွင် အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။ အဲန်အယ်လ်ဒီမှ အချက် (၅)ချက်ပါ (၈၄)ကြိမ်မြောက်အမျိုးသားနေ့အောင်ပွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ တိုင်းပြည်၏အခြေအနေနှင့်ပတ်သက်၍ "အမျိုးသားဂုဏ်သိက္ခာသည် ကမ္ဘာ့အလယ်တွင် အထူးပင်နိမ့်ကျနေသည်"ဟု သုံးသပ်ထားသည်။ ထို့အပြင် ကျောင်းသားသပိတ်မှ ပြသခဲ့သော ညီညွတ်မှု၊ သွေးစည်းမှု၊ စည်းကမ်းရှိမှုများကို သင်ခန်းစာယူ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမြန်ဆုံးတည်ဆောက်ကြပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ တည်ဆောက်ရန် ဖော်ပြထားသည်။

(၈၄) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များသည် (၄)မျက်နှာပါ သဘောထားနှင့် မေတ္တာရပ်ခံလွှာကို ထုတ်ပြန်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အဲန်အယ်လ်ဒီနှင့် တွေ့ဆုံဆွေးနွေးရေးကို မဖြစ်မနေဆောင်ရွက်ရန် နအဖဥက္ကဋ္ဌထံသို့ မေတ္တာရပ်ခံလျှက်၊ တဆက်တည်းမှာပင် နိုင်ငံရေးအကျဉ်းသားအားလုံးချွင်းချက်မရှိ လွှတ်ပေးရေး၊ ဒေါ်စုနှင့် ဦးတင်ဦးအား ချွင်းချက်မရှိလွှတ်ပေးရေး၊ အဲန်အယ်လ်ဒီရုံးခန်းများ ပြန်လည်ဖွင့်လှစ်ပေးရေးနှင့် လူမျိုးစု အင်အားစုပါတီအဖွဲ့အစည်းများနှင့် အဲန်အယ်လ်ဒီတို့၏ စည်းရုံးလှုပ်ရှားခွင့်များ ပြန်လည်ပေးအပ်ပါရန် နအဖသို့ ယင်းထုတ်ပြန်ကြေညာချက်တွင် တောင်းဆိုထားသည်။❖



(၈၄)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက ကြီးမှူးကျင်းပစဉ်။

**မိုးကြိုး**
**ပရိတ်သတ်များအတွက်**
**နှစ်သစ်ကူးအထူးလက်ဆောင်**
အမှတ် (၅၇)
အထူးထုတ်
အချပ်ပို (၈)
မျက်နှာပါသည်

# တပ်မှူးငယ်သင်တန်း အပတ်စဉ် (၃/ ၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနား ဒေါင်းခွင်တွင် ကျင်းပ



မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) ကျောင်းသားတပ်မတော်၏ တပ်မှူးငယ်သင်တန်း အပတ်စဉ် (၃/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပစဉ်

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) ကျောင်းသားတပ်မတော်၏ တပ်မှူးငယ်သင်တန်း အပတ်စဉ် (၃/၂၀၀၄ ) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာလ (၃၀)ရက်နေ့က ဒေါင်းခွင်တွင် ကျင်းပပြုလုပ်ခဲ့သည်။

တပ်တွင်းစွမ်းရည်မြှင့်တင်ရေးနှင့် တပ်တည်ဆောက်ရေး၊ အနာဂတ်အတွက် ခိုင်မာသော တော်လှန်ရေးမျိုးဆက်သစ်ခေါင်းဆောင်များပေါ်ထွန်းရေးတို့ကို ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၃ ခု၊ မာနယ်ပလောတွင် စတင်ခဲ့သည့်အချိန်မှစ၍ (၃)ကြိမ်မြောက်သင်တန်းလည်း ဖြစ်သည်။

အဆိုပါသင်တန်းများမှ အရာရှိငယ်စုစုပေါင်း ၂၀၀ ကျော်ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း မကဒတမှ တာဝန်ရှိသူတဦးက ပြောကြားသည်။

သင်တန်းကို မြန်မာပြည်တွင်းတနေရာရှိ မကဒတ စစ်ရုံးချုပ်နယ်မြေတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တပ်ရင်းမှူးငယ်(၃၈) ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလ (၃)လကြာမြင့်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် စာပေထူးချွန်ဆု၊ စစ်ရေးပြဆု၊ စံပြဆုနှင့် စွမ်းရည်အလိုက် သီးခြားထူးချွန်ဆုများ ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ မကဒတ တပ်ရင်းအသီးသီးမှ တပ်မှူးများ၊ မဟာမိတ်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သတင်းဌာနအချို့မှ သတင်းထောက်များတက်ရောက်ခဲ့ကြောင်း သိရသည်။❖

# နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အေအိုင်အဖွဲ့ကြီးတောင်းဆို

နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အေအိုင်က နအဖကို ဒီဇင်ဘာ(၇)ရက်နေ့က တောင်းဆိုလိုက်သည်။

စာမျက်နှာ (၁၄၈)မျက်နှာပါ အေအိုင်အဖွဲ့ကြီး၏အစီရင်ခံစာတွင် မြန်မာနိုင်ငံအနှံ့အပြား အကျဉ်းထောင်များရှိ အကျဉ်းကျခံနိုင်ငံရေးအကျဉ်းသားများ၏ အမည်၊ အသက်၊ နေရပ်၊ အဖွဲ့အစည်း၊ ဖမ်းဆီးခံရသည့်နေ့၊ ပုဒ်မ၊ ပြစ်ဒဏ်ချမှတ်ခံရသည့်နှစ်စသည့် အသေးစိတ်အချက်အလက်များကို ဓာတ်ပုံ များနှင့်တကွ ဖော်ပြထားပြီး ယင်းတို့သည် အခြေခံရပိုင်ခွင့်အရ လွတ်လပ်စွာပြောဆိုလှုပ်ရှားသူများသာဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုအစီရင်ခံစာတွင် ယခုနှစ်အတွင်း နိုင်ငံရေးအကျဉ်းသား(၅)ဦး သေဆုံးခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအနည်းဆုံး (၁၈)ဦးကို စစ်ဆေးခြင်းမရှိဘဲ အကျဉ်းချထားကြောင်း၊ အကျဉ်းထောင်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုကို ကုလသမဂ္ဂသို့ စာရေးသားပေးပို့ရန်ကြိုးပမ်းခဲ့သူ အနည်းဆုံး(၈)ဦးတို့ကိုလည်း ယခုအချိန်အထိ ထောင်ချထားဆဲဖြစ်ကြောင်း ဖော်ထုတ်ထားသည်။

ထိုအခြေအနေများကြောင့် အာဏာပိုင်များအနေဖြင့် ငြိမ်းချမ်းစွာ နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးထောင်ချခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းတို့ရပ်တန့်ရန်နှင့် ညှဉ်းပမ်းမှုများကို ဖော်ထုတ်အရေးယူရန်၊ အကျဉ်းထောင်အတွင်း သေဆုံးသူများကိစ္စစုံစမ်းဖော်ထုတ်ပေးရန်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်နှင့် အကျဉ်းထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားအရေးအတွက်ကို လူသိရှင်ကြားထုတ်ပြန်ကြေညာပေးရန်တို့ကို နအဖ စစ်အာဏာပိုင်များထံ အေအိုင်အဖွဲ့က တောင်းဆိုထားသည်။❖